
www.burmeseclassic.com

# မောင်သာချို

# အနာဂတ်ဝါကျများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လေးဝေါစာစဉ် (၁)

# အနာဂတ်ဝါကျများ

## မောင်သာချို

**လေးဝေါ စာပေ**
တိုက် ၁၆၊ အခန်း ၁၀၂၊
၉ လမ်း (အေ)၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** (၄၀၁၁၉၀၁၀၁၀)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** (၄၀၁၂၂၅၁၁၁၀)

■

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ [၂၀၁၁၊ မတ်လ]၊ အုပ်ရေ (၇၀၀)

■

**ထုတ်ဝေသူ**
ဦးနေမျိုး၊ နေမျိုးစာပဒေသာ
၁/သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပ။

■

**ပုံနှိပ်သူ**
ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊
မစိုးရိမ်လမ်း၊ ကံဘဲ့ (၁၁) ရပ်ကွက်၊ ရန်ကင်း။

■

**စာအုပ်ချုပ်**
ကိုမြင့်

■

**ဒီဇိုင်း**
m.s.o

■

**တန်ဖိုး**
**၁၅၀၀ ကျပ်**

၈၀၈.၈၄
**သာချို၊ မောင်**
အနာဂတ်ဝါကျများ / မောင်သာချို။ – ရန်ကုန်။
နေမျိုးစာပဒေသာစာပေ၊ ၂၀၁၀။
၁၁၉ – စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) အနာဂတ်ဝါကျများ။

## မာတိကာ


| | | |
|---|---|---|
| – | မောင်သာချို အတ္ထုပ္ပတ္တိ | ၆ |
| – | စာရေးသူ၏ စကား | ၉ |
| ၁။ | မိန်းမတွေ အမဲလိုက်တဲ့ခေတ် | ၁၁ |
| ၂။ | မြစ်ဝကျွန်းပေါ်မှာ မျက်ရည်မခြောက်သေးဘူး | ၁၄ |
| ၃။ | နောက်ကျောလုံတဲ့ လူ့အဖွဲ့အစည်း | ၂၀ |
| ၄။ | လူ့အဆက်ဆက် သမိုင်းအဆက်ဆက် တည်ဆောက်ရတဲ့ပုံရိပ် | ၂၄ |
| ၅။ | စိုက်ပျိုးသူအမည်မသိ စိုက်ပျိုးချိန်အမှတ်အသားမရှိ | ၂၉ |
| ၆။ | အနာဂတ်ဝါကျများ | ၃၃ |
| ၇။ | ဤကမ္ဘာကို ကျွန်ုပ်တို့ ဖျက်ဆီးခဲ့ကြသည် | ၃၇ |
| ၈။ | ပြန်လျော်ပေး လို့ဆိုသူတို့ရဲ့ကမ္ဘာ | ၄၂ |
| ၉။ | ကမ္ဘာကြီးကို လွှင့်မပစ်လိုက်ပါနဲ့ | ၄၅ |
| ၁၀။ | ဒေဝတာတို့ဥယျာဉ်က အဆင်သင့် မျက်ရည်စက်လက်ကလည်း အဆင်သင့် | ၄၉ |
| ၁၁။ | အလုပ်က လိုက်ရှာနေသည့်လူများ | ၅၃ |
| ၁၂။ | အနုနဲ့ပေါင်းထားတဲ့ ပညာ | ၅၇ |
| ၁၃။ | ဘယ်စာကို ဘယ်မှာသင်မတုံး | ၆၁ |
| ၁၄။ | ဒူးရင်းသီးကြီးတွေ ပြုတ်ကျလာပြီလား | ၆၄ |


www.burmeseclassic.com

www.burmeseclassic.com


၁၅။ အီးကျူ ၆၈
၁၆။ ဝါးဘလောက်သောက်မြစ်သေဆုံးခြင်း ၇၁
၁၇။ အရောင်းအဝယ်မဖြစ်သူတို့၏
ဈေးမ အမြတ်ကြီးများ ၇၅
၁၈။ မင်းနီနဲ့ အတားခံထားရတဲ့လူ ၇၉
၁၉။ ဆရာမောင်ထင်၏ ထားဝယ်လုံချည်နှင့်
လောကကိုလက်ပိုက်ကြည့်နေသည့် မျက်လုံးများ ၈၂
၂၀။ လဲနေတဲ့သစ်ပင် ၈၆
၂၁။ နေ့စဉ်ဘဝထဲက နောက်ထပ်ထဘီအသစ်များ ၉၀
၂၂။ မိတ်ဆွေရောင်းရင်းတွေလား
ခင်းထားတဲ့ဆိုင်တွေလား ၉၄
၂၃။ သည်လက်မျိုးကို ဘုရားသခင်ပေးပါစ ၉၈
၂၄။ 'လုံးဝ' လုံးဝ မပါကြေး ၁၀၁
၂၅။ နေစကြဝဠာတစ်ခုလုံးက ဝိုင်းဝန်းငေးမောကြစေ ၁၀၄
၂၆။ ကိုသိန်းတန် ကျောခိုင်းစွန့်ခွာခဲ့ရာ မြို့ကလေးသို့ ၁၀၇
၂၇။ မာသာထရီဆာရဲ့ ကရုဏာလမ်းများပေါ်မှာ ၁၁၁


## မောင်သာချို (၁၉၅၈– )

၁၉၅၈ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့၌ အဖ ကုန်သည် ဦးဝင်းသိန်း + အမိ ဒေါ်တင်တို့မှ မွေးဖွားသည်။ အမည်ရင်း ညွန့်သောင်း။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ ငယ်စဉ်က ကွမ်းခြံကုန်းမြို့၊ သုံးခွရွာ မူလတန်းကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ လည်းကောင်း၊ အ.ထ.က (၁) ကွမ်းခြံကုန်းတွင် ပဉ္စမတန်းမှ ဆဋ္ဌမတန်းအထိ လည်းကောင်း၊ ရန်ကုန်မြို့ အ.လ.က (၁) မြောက်ဥက္ကလာပတွင် သတ္တမတန်းမှ အဋ္ဌမတန်းအထိ လည်းကောင်း၊ အ.ထ.က (၁) မြောက်ဥက္ကလာပတွင် နဝမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ဒေသကောလိပ်နှင့် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌ မြန်မာစာ အဓိကဘာသာဖြင့် ဆက်လက် ပညာသင်ကြား၍ B.A (မြန်မာစာ) ဘွဲ့ ရရှိသည်။ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် မြန်မာစာဌာန နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ရင်း လုပ်သားများကောလိပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်များတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ပညာရေးတက္ကသိုလ်တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

မောင်သာချိုသည် ၁၉၇၄ ခုနှစ် (၉) တန်း ကျောင်းသားဘဝမှာပင် သောင်းပြောင်းထွေလာ မဂ္ဂဇင်းတွင် 'ခေတ်သစ်မေတ္တာ' ကဗျာဖြင့် စာပေလောကသို့ စတင်ရောက်ရှိလာပြီး ၁၉၇၇၊ ၇၈ ခုနှစ်မှစ၍ ငွေတာရီ၊ မှုခင်း၊ မိုးဝေမဂ္ဂဇင်းများတွင် ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို (ချစ်ကိုယ်တွေ့)၊ ကဗျာများ ဆက်လက် ရေးသားသည်။ ၁၉၈၈ ခုနှစ်တွင် 'အိပ်မက်ဝေ' ရွှေစင် အယ်ဒီတာအဖြစ် ဆောင်ရွက်လျက် ယမုံ၊ နေစိမ့်၊ ခင်လွန်းတို့နှင့်အတူ ရသစုံမဂ္ဂဇင်းတစ်စောင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ နောက် အယ်ဒီတာ ဝင်းငြိမ်းဆွေ

www.burmeseclassic.com

ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင် 'ဂျက် ကွမ်းခြံကုန်း' ကလောင်ခွဲဖြင့် ဟာသနှင့် သရော်စာ ဆောင်းပါးများ စတင်ရေးသားသည်။ မင်္ဂလာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းများတွင်လည်း ဆက်လက်ရေးသားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် 'သမီးဖတ်ဖို့' ဆောင်းပါးများဖြင့် ဖြူးမိတ်ဆွေများ စာပေဆုကို လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် 'ဖျတ်ခနဲ တွေ့ရသည့် ကျွန်တော်တို့ရှေ့က ကြယ်တာရာများ' ဆောင်းပါးဖြင့် မန္တလေးစာဖတ်သူအကြိုက် စာပေဆုကို လည်းကောင်း၊ ၂၀၀၀ ခုနှစ်တွင် 'သမီးဖတ်ဖို့ ဆောင်းပါးများ' စာအုပ်ဖြင့် တောင်ငူ မော်ကွန်းသစ်စာပေဆုကို လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် 'လက်ာရလမ်း' စာအုပ်ဖြင့် ထန်းရိပ်ညိုစာပေဆုကို လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် 'သမီးဖတ်ဖို့ ဆောင်းပါးပေါင်းချုပ်' စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကို လည်းကောင်း အသီးသီး ချီးမြှင့်ခံရသည်။ ယခုအခါ မန္တလေး FM မှ သမီးဖတ်ဖို့ ဆောင်းပါးများနှင့် ချယ်ရီ FM ရှိ 'ဂျက်ကွမ်းခြံကုန်း' ၏ သရော်စာများကို အသံလွှင့်ခဲ့သည်။

ထုတ်ဝေပြီးသော စာအုပ်များမှာ 'သမီးဖတ်ဖို့၊ ပင်လယ်ဝသို့ လှေကလေးနဲ့ ထွက်ခဲ့၊ အိပ်မက်များ အနားမလာရ၊ လက်ာရလမ်း၊ နှလုံးသား ရှမ့်မျှော်ခင်းများ၊ မိုးပင်လယ်ပေါ် ကတ္တီပါရွက်လွှင့်၊ ဖျတ်ခနဲတွေ့ရသော ကျွန်တော်တို့ရှေ့က ကြယ်တာရာများ၊ စိမ်းလန်းသော မိသားစု၊ ကျေးဂျူးကမ္ဘာဆိုင်၊ ဥတ္တရလမင်းနှင့် မြောက်ဘက်တောင်ကုန်းပေါ်က မော်ရုံလမ်းများ' အစရှိသော စာအုပ်များနှင့် ဂျက် ကွမ်းခြံကုန်း ကလောင်ခွဲဖြင့် 'သပွတ်အူကျေးရွာမှ မမြင်ရသော ထံတရားများ၊ တို့တော့မယ်တဲ့ ဆိတ်တော့မယ်၊ ဂျာနယ်ထဲက ဂျက်၊ ရယ်လို့သာ မောကြပေတော့၊ လွမ်းလို့ရယ်တဲ့ မကုန်နိုင်တယ်၊ တုတ်ထိုးအိုးပေါက်၊ ဆင်တော်မှာ ခဲလောက်ကိုဆွဲပါလို့၊ မပြောကောင်းမဆိုကောင်း၊ လူကြားလို့ မကောင်းဘူး၊ ဂျက် ၅၀ စာအုပ်' များ ရေးသားထုတ်ဝေခဲ့ပါသည်။

မောင်သာချိုသည် မဂ္ဂဇင်းများအပြင် ဂျာနယ်များ (7 Day ဂျာနယ်၊ ဆော်ပြုလာဂျာနယ်၊ True ဂျာနယ်၊ Modern Time ဂျာနယ်များ) တွင် လည်း လူမှုရေးဆိုင်ရာ၊ ရုပ်ပုံလွှာများဆိုင်ရာ၊ စာပေအနုပညာရေးဆိုင်ရာ ဆောင်းပါးများနှင့်အတူ ကဗျာ၊ အက်ဆေး၊ ဝတ္ထုတိုများလည်း ရေးသားလျက်ရှိပြီး ဇနီး ဒေါ်ခင်သက်ဆွေ၊ သမီး မေတာရာမှူး၊ သား ခွန်တေဇတို့နှင့်အတူ မြောက်ဥက္ကလာပမြို့နယ်၊ (၈) ရပ်ကွက်၊ ဥက္ကာ (၆) လမ်း၊ အမှတ် (၁၇၃) နေအိမ်တွင် နေထိုင်လျက် ရှိသည်။

"လေးဝတီ" ဆိုတာ ရခိုင်ဒေသတစ်ခုလုံးကို ကိုယ်စားပြုတဲ့ ဝေါဟာရတွေထဲက တစ်ခုဖြစ်ပါတယ်။

ဓညဝတီ

ရမ္မာဝတီ

မေဃဝတီ

ဒွါရာဝတီ

ဒီဝတီလေးရပ်ကို "လေးဝတီ" ဆိုပြီး အဓိပ္ပာယ်လေးနက်တဲ့ အလင်္ကာထပ်တဲ့ ဝေါဟာရတစ်ခုအဖြစ် တန်ဖိုးထားလာခဲ့ကြတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ စကား

လူ့အဖွဲ့အစည်းတစ်ခု၊ တိုင်းပြည်တစ်ပြည် ကောင်းမြတ်ချွန်မွန်ကာ နေသာထိုင်သာရှိဖို့အတွက် လူတစ်ယောက်ချင်း၏ သဘောထား၊ စိတ်အဆင့်အတန်းနှင့် ဉာဏ်ပညာတို့အပေါ်၌ အခြေခံသည်ဟု ယုံကြည်မိပါသည်။ သည်ယုံကြည်မှုအတိုင်း စေတနာကို ရှေ့ဆောင်လျက် 7 Day News ဂျာနယ်မှာ ဆောင်းပါးပုဒ်ရေ တော်တော်များများကို ကျွန်တော် ရေးဖြစ်ခဲ့ပါသည်။

အခု သည်ဆောင်းပါးအများစုကိုအခြေခံကာ **ပိတောက်ပွင့်သစ်** မဂ္ဂဇင်းက ဆောင်းပါးတစ်ပုဒ်ကို ထပ်ရွေးချယ်လျက် စာအုပ်အဖြစ် စီစဉ်လိုက်ခြင်း ဖြစ်ပါသည်။ ဤစာအုပ်နှင့် ပတ်သက်၍ 7 Day News ဂျာနယ် ဝိုင်းတော်သားများ၊ ပိတောက်ပွင့်သစ် မဂ္ဂဇင်း၊ စာအုပ်ဖြစ်အောင် စီစဉ်သူ စာရေးဆရာကိုလေးကိုတင်နှင့် လေးဝတီ စာပေတိုက်ကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ကျွန်တော့် စာဖတ်ပရိသတ်များ၏ ကျေးဇူးတရားကိုလည်း ရင်ထဲမှာ အမြဲထာဝရ အသိအမှတ်ပြု တန်ဖိုးထားလျက် ရှိပါသည်။

မောင်သာချို
[၁၆၊ နိုဝင်ဘာလ၊ ၂၀၁၀]
ရန်ကုန်မြို့။

## မိန်းမတွေ အမဲလိုက်တဲ့ခေတ်

### (တစ်)

လပွတ္တာမြို့မှာ ကျူရှင်ဆရာတစ်ယောက် ရှိပါသည်။ သူက စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းတစ်ယောက်။ သို့သော် (B.E) ဘွဲ့ကို သူမရ။ နှစ်တော်တော်ကြီးခါမှ ကျောင်းနှင့်ဝေးသွားခဲ့ရပြီး နောက်တော့မှ စာပေးစာယူဖြင့် သိပ္ပံဘွဲ့ကို ရပါသည်။ သည်တော့ သူ့အသက်မွေးဝမ်းကျောင်းက အင်္ဂလိပ်စာ၊ သင်္ချာဆရာ။ ပြီးတော့ စိတ်ပါလျှင် စာရေး။ ဘာသာပြန်။

တစ်ခါမှာတော့ ချမ်းသာပြည့်စုံသည့် မိသားစုထဲက သမီးကလေးတစ်ယောက်ကို သူ စာသင်ပေးရသည်။ အင်္ဂလိပ်စာသင်ရင်းက Widow ဟုသည့် စကားလုံး ပါဝင်လာရာ သူက 'မုဆိုးမ' ဟူသည့်အနက်ကိုပေးပြီး ကလေး၏ မျက်လုံးကို အကဲခတ်လိုက်ရာ သံသယနည်းနည်း ဖြစ်မိသောကြောင့် သမီး 'မုဆိုးမ' ကို သိတယ်နော်ဟု မေးလိုက်သည်။ ဆယ်တန်းကျောင်းသူမက သိပါတယ်ဆရာဟု ဆိုသော်လည်း သူ မယုံသဖြင့် ကဲ... ပြောပါဦး 'မုဆိုးမ' ဆိုတာ ဘာလဲဟု မေးခွန်းထုတ်လိုက်ပါသည်။ ကလေးမ ဖြေသည်ကလည်း သူမ ယုံကြည်မိတာကို ထောက်ခံသည့်အဖြေပဲ ဖြစ်ပါသည်။

**မိန်းမတွေ အမဲလိုက်တာပေါ့ဆရာ** ဟူ၏။

သူသာမက လပွတ္တာရောက်ညှော်သည် ကျွန်တော်ပါ 'ဟာ' ဟု၍ အာမေဍိတ်ပြုခဲ့မိသည်မှာ အမှန်ပဲဖြစ်ပါသည်။ မုဆိုးဆိုတာက အမဲလိုက်သည့် ယောက်ျား။ သည်တော့ မုဆိုးမဆိုသည်က အမဲလိုက်သည့် မိန်းမ။ ကလေး၏ အတွေး။ မုဆိုးမဟူသည် လင်ယောက်ျား သေဆုံးသွားသည့် မိန်းမဟူ၍

www.burmeseclassic.com

www.burmeseclassic.com



မသိရှာသော ဒီသမီးငယ်ကို ကျွန်တော် အပြစ်မတင်ပါ။ အထင်လည်း မသေးပါ။ လူ့အဖွဲ့အစည်းနှင့် ထိတွေ့ဆက်စပ်နေအောင် မထားသော သူ့မိသူ့ဖကိုသာ ကျွန်တော် အပြစ်ဆိုချင်၊ အထင်သေးချင်ပါသည်။

ဘာကြောင့် ကလေးကို လှောင်ပိတ်ထားချင်ရပါသနည်း။

## (နှစ်)

ကျွန်တော့်ကိုယ်တွေ့ ကြုံရဆုံရာကလေးများကို အနည်းအကျဉ်း တင်ပြလိုပါသည်။

တစ်ခါက သဒ္ဒါသင်ခန်းစာတစ်နေရာတွင် **'ကြက်ဆင်'** ဟူသော စကားလုံး ပါဝင်လာပါသည်။ သမီးငယ်တစ်ယောက်က ကြက်ဆင်ဆိုတာ ဘာကောင်လဲဟု မေးစဉ်က ကျွန်တော်က သိပ်မတုန်လှုပ်။ သုံးလေးနေရာ သုံးလေးယောက်က မေးလာတော့ ကျွန်တော် တကယ့်ကို တုန်လှုပ်သွားပါသည်။ ကြက်ဆင်ဆိုတာ ဒီကနေ့ကလေးတွေ မမြင်ဖူးလောက်အောင် ရှားပါးလွန်းလှသည့် သတ္တဝါတော့ မဟုတ်သေးဟု ကျွန်တော် ထင်ပါသည်။

နောက်တစ်ခါ ထပ်ကြုံရပြန်သည်က **'ဘုန်းကြီးပျံ'**။ ကျေးလက်နောက်ခံ စကားပြေ တစ်ပုဒ်ထဲက စကားလုံး။ ကလေးတချို့ နားလည်ထားသည်က ငှက်ပျံ၊ ဝက်ပျံ၊ ကျားပျံ၊ ဆင်ပျံတို့ကဲ့သို့ တန်ခိုးဖွမ်းအားတစ်ခုခုဖြင့် ကောင်းကင်မှာ ပျံသန်းနေသော ဘုန်းကြီးဟု နားလည်နေခြင်း ဖြစ်ပါသည်။ ဘုန်းတော်ကြီးတစ်ပါး၏ အန္တိမဈာပနဆိုသည်ကို သူတို့မသိ။

ဆဒ္ဒန်ဆင်မင်းဇာတ်ကို သင်ကြားနေစဉ် ဆင်တွေက စကားပြောတတ်သလား ဆရာဟူသည့် မေးခွန်းကို မေးခဲ့သည့် သမီးကလေးတစ်ယောက်ကို အခုထိ မမေ့နိုင်သေးပါ။

## (သုံး)

ဟိုတလောဆီက သတင်းတစ်ပုဒ်ထဲမှာ ကမ္ဘာကျော် ကွန်ပျူတာကုမ္ပဏီတစ်ခုဖြစ်သော ဂူဂဲလ် (Google) ကုမ္ပဏီ၏ C.E.O (အမှုဆောင်အရာရှိချုပ်) အခဲရစ်ရှာဗင်က အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားတစ်ခုတွင် ကျောင်းသားပေါင်း ၆၀၀၀ ကို မိန့်ခွန်းပြောရာ၌ သင့်ကွန်ပျူတာကို ပိတ်လိုက်ပါ။ ဒြပ်မဲ့ကမ္ဘာထဲကနေ ထွက်ခဲ့ပါ။ လူတွေနဲ့ ထိတွေ့ပါ စသော စကားများ ပါဝင်ရာ ကျွန်တော် ရင်ထဲကနေ လေးနက်စွာ ထောက်ခံမိပါသည်။



ကျွန်တော်တို့၏ မိဘတချို့က သားသမီးတွေကို အစားကောင်းကောင်းကျွေး၊ အဝတ်ကောင်းကောင်းပေး၊ လောကကြီးကို ရုပ်မြင်သံကြားနဲ့ ကွန်ပျူတာထဲကနေ ထိုင်ကြည့်နေရုံနှင့် လုံလောက်ပြီဟု ထင်နေကြခြင်းသည် တကယ့်မဟာအမှားပင် ဖြစ်ပါသည်။

**အကောင်းဆုံး စာသင်ကျောင်းဆိုသည်မှာ လူ့အဖွဲ့အစည်းပင်ဖြစ်ပြီး လူတွေနှင့် ထိတွေ့ခြင်းဖြင့် လောက၏ ကြွယ်ဝလှသော မာယာနှင့် ဝရိယာယ်များကိုပါ ထိတွေ့ဆက်စပ်ကာ အရာရာကို သင်ယူနိုင်ပါလိမ့်မည်။ နေ့စဉ် လူ့ဘဝနှင့် နည်းနည်းကလေး ထိစပ်လိုက်ရုံနှင့် ကြက်ဆင်ဆိုတာက ဘယ်လိုသတ္တဝါ၊ ဘုန်းကြီးပျံဆိုတာက ဘယ်လိုအခမ်းအနား၊ မုဆိုးမဆိုတာက ဘယ်လိုအမျိုးသမီးဆိုတာကို အလွယ်တကူ သိရှိနိုင်သည်ကို လူတိုင်း နားလည်သဘောပေါက်နိုင်ပါသည်။ ဘာဖြစ်လို့ မိဘတချို့က ဒါကို သတိလက်လွတ် ဖစ်ထားခဲ့ကြရတာလေလဲ။** ကိုယ့်သားသမီး လောကကို အိုးတိုးအတဖြစ်နေအောင် ကိုယ်ကိုယ်တိုင်က ဖန်တီးနေမိတယ် ဆိုတာကိုရော သတိချပ်မိပါစ။

မိန်းမတွေ အမဲလိုက်သောခေတ်သို့ မရောက်ဖို့က မိဘတိုင်း သတိထားအပ်သည့်ကိစ္စပဲ ဖြစ်ပါသည်။ ။

[ပေါ်ပြူလာ၊ ၇-၇-၂၀၀၉]

www.burmeseclassic.com

## မြစ်ဝကျွန်းပေါ်မှာ မျက်ရည်မခြောက်သေးဘူး

### (တစ်)

လွန်ခဲ့သည့် နေ့ရက်များအတွင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမ တစ်နေရာတွင် လူရွယ်တစ်ယောက်နှင့် ကျွန်တော် အမှတ်မထင် ဆုံပါသည်။ သူက မဟာဝိဇ္ဇာဘွဲ့ရ။ ပုသိမ်တက္ကသိုလ်က။ အခုလည်း ပုသိမ်တက္ကသိုလ်ဝင်း အတွင်းမှာပဲ နေထိုင်လျက်ရှိသူ။ ထို့ကြောင့် တက္ကသိုလ်ပညာရေး ခရီးတစ်ကြွ မှာ သူက ကျွန်တော့်တပည့် ဖြစ်ဖူးပါသည်။ ပြီးတော့ သူက ကဗျာဆရာ။ မထင်ရှားလှသော်လည်း မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ သူ့နေရာကလေးတွေ ရှိခဲ့ဖူးပါသည်။ အခု သူ့ကိုတွေ့လိုက်တော့ သူက NGO တစ်ခု၏ ဝန်ထမ်း အဖြစ် အစည်းအဝေးတက်ရန် ရန်ကုန်သို့ ရောက်လာခြင်းဖြစ်ပါသည်။ နာဂစ် (Nargic) မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များအတွက် အချက်အလက် (Data) တွေက သူ့အိတ်အနက်ကြီးထဲမှာ အပြည့်။

ကျွန်တော်က သူတို့အဖွဲ့ ကွင်းဆင်းကြရာ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ တစ်ဝိုက်က ဒေသခံလူတွေ၏ ခံစားချက်တွေ၊ နေ့စဉ် အသက်ရှင်မှုဘဝတွေ ကို အတတ်နိုင်ဆုံး အရုပ်နှင့်အသံ မှတ်တမ်းတင် သိမ်းဆည်းထားဖို့ သူ့ကို သတိပေးမိသည်။ သူက...

"လူအများစုက ပြန်မပြောချင်ကြဘူး ဆရာ၊ ဒါတွေ ဘာလို့ လာလာ မေးနေကြတာလဲတဲ့"

ဟုတ်ပါသည်။ သိန်းဂဏန်းရှိသည့် အသက်တွေ၊ ဘဝတွေကို အရက် စက်ဆုံး၊ အခါးသီးဆုံး၊ အပြင်းထန်ဆုံး နေ့ချင်းညချင်း မှောက်လှန် ပြောင်းဆန် အောင် ခြေမွပစ်လိုက်သည့် သောကပရိဒေဝအတိတ်ကို ဘယ်သူကမှ ပြန်မပြော



ချင်ကြဘူးဆိုသည်မှာ အမှန်ပဲ ဖြစ်ပါသည်။ သူတို့က နာဂစ်ဘီလူးကြီး၏ လက် ကြားလက်ကြားကနေ ကံကောင်းထောက်မစွာ ကြွင်းကျန်ခဲ့ရရှာသူများ မဟုတ် လား။ တစ်နာရီ မိုင် ၁၂၀ နှုန်း အတိတ်ကို သူတို့ ပြန်သတိမရချင်တော့။

သို့သော် ကျွန်တော်တို့က သဘာဝဘေးအန္တရာယ်မှ လွတ်ရာကင်းရာ ကျွန်တော်တို့ ပြည်သူလူထုက သတိမရတော့မှာ၊ မေ့မေ့ပျောက်ပျောက် ဖြစ် သွားတော့မှာ ဒါကိုတော့ ကျွန်တော် စိုးရိမ်ပါသည်။ မြစ်ဝကျွန်းပေါ်ရဲ့ ပါးပြင် ပေါ်က စီးဆင်းကျလာတဲ့ မျက်ရည်တွေက အခုထိ မခြောက်သေးဘူး မဟုတ် လား။ ဆားကွင်းတွေ၊ လယ်ကွင်းတွေ၊ ခရာဆူးချုံတွေ၊ ဓနိတောတွေကြားက ရိုက်သံတွေ အခုထိ ကြားနေရဆဲပါ။

### (နှစ်)

ကျွန်တော်တို့နှင့် မလှမ်းမကမ်း အိန္ဒိယသမုဒ္ဒရာထဲတွင် ဖြစ်ပေါ်လာ သည့် မုန်တိုင်းကို ဆိုင်ကလုန်း (Cyclone) ဟု အမည်ပေးထားပါသည်။ ဂရိ ဘာသာစကားကလာသည့် စကားလုံးဖြစ်ပြီး "ခွေနေသောမြွေ" ဟု အဓိပ္ပာယ် ရှိလေသတဲ့။ ကြောက်စရာကောင်းလိုက်တာ။ ခွေနေသောမြွေဆိုတော့ အန္တရာယ် ပေးရန် အသင့်အနေအထားပေါ့။ သည်နာမည်ကို အိန္ဒိယနိုင်ငံ ကာလကတ္တား မြို့ ရေကြောင်းဆိုင်ရာ တရားရုံး (Marine Court) မှ တရားသူကြီးချုပ် ဟင်နရီ ပီဒင်းတန် (Henery Piddington) က ပေးခဲ့သတဲ့။ ၁၈၃၉ ခုနှစ်ကတည်းက ပေးခဲ့သည့်နာမည်။

အိန္ဒိယ သမုဒ္ဒရာသည်ကား ဆိုင်ကလုန်းမုန်တိုင်းတို့ နှစ်စဉ်တိုက်ခတ် သည့် ဒေသဖြစ်ရာ အိန္ဒိယမိုးလေဝသဌာနက မြောက်အိန္ဒိယ သမုဒ္ဒရာခြမ်းတွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများအား အလှည့်ကျ အမည်ပေးသွားရန် ဘင်္ဂလားဒေ့ရှ် အိန္ဒိယ၊ မော်လဒိုက်၊ မြန်မာ၊ အိုမန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်း စသည့် နိုင်ငံရှစ်နိုင်ငံအား ဆိုင်ကလုန်းမုန်တိုင်းအမည် ရှစ်ခုစီတောင်းရာ အမည် ၆၄ ခု အသင့်ထားရှိပြီး ဖြစ်သည်။

၂၀၀၈ ခုနှစ်အတွက် အလှည့်ကျသည့် အမည်က အမှတ်စဉ် (၁၄) ပါကစ္စတန်နိုင်ငံက ပေးထားသည့် အမည်။ နာဂစ် (Nargis) တဲ့။ ဒက်ဖိုဒီးပန်း ပန်းကို အူရဒူဘာသာဖြင့်ခေါ်သော အမည်။ နာမည်လှလှလေး၏ နောက်ကွယ် မှာ လူဦးရေ သန်း ၂၀ တို့ နေထိုင်ရာ ကျွန်တော်တို့ စပါးတွေ ငါးတွေရဲ့ ဒေသ အထိနာလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



## (သုံး)

နာဂစ်မုန်တိုင်းတိုက်သည့်နေ့က ကျွန်တော် ရန်ကုန်မှာ ရှိပါသည်။ မှတ်မှတ်ရရ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့သည် သောကြာနေ့။ ထိုနေ့ တစ်နေ့လုံး မိုးစွေနေခဲ့ရာ ညနေစောင်းလာလေလေ မိုးက စိမ့်ပြီး အေးလာလေလေ။ နောက်တော့ လေကလေးပါ နည်းနည်းပါလာခဲ့ပြီး မေ ၂ မှ မေ ၃ အကူး ည ၁၂ နာရီဝန်းကျင်မှာတော့ နာဂစ်က ပြတ်ပြတ်သားသားကိုပင် မွှေနှောက်ခဲ့ပါပြီ။ လေသံက မကောင်းဆိုးဝါး အစမ္မသတ္တဝါကြီး တစ်ကောင်၏အသံလို တဟီးဟီးတဟဲဟဲ အော်မြည်နေသည်။ သစ်ပင်လဲပြိုသံတွေ၊ မုန်တခါးကွဲသံတွေ၊ တစ်ယောက်ကိုတစ်ယောက် အော်ခေါ်နေသံတွေ၊ သွပ်မိုးလန်ထွက် ပြုတ်ကျသံတွေ၊ အပိုင်းပိုင်းအတစ်တစ် ပြတ်ထွက်ကာ လွင့်ပါလာသည့် သစ်ပင်သစ်ကိုင်းတွေ၊ အိမ်ထဲမှာလည်း ရေတွေသဲတွေ။ လျှပ်စစ်မီးတွေ ပြတ်တောက်သွား။ တယ်လီဖုန်းတွေ ဆက်မရတော့။ ကားတွေ ရထားတွေ အားလုံး ရပ်တန့်။ ဈေးတွေ တိတ်ဆိတ်။ မေ ၃ ရက်၊ နေ့ခင်း ၁၂ နာရီကျော်တော့မှ နာဂစ်က တစ်စတစ်စ နောက်ဆုတ်ထွက်ခွာသွားသည်။ ရပ်ကွက် ကုန်စုံဆိုင်တွေက လူတစ်ယောက် ခေါင်းဝင်သာလောက်ရုံ အပေါက်ကလေး ဟ,ကာ ဈေးရောင်းသည်။ ဖယောင်းတိုင်၊ မီးသွေး၊ ဆန်၊ ဆီ၊ ဆား အခြေခံပစ္စည်းများ။ ဈေးနှုန်းက သူတို့ပါးစပ်ထဲက ဈေးနှုန်း။ တန်းစီဝယ်စနစ်။ နိုင်ငံတော်က သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများကို ကြေညာ။

ကျွန်တော်တို့ ကိုယ့်ဒုက္ခကို ကိုယ်မမှု။ မြစ်ဝကျွန်းပေါ် ဘယ်လောက်အထိနာခဲ့ပြီလဲ။ နောက်တော့ သတင်းတွေ၊ သတင်းတွေ၊ သတင်းတွေ။ ဝတ္ထုတိုဆရာ ကျွန်တော့်မိတ်ဆွေ တိုင်းတာရားသူကြီးက ရေဒီယိုသတင်းနားမှာ မတ်တတ်ရပ်ရင်း သူ့ကိုယ်လုံးကြီး သိမ့်သိမ့်ခါအောင် ချုံးပွဲချငိုတော့ ကျွန်တော့်မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ အလိုလိုပြည့်လာသည်။

အိန္ဒိယ သမုဒ္ဒရာထဲမှာက ထိုနှစ် ဧပြီ ၂၄ မှာကတည်းက လေဖိအားနည်းရပ်ဝန်းက ဖြစ်ပေါ်နေခဲ့ပြီ ဖြစ်ပါသည်။ ၂၅၊ ၂၆ မှာ ပိုမိုအားကောင်း။ ၂၇ မှာ မုန်တိုင်းငယ်ကလေးဖြစ်၊ ၂၈ မှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် နာဂစ်အဆင့်ဖြစ်သွားခဲ့ကာ ကိုကိုးကျွန်းအနောက်မြောက် မိုင် ၃၄၀ ကို ဗဟိုပြု။ ၂၉ မှာ မိုင် ၅၈၅ မှာ ဗဟိုပြု။ ၃၀ မှာ ပုသိမ်အနောက်တောင် မိုင် ၄၈၀ ကို ဗဟိုပြု။ မေ ၁ မှာတော့ ၇မြို့အနောက်တောင်ဘက် မိုင် ၃၁၀ ကို ဗဟိုပြုနေရာက မေ ၂ မှာတော့ ဟိုင်းကြီးကျွန်းကို စဖြတ်ခဲ့ပါသည်။



နောက်တော့ ဧရာဝတီ ၇ မြို့နယ်၊ ရန်ကုန် ၃ မြို့နယ်၊ ပဲခူး ၂ မြို့နယ်၊ မွန် ၃ မြို့နယ်ကို နာဂစ်မွှေနှောက် ဖျက်ဆီးခဲ့ပါသည်။

အထိအနာဆုံးကတော့ လပွတ္တာ၊ ဘိုကလေး၊ ငပုတော၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒေးဒရဲ။ လူတွေ သိန်းနှင့်ချီကာ သေဆုံးထိခိုက်ကြရသည်။ ကျွဲနွားကောင်ရေ ၃ သိန်းလောက်သေသတဲ့။ ရေငန်လွှမ်းတဲ့ လယ်ဧကက ၁.၃၇ သန်း၊ ငါးပုစွန်မွေးမြူရေးက ဧက ၃၈၀၀၀။ သစ်တောဧရိယာ ဟက်တာ ၃၇၈၀၀။ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၆၇၀ သန်းတဲ့။ သွေးပျက်စရာ သဘာဝကပ်ဆိုးကြီးပါလား။

## (လေး)

မုန်တိုင်းလွန်တော့ နာဂစ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့ကြရာ ဒေသများဆီသို့ အလှူရှင်များနှင့်အတူ တစ်ခေါက်စ နှစ်ခေါက်စဆိုသလို ကျွန်တော် ရောက်ရောက်သွားပါသည်။ ကားလမ်းပေါက်ရာသို့ ကားနှင့်၊ ရေလမ်းပေါက်ရာသို့ စက်လှေနှင့် လူတွေ… လူတွေ လှူလိုက်ကြတာ။

“ဟောသည့် ကားလမ်းပေါ်မှာ ကားတွေဟာ ၂၄ နာရီ ပြတ်သွားတယ်လို့ မရှိဘူး။ ညညတွေဆို အသွားကားနဲ့ အပြန်ကား ဟွန်းတွေတီးပြီး နှုတ်ဆက်နေကြတာ တစ်ညလုံး ဆူညံလို့”

ကျွန်တော်တို့ရဲ့ ဆရာတော်၊ သံဃာတော်များ၊ ကျွန်တော်တို့ရဲ့ ပြည်သူလူထု အမြန်ဆုံးနည်းနဲ့ ရရာအလှူပစ္စည်းတွေကို စုပြီး ကပ်ဆိုးကျရောက်ရာဒေသများဆီသို့ သွားနေလိုက်ကြတာ။

အပြန်ခရီးလမ်းပေါ်က လူတစ်ယောက်မှာ အင်္ကျီရော လုံချည်ရော မပါတော့၊ ဘောင်းဘီအတိုကလေးနဲ့ အကုန်လုံး ချွတ်ပေးခဲ့ပြီတဲ့။ ကိုယ်ပိုင် ဆလွန်းကားလေးတစ်စီးကတော့ လူငါးယောက် တစ်ယောက်နှစ်သိန်းစီစုကာ ဆယ်သိန်းဖိုး သွားလှူသတဲ့။ ပြန်လာတော့ အသေးသုံး ပိုက်ဆံတွေပါ ချန်မထားတော့ဘဲ အကုန်မှောက်ချ လှူဒါန်းခဲ့ရာ မုန့်ဖိုးတောင် မကျန်တော့။ လက်ကိုင်ဖုန်းကို ရောင်းကာ အကုန်လှူခဲ့သော ကျွန်တော့်မိတ်ဆွေ ရုပ်ရှင်အနုပညာရှင်တစ်ယောက်။ အင်္ကျီတွေ၊ ပဲအိတ်တွေ၊ အဝတ်အစားတွေ၊ လူ့အသုံးအဆောင်တွေ။

“ရွာပျက်တစ်ခုကို အဖြတ်တွင်ကား တစ်နေရာတွင် ရေးထားသည့်စာက ‘ငတ်တယ်’ တဲ့။ ဆာနေတာကိုတောင် သတ်ပုံမှန်အောင် မရေးနိုင်ရှာပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းခြံကုန်းနားက ကျွန်တော့် ဇာတိသုံးခွရွာကို ကျွန်တော် မမှတ်မိ။ ကျွန်တော်တို့ခြံကို ကျွန်တော် မမှတ်မိ။ ယူနီဆက်ဖ်တဲဆိပ်ရိုက် ယာယီအမိုးနဲ့ အိမ်ကလေးတွေ။

"ကိုလှမြင့်နဲ့ မစန်းဆင့်က ဒီနေရာမှာ သေတာ။ ရေတွေကြီးလာတော့ လေဖြတ်ထားတဲ့ မစန်းဆင့်ကို သံသေတ္တာထဲထည့်ပြီး ကိုလှမြင့်က ရွာလမ်းအတိုင်း ရေထဲမှာ တွန်းထွက်တာ။ သစ်ပင်ဝိတာလေ။ ဒီနေရာပေါ့။ လင်မယား နှစ်ယောက်လုံးကိုစွ ပြတ်တာ"

ရွာလမ်းတစ်နေရာမှာ ကျွန်တော် တစ်ခဏ တွေနေမိသည်မှာ အမှန်ပဲ ဖြစ်ပါသည်။

ဟင်္သာတ‌တက္ကသိုလ် ပြန်ဖွင့်သောအခါ အတန်းထဲမှ ပထမနှစ်ကျောင်းသူ တစ်ယောက် လျော့နေသည်။ ကျောင်းပိတ်ရက် ပေ့တော အပြန်မှာ နာဂစ်နှင့် တိုးသည်။ အလုံပိတ် ပလတ်စတစ်ပုံး ကိုယ်စီကိုင်ကာ ညအမှောင်ထဲမှာ ရေမမုန်တိုင်းနှင့် လှိုင်းကို အံတုခဲ့သော်လည်း မနက်လင်းတော့ အဖွားတစ်ယောက်ပဲ ကျန်သည်။ သူ့အမေ၊ သူ့မောင်လေး၊ သူကိုယ်တိုင် ဘယ်ရောက်သွားမှန်း မသိတော့။

ကျွန်တော့်တွင် ပလတ်စတစ်လောင်းထားသည့် ဓာတ်ပုံကလေးတစ်ပုံ ရှိပါသည်။ ၄၊ ၅ တန်းအရွယ်ကလေးငယ် ၄၊ ၅ ယောက် တစ်ယောက်ကို တစ်ယောက် ကြိုးနှင့်ချည်တွဲလျက် ရေစပ်စပ်မှာ အသက်ကင်းမဲ့နေသည့် ဓာတ်ပုံ။ ပြေးလွှားခုန်ပေါက် ဆော့ကစားကောင်းတဲ့ အရွယ်ကလေးတွေ။ ကိုယ့်သား ကိုယ့်သမီးဖြစ်ခဲ့ရင်ဆိုသော အတွေးကို ကျွန်တော် ဘယ်တုန်းကမှ ဆုံးအောင် ဆက်မတွေးရဲခဲ့။

သိထားသမျှ ချရေးလျှင် ဘယ်တော့မှ မဆုံးနိုင်သည့် သည်မီးလျှံတွေကို စာနာစွာဖြင့် လက်လှမ်းမီသမျှ မေတ္တာနှင့် ကရုဏာတို့ကို အလျှင်အမြန် ထုပ်ပိုးကာ ရဟန်းသံဃာများနှင့်တကွ ပြည်သူလူထုတို့ တစ်ရက်လည်းမဟုတ်၊ တစ်လလည်းမဟုတ် လူးလာခေါက်တုံ့သွားနေသည့် မြင်ကွင်းကို မြင်တိုင်း ကျွန်တော် အသံတိတ် အလေးပြုနေမိသည်မှာလည်း အမှန်ပဲ ဖြစ်ပါသည်။

## (ငါး)

အခု နာဂစ်မုန်တိုင်း နှစ်တစ်ပတ်လည်သွားခဲ့ပါပြီ။

နိုင်ငံတကာ အကူအညီ ဒေါ်လာ ၄၈၂ သန်း လိုသည်ဆိုသော်လည်း ၁၇၈ သန်းပဲ ရပါသည်။ ဒါက မုန်တိုင်းအလွန် လေ့လာဆန်းစစ်မှုအဖွဲ့၏



ထုတ်ပြန်ချက်။ ၂၀၀၄ ခုနှစ် ဆူနာမီဖြစ်စဉ်က လူတစ်ဦး ၁၂၄၉ ဒေါ်လာစီ ရသည်ဆိုလျှင် ယခု နာဂစ်၌ ၂၁၃ ဒေါ်လာနှုန်းလောက်သာ ရသည်ဆိုလျှင် နည်းလွန်းမနေဘူးလား။ သည် ၂၁၃ ဒေါ်လာကရော လူတိုင်းလူတိုင်းဟု ဆိုရှိ သေချာရဲ့လား။

အိမ်တို့၊ ကျောင်းတို့၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပြန်ထူထောင်ဖို့ဆိုတာက စိတ်မောစရာကြီး ဖြစ်ပါသည်။ ကလေးတွေ အိမ်ဆောက်တမ်းကစားကြသလို ဝါးခြမ်းပြားကလေးတွေ ရွှံ့ဗွက်ထဲမှာ ထိုးစိုက်ကာ ရွာတန်းကလေးကို ပုံဖော်ထားသည့် ဒေးဒရဲနောက်ဆွယ်က ရွာကလေးတစ်ရွာကို ခုထိ ကျွန်တော် မမေ့နိုင်ပါ။

ကားလမ်းပေါ်မှာက ကရုဏာရိပ်မကင်းသည့် ကားတွေ အသွားအလာ နည်းပါးစ ပြုလာပါပြီ။ မြစ်ဝကျွန်းပေါ်မှာ အနုထိ မျက်ရည်တွေက စွတ်စိုတုန်း ဖြစ်ပါသည်။ ကျွန်တော်တို့တွေ သွေးအေးသွားမှာကိုပဲ ကျွန်တော်က စိုးရိမ်မိခြင်း ဖြစ်ပါသည်။ ။

[7 Day၊ ၇–၅–၂၀၀၉]

www.burmeseclassic.com

## နောက်ကျောလုံတဲ့ လူ့အဖွဲ့အစည်း

(တစ်)

Fiction ကို ဝတ္ထု၊ စိတ်ကူးယဉ်ဝတ္ထုဟု ဘာသာပြန်ဆိုကြရာ Non-Fiction ကို မည်သို့ ဘာသာပြန်ဆိုရလျှင် ကောင်းမလဲ။ ကျွန်တော် မပြောတတ်ပါ။ ဆရာ မောင်သာနိုးကတော့ Fiction က ဝတ္ထုဖြစ်သောကြောင့်လား မသိ။ Non-Fiction ကို "အ–ဝတ္ထု" ဟု ဘာသာပြန်ခဲ့တာကို ကျွန်တော် အမှတ်ရမိသည်။ အဘိဓာန်ဆရာတို့ကတော့ ဝတ္ထုမဟုတ်သော စာပေ၊ သုတစာပေ စသည်ဖြင့် ပြန်ဆိုကြပါလေသည်။

အခု ကျွန်တော်တို့နိုင်ငံ စာပေလောက၏ ထူးခြားချက်ကိုပြောရလျှင် Non-Fiction တို့ခေတ်စားနေခြင်းပင် ဖြစ်ပါသည်။ ဘာသာရေး၊ ကျန်းမာရေး၊ ဘာသာစကားလေ့လာမှု၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ အောင်မြင်မှုလမ်းညွှန်၊ စီမံခန့်ခွဲမှု စသည်... စသည်။

ဒီဘက်နှစ်များအတွင်း၌ Non-Fiction နယ်ပယ်၌ ထင်ရှားသော စာရေးသူတစ်ဦး ရှိပါသည်။ ဆရာဒေါက်တာ အောင်ထွန်းသက်ပဲ ဖြစ်ပါသည်။ ဆရာဒေါက်တာ အောင်ထွန်းသက်ကို လွန်ခဲ့သည့် အနှစ် ၂၀ မရှိတရှိက ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဆုံဖူးခဲ့ပါသည်။ ဒီတုန်းက ကျွန်တော်တို့က သင်တန်းသား၊ ဆရာက ပို့ချသူ။ စီမံခန့်ခွဲမှု ဘာသာရပ်။

နိုင်ငံတကာ တက္ကသိုလ်ပေါင်းများစွာတွင် အမှုထမ်းခဲ့သော ဆရာတစ်ယောက်၊ ကုလသမဂ္ဂက တည်ထောင်ထားသည့် အီတလီအခြေစိုက် UN



System Staff College တွင် Principal Officer အဖြစ် ကြီးလေးသောတာဝန် ကိုလည်း ယူခဲ့ရပါသည်။ အခု ဆရာပြောသမျှ၊ ဟောသမျှ၊ တွေးသမျှ ရေးသမျှတွေထဲမှာ Building Trust ကတော်တော့်ကို စူးပါသည်။ ယုံကြည်မှု တည်ဆောက်ခြင်းတဲ့။ ဘယ်သူတွေက ဘာကို ယုံရမှာပါလိမ့်။

(နှစ်)

ဆရာကြီး ရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်ထဲတွင် ကျွန်တော် အံ့ဩတကြီး ရွံ့နေခဲ့ရသည့် အဖြစ်အပျက်တစ်ခု ပါဝင်ပါသည်။ ဂျပန်ခေတ်ဆရာကြီး ရွှေဥဒေါင်း၏ ဆေးကုန်သည်ဘဝ ဖြစ်ပါသည်။ အင်္ဂလိပ်အထွက် ဂျပန်အဝင် ကာလပျက်ကြီးအတွင်းမှာ ဆရာကြီး ရွှေဥဒေါင်းက ဆေးကုန်သည်လုပ်ပါသည်။ ဆင်ကိုနာခေါ် ကွီနိုင်ဆေးမှုန့်များကို အညာတွင်ဝယ်ကာ ရန်ကုန်သို့ ဆင်းရောင်းခြင်းပင် ဖြစ်ပါသည်။ ကန့်ဘလူဘူတာအနီး၌ အင်္ဂလိပ်အစိုးရ၏ ဆေးမီးရထားမှောက်သောအခါ ဆေးဝယ်ရသည်မှာ ပိုကောင်းလာသည်။ သို့ဖြင့် ရန်ကုန်သို့ ဆေးရောင်းရန် တစ်ခေါက်အဆင်း၌ စစ်အတွင်းကာလမြို့ပျက်ကြီးဖြစ်၍ နေလေရာ အရောင်းအဝယ်မဖြစ်ဘဲ စိတ်ပျက်စရာများနှင့် ကြုံနေစဉ် လမ်းပေါ်က လူတစ်ယောက်နှင့် စကားစပ်မိရာ ထိုသူက ဆေးအရောင်းအဝယ်သမား ဖြစ်နေပါသည်။ ထိုသူက ဆရာကြီး ရွှေဥဒေါင်းတွင် ပါလာသည့်ဆေးများကို လိုချင်နေသည်။ သို့သော် လက်ထဲတွင် ငွေမရှိ။ သို့ဖြင့် ထိုသူ၏အိမ်သို့ လိုက်သွားပြီးနောက် ဆေးဖိုး ၁၅၀၀ ကျပ်အနက် ငွေ ၃၀၀ ကျပ်ကိုသာ ယူခဲ့ကာ ကျန်ငွေကို စာတိုက်က ပို့ပေးမည်ဆိုသော ကတိဖြင့် ဆရာကြီး ရွှေဥဒေါင်း အညာသို့ ပြန်ခဲ့သည်။

ဆရာကြီး ရွှေဥဒေါင်း၏ရွာက ရွှေဘိုအနီး ဝက်လက်နယ်ထဲက မန်ကျည်းတုံကျေးရွာ ဖြစ်ပါသည်။ ရွာရှိ ကြားကြားသမျှ လူအပေါင်းက စာတိုက်က ပို့လိုက်မည်ဆိုသော ငွေအတွက် ဆရာကြီးရွှေဥဒေါင်းကို ဝိုင်းဝန်းအပြစ်တင်ကြသည်။ ကာလပျက်ကြီးထဲမှာ သည်ငွေဆုံးပါပြီဆိုသော အယူအဆ။

သို့နှင့် တစ်လခန့်အကြာတွင်ကား "ဝက်လက်စာတိုက်၊ မန်ကျည်းတုံရွာ" ဟူသော လိပ်စာဖြင့် ကျန်ငွေ ၁၂၀၀ ကျပ်ကို ငွေပို့လွှာဖြင့် ပို့လိုက်ရာ ဆုံးချင်ဆုံးတော့ဟုဆိုကာ ထားပစ်ခဲ့သည့် ဆရာကြီး ရွှေဥဒေါင်း မယုံကြည်နိုင်လောက်အောင် အံ့ဩသွားခဲ့ရသည်ဟု ဆိုပါသည်။ စာဖတ်သူ ကျွန်တော်လည်း ယုံကြည်နိုင်လောက်အောင်ပဲ အံ့ဩရပါသည်။ စစ်ရိပ်စစ်ငွေ့တွေကြားက အင်္ဂလိပ်အထွက် ဂျပန်အဝင် ကာလပျက်ကြီးထဲမှာတောင် တစ်ကြိမ်တစ်ခါမှ

သာပဲ ဆုံခဲ့ကြသည့် လူနှစ်ယောက်ကြားက ကတိသစ္စာတွေ တည်လိုက်ကြတာ။ လူတစ်ယောက်ချင်း လူ့အဖွဲ့အစည်းအတွင်းမှာ နောက်ကျောကို အေးအေးဆေးဆေးပေးလို့ ယုံကြည်ရသော လောကကို ကျွန်တော် အလိုရှိလိုက်တာ။

(သုံး)

ဟိုး... ကျွန်တော်တို့ ခပ်ငယ်ငယ် ကွမ်းခြံကုန်းဆိုသည့် တောမြို့ကလေးမှ ရန်ကုန်သို့လာသည့်အခါ တိုးမြစ်ကြီးတစ်လျှောက် ရေဝတီသင်္ဘောကိုစီးတာ လာကြရပါသည်။ ဒေးဒရဲ၊ တွံတေး စသည့် မြို့ကလေးများ လမ်းတစ်လျှောက် လမ်းဆေးဝဲယာက ရွာကလေးများမှာ ထမင်းထုပ် ဝယ်စားရတာက တော်တော်ပျော်စရာကောင်းပါသည်။ ငှက်ပျောဖက်က ထွေးထွေး၊ ငကြွဲဆန်က မွှေးမွှေး၊ တောင်ငါးပိကြော်ကလေးမျှနှင့်ကိုပဲ ထမင်းက မြိန်လှပါပြီ။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် စိတ်ချယုံကြည်ရသည့် ထမင်းထုပ်ကလေးများ။ ပြီးတော့ ငါးဖယ်ကြော် တုတ်ထိုးသီတံ ကလေးတွေ။ ရောက်သီးစိပ်ကလေးနဲ့။ ရေတ်သီးစိမ်းတောင့် ကလေးနဲ့။

နောက်တော့ ကျွန်တော်တို့တစ်တွေ လမ်းမှာ အစားအသောက် ဝယ်စားရမှာကို ရွံ့လာ တွန့်လာကြပါသည်။ ခရီးစဉ်အစ ဘူတာရုံကြီးတစ်ခုကနေ ဒံပေါက်ဝယ်သည်။ လမ်းမှာစားဖို့ ဖွင့်လိုက်တော့ ကြက်သားတုံး မပါလာ။ လမ်းခုလတ်ဘူတာရုံကလေးက ထမင်းထုပ်ဝယ်ကာ စားဖို့ပြင်လိုက်သည်။ သိုးနေသည့်အနံ့က စူးခနဲ။ သို့ဖြင့် ရထားလမ်း၊ ကားလမ်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်တို့က အစားအစာတွေကို ခရီးသွားတွေက စိတ်မချတော့။ မယုံကြည်တော့။ တစာစာ အော်ရောင်းနေသည့် ဈေးသည်ကလေးတွေကိုကြည့်ကာ ဝယ်မစားဖြစ်ကြတော့သည်မှာ သံသယကြောင့်ပဲ ဖြစ်ပါသည်။

ထို့အတူ အိမ်သုံးဆေးဝါးများ၊ လူ့အသုံးအဆောင်ပစ္စည်း၊ မျက်နှာပေါ်က အပြုံးတွေ၊ စာချုပ်စာတမ်းတွေ၊ အားလုံးကို စိတ်ချလက်ချဖြင့် နောက်ကျောဆေးထားရဲသည်အထိ ယုံကြည်စိတ်ချရသော လူ့အဖွဲ့အစည်းဖြစ်ရန်မှာ လူတစ်ဦးချင်း၏ ကိုယ်ကျင့်တရား ဖြောင့်မတ်ခိုင်ခံ့မှုအပေါ်မှာ မူတည်ပါသည်။

(လေး)

ဆရာဒေါက်တာအောင်ထွန်းသက်က ယုံကြည်မှု တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကိုယုံ၊ တစ်ဦးနှင့်တစ်ဦးယုံ၊ အသင်းအဖွဲ့အတွင်းမှာ



ယုံ၊ ဈေးကွက်ထဲမှာ ယုံ၊ လူ့အဖွဲ့အစည်းကို ယုံ စသည်ဖြင့် ဆိုပါသည်။ အခြေခံအကျဆုံးကတော့ ကိုယ့်ကိုယ်ကို ယုံဖို့ပဲ ဖြစ်ပါသည်။

ကိုယ့်နှုတ်ထွက်စကား၊ ကိုယ်ထုတ်လုပ်သည့်ပစ္စည်း၊ ကိုယ်ဝန်ဆောင်မှုအပေါ်မှာမှ ကိုယ့်ကိုယ်တိုင်က မရိုးဖြောင့်ဘဲ ကိုယ့်လိပ်ပြာကိုတောင် ကိုယ်မယုံကြည်နိုင်ဘူးဆိုလျှင် ကျန်တာတွေက ဆက်စဉ်းစားစရာ မလိုသောကိစ္စများဖြစ်ပါသည်။

ဂျပန်က ပြန်လာသည့် မိတ်ဆွေတစ်ယောက်က သူ့ဂျပန်အတွေ့အကြုံတချို့ကို ဖောက်သည်ချရာ ရထားစီးခြင်းလည်း ပါဝင်ပါသည်။ ပထမအချက်က သူတို့၏ ကိုယ်ကျင့်တရား ဖြစ်ပါသည်။ ထီး၊ ထမင်းချိုင့်၊ စာအုပ်၊ လက်ဆွဲအိတ် တစ်စုံတစ်ခု ရထားပေါ်၌ ကျန်ခဲ့သော် မည်သူကမျှ မယူဘဲ နှစ်ရက်၊ သုံးရက်ကြာသည်အထိ ထိုရထားပေါ်မှာပဲ တဝဲလည်လည် ရှိနေတတ်သည်ဖြစ်ရာ မေ့ကျန်မိသူက ထိုရထားချိန်အတိုင်း သင့်တင့်ရာ ဘူတာတစ်ခုခုကနေ စောင့်ယူလိုက်ရုံပဲဟု ဆိုပါသည်။ ကိုယ့်ပစ္စည်းမဟုတ်တာကို မယူသော ဂျပန်တစ်ယောက်ချင်း၏ ယုံကြည်အပ်သော ကိုယ်ကျင့်သိက္ခာ။ နောက် ဒုတိယအချက်က မီးရထား၏ ဝန်ဆောင်မှု။ တစ်နေရာက တစ်နေရာ ခရီးသွားသောအခါ ရထားဘူတာရုံကို ကြည့်စရာမလို။ ထွက်ခွာချိန်ကိုကြည့်ကာ ရောက်ရှိမည့်အချိန်ကို တွက်ပြီး ဆင်းချလိုက်ရုံသာတဲ့။ ကွက်တိ။ ဘူတာမလွဲ။ ယုံကြည်အပ်သော ခရီးသွားလာမှု။

ကာလပျက်ကြီးအတွင်းကပင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မန်ကျည်းတုံကျေးရွာက ဆရာကြီး ရွှေဥဒေါင်းထံ ငွေ ၁၂၀၀ ကျပ်ကို စာတိုက်က လွှဲပို့လိုက်သည့် ရန်ကုန်က မည်သူမှန်းမသိသော လူရိုးလူဖြောင့်ကြီး၏ လိပ်ပြာမျိုး ကျွန်တော်တို့ တစ်နိုင်ငံလုံးနီးလျှင် ကျွန်တော်တို့ လူ့အဖွဲ့အစည်း နောက်ကျောလုံပြီ။ နေပျော်ပြီ။ ယုံကြည်အပ်သော လူ့အဖွဲ့အစည်းဖြစ်အောင် ကျွန်တော်တို့ တည်ဆောက်ကြပါစို့လား။ ။

[7 Day၊ ၂၃-၅-၂၀၀၈]

www.burmeseclassic.com

# လူ့အဆက်ဆက် သမိုင်းအဆက်ဆက် တည်ဆောက်ရတဲ့ပုံရိပ်

## (တစ်)

ဆရာမြသန်းတင့် ဘာသာပြန်ဆိုခဲ့သည့် ကမ္ဘာကျော် ဝတ္ထုရှည်ကြီးတွေထဲမှာ ရွှေပြည်တော် မျှော်တိုင်းဝေး သည်လည်း တစ်အုပ်အပါအဝင် ဖြစ်ပါသည်။ သွေးက အင်္ဂလိပ်သွေး၊ မွေးတော့ အိန္ဒိယမှာမွေးသည့် စာရေးဆရာမ အမ်အမ်ကေး M. M. Kaye ၏ လက်ရာမွန် The Far Pavilions ကို ဘာသာပြန်ဆိုထားသည့်ဝတ္ထုပဲ ဖြစ်ပါသည်။ ကိုလိုနီခေတ် ဗြိတိသျှအုပ်စိုးမှုအောက်က မဇ္ဈိမဒေသ အိန္ဒိယကို နောက်ခံထားကာ လွမ်းမောစရာ ခြယ်မှုန်းထားသည့် ဝတ္ထုရှည်ကြီးတစ်ပုဒ်ပဲ ဖြစ်ပါသည်။ မိခင်ရော ဖခင်ပါ ကွယ်လွန်သွားပြီးနောက် အင်္ဂလိပ်စစ်ဗိုလ်ကလေးအဖြစ် တာဝန်ထမ်းဆောင်သော အက်ရှ်နှင့် အိန္ဒိယ မဟာရာဇာတစ်ဦး၏သမီး၊ နောင်တော်ဘွား၏ဇနီး အထွေထွေများထဲက တစ်ယောက်ဖြစ်လာမည့်သူ ဇူလီတို့၏ မေတ္တာဇာတ်လမ်းကို ပင်မကျောရိုးတည်ကာ ဖွဲ့ထားသည့်ဝတ္ထုပဲ ဖြစ်ပါသည်။

ကျွန်တော်သည် ဝတ္ထုကြီးကို ဖတ်ဖူးခဲ့သည်မှာ ကြာပါပြီ။ ဟိုးလွန်ခဲ့သည့် အနှစ် ၂၀ ကျော် အတွဲ ၈ တွဲခွဲကာ ထုတ်ဝေခဲ့စဉ်ကတည်းက ဖတ်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ နောက်နှစ်တွဲခွဲကာ ပြန်ထုတ်တော့ မိသားစုစာအုပ်စင်အတွက် ဝယ်ထည့်ထားခဲ့သော်လည်း ပြန်မဖတ်ဖြစ်။ ထို့ကြောင့် အသေးစိတ်တွေကိုလည်း ကျွန်တော် မမှတ်မိနိုင်တော့။ သို့သော် ဘာမှ အရေးမကြီးလှသည့် ဇာတ်ကွက်ကလေးတစ်ခုက ကျွန်တော့်စိတ်ထဲ လာငြိနေခဲ့ကာ အခုထိမေ့ပျောက်ခြင်းငှာ မစွမ်းသာခဲ့ကြောင်းကိုကား ဝန်ခံလိုပါသည်။



တစ်နေ့ ဗြိတိသျှ အုပ်ချုပ်ရေးနှင့် အလှမ်းဝေးရာ အိန္ဒိယအဖျားအနားဒေသများသို့ တာဝန်အရ ခရီးသွားကြစဉ် ဝန်တင်စခန်းတစ်ခုမှာ စခန်းချထားခိုက် အင်္ဂလိပ်စစ်ဗိုလ်ကလေး အက်ရှ်နှင့် ဘီဂျူရန်းတို့အချင်းများသည်။ ဘီဂျူရန်းက အင်္ဂလိပ်စစ်ဗိုလ် အက်ရှ်ကို ရှင်းပစ်ဖို့ ကြိုးပမ်းခဲ့ဖူးသူဖြစ်ရာ တစ်ယောက်ခြေလှမ်းကို တစ်ယောက် စောင့်ကြည့်နေခဲ့ကြရာက ဝန်တင်စခန်းအပြင်ဘက်လရောင်အောက်မှာ နှစ်ယောက်တည်း ရင်ဆိုင်မိကြပြီး တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပါသည်။

မြေခွေးဆန်လှသော ဘီဂျူရန်းက စကားပြောနေစဉ်မှာပင် အဆိပ်လူးဓားမြှောင်ဖြင့် အက်ရှ်ကို အလစ်အငိုက်ဝင်ထိုးသည်။ အက်ရှ်က ရှောင်ပြီး ခြေထိုးပေးလိုက်ရာ ဝမ်းလျားထိုးလဲကျသွားသည်။ အက်ရှ်ဓားမြှောင်ကို ကောက်ကာထိုးမလိုလုပ်ပြီးကာမှ တုံ့ခနဲ ဖြစ်သွားသည်ဟု ဆိုပါသည်။ ဤနေရာ၌ အင်္ဂလိပ်စစ်ဗိုလ် အက်ရှ်အား တုံ့ခနဲ ဖြစ်သွားစေရသည့် အချက်ကို စာရေးဆရာက မှတ်ချက်ပေးသည်။

အက်ရှ်၏ မျိုးရိုးဗီဇနှင့် အင်္ဂလိပ်ပညာရေးက ဇာတိပြပြီ။ လူတစ်ယောက်ကို နောက်ကျောတွင် ဓားဖြင့်ထိုးခြင်း၊ လက်နက်မဲ့လူတစ်ယောက်ကို လက်နက်ဖြင့် တိုက်ခိုက်ခြင်း၊ လဲကျနေသည့် လူတစ်ယောက်ကို သတ်ပုတ်ခြင်းသည် ယောကျ်ားမပီသရာ ရောက်သည်ဟု။

အင်္ဂလိပ် စစ်ဗိုလ်ကလေး အက်ရှ် တုံ့ခနဲဖြစ်သွားခဲ့သလို စာဖတ်သူကျွန်တော်လည်း တုံ့ခနဲဖြစ်သွားခဲ့ရသည်မှာ အမှန်ဖြစ်ပါသည်။ မျိုးရိုးဗီဇနှင့် ပညာရေးက လူတစ်ယောက်ချင်းကိုသာမက လူမျိုး၏ စရိုက်လက္ခဏာ၊ ပုံရိပ်၊ အမှတ်အသားကို ပြဋ္ဌာန်းသတဲ့။ ကျွန်တော်တို့၏ Character၊ ကျွန်တော်တို့၏ image၊ ကျွန်တော်တို့၏ identity။

တရားသဖြင့်သာ အနိုင်ယူလိုသော အင်္ဂလိပ်စစ်ဗိုလ်ကလေး အက်ရှ်ကို စာရေးဆရာမ အမ်အမ်ကေး M. M. Kaye က မျိုးရိုးဗီဇနှင့် ပညာရေး၏ အရိပ်အဖြစ် ဖော်ပြခဲ့ပါသည်။

## (နှစ်)

ကျွန်တော်တို့နှင့် တော်တော်ရင်းနှီးသည့် မွန်-မြန်မာရေးရာ အရေးတော်ပုံစာအုပ်တစ်အုပ် ရှိပါသည်။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ မွန်ဝန်ကြီးဗညားဒလ၏ ဘာသာပြန်လက်ရာ။ အင်းဝအခြေစိုက် မြန်မာဘုရင် မင်းခေါင်

www.burmeseclassic.com



နှင့် ဟံသာဝတီ အခြေစိုက် မွန်ဘုရင် ရာဇာဓိရာဇ်တို့၏ စစ်ပွဲများအကြောင်း မှတ်တမ်းစာအုပ်။ ဒီစာအုပ်ပါ မွန်သူရဲကောင်း လဂွန်းအိန်အကြောင်းတစ်ချက်က အတုယူလောက်ပါသည်။

စစ်ပွဲကာလများအတွင်း မကြာခဏ သစ္စာဆိုကြရာ တစ်ကြိမ်၌ ပြည်မြို့ မြသီတင်းဘုရား၌ ငြိမ်းချမ်းရေးသစ္စာပြုကြသည်။ သို့သော် မကြာမီမှာပင် မြန်မာတို့က မွန်မြို့ရွာများကို ထိပါးပြီး သစ္စာဖျက်ရာ မွန်ဘုရင် ရာဇာဓိရာဇ်က မှတ်ထားသည်။ သို့ဖြင့် မြန်မာတို့ အရေးနိမ့်စဉ် တစ်နေ့၌ သစ္စာပြုရန် ကမ်းလှမ်းလာပြန်ပါသည်။ ပန်းကျော်ချောင်းအနီး သဲသောင်ပြင်၌ သစ္စာပြုကြရန်ဖြစ်ပြီး လူ ၃၀ စီ တွေ့ကြရန် သဘောတူပါသည်။

ဤတွင် ရာဇာဓိရာဇ်က သမိန်ဖြတ်၏၊ အမတ်တိန်၊ သမိန်အဝန်နိုင်၊ သမိန်အဲဖြဲရဲ စသည့် အမတ်သေနာပတိများနှင့် တွေ့ဆုံတိုင်ပင်ကြရာ သစ္စာမစောင့်သော မြန်မာတို့ကို မိမိတို့ကလည်း သစ္စာမစောင့်ရန် သဘောတူသည်။ သစ္စာပြုကြမည့် ပန်းကျော်ချောင်း သဲသောင်ပြင်တွင် စားလုံတို့ကို ကြိုတင်မြှုပ်ထားကာ မြန်မာတို့ကို လုပ်ကြံရန် ဆုံးဖြတ်သည်။

သစ္စာပြုမည့်နေ့၌ မွန် ၃၀၊ မြန်မာ ၃၀ နှစ်ယောက်တစ်တွဲ တွဲကာ အတွဲ ၃၀ တို့ ပန်းကျော်ချောင်း သဲသောင်ပြင်ကို ဖြတ်သည်။ နောက်ဆုံးအတွဲမှာ မွန်သူရဲကောင်း လဂွန်းအိန်နှင့် မြန်မာအမတ် သတိုးတို့အတွဲ ဖြစ်ပါသည်။ လက်နက်မပါဘဲ သစ္စာပြုပြီးသည်နှင့် မြန်မာမှူးမတ်တို့က မွန်ဘုရင် ရာဇာဓိရာဇ်နှင့်တွေ့၊ မွန်မှူးမတ်တို့က မြန်မာဘုရင် မင်းခေါင်နှင့် တွေ့မည့်အစီအစဉ်ဖြစ်ရာ မွန်တို့က သဲသောင်တွင် မြှုပ်ထားသည့် လက်နက်များကိုဖော်ကာ မြန်မာတို့ကို တိုက်ခိုက်ဖမ်းဆီးရန် အစီအစဉ်ပင် ဖြစ်ပါသည်။

သို့သော် ထိုအစီအစဉ် ပျက်ပါသည်။ မွန်သူရဲကောင်း လဂွန်းအိန်ကြောင့်ပဲ ဖြစ်ပါသည်။ မြန်မာအမတ်သတိုးက သစ္စာပြုပွဲ မှန်၊ မမှန်မေးရာ လဂွန်းအိန်က မမှန်ကြောင်း ပြောလိုက်သဖြင့် သစ္စာပြုပွဲပျက်ကာ ရှောင်သာတိမ်းသာ ဖြစ်သွားကြခြင်းပင်။ သည့်အတွက် ရာဇာဓိရာဇ်၏အမိန့်က လဂွန်းအိန်ကို ခြေလက်ဖြတ်၍သတ်စေ။ ဤတွင် ပါးကွက်အာဏာသားတို့က ချက်ချင်း မကွပ်မျက်ဘဲ အချိန်ဆိုင်းထားခဲ့ရာ မှူးမတ်တို့၏ အကြံပြုချက်ဖြင့် လဂွန်းအိန်ကို ခေါ်စစ်သည်။ လဂွန်းအိန်ကလည်း မိမိကြောင့် သစ္စာပြုပွဲပျက်သည်ကို ဝန်ခံပါသည်။ ဤမျှမက မွန်လူမျိုးတို့၏ ပုံရိပ်အတွက် သမိုင်းရာဇဝင် အဆက်



ဆက် အရေးကြီးသော စကားတစ်ခွန်းကို တင်လျှောက်ခဲ့ရာ ဟံသာဝတီ နန်းတော်တစ်ခုလုံး တုန်လှုပ်သွားခဲ့ရသည်။

“တရားနည်းလမ်းမကျသည့် အောင်မြင်မှုကို ကျွန်ုပ် မနှစ်သက်” ဟူသော စကားပဲ ဖြစ်ပါသည်။

ကတိသစ္စာ မတည်သော၊ အကောက်ကြံသော ပုံရိပ်လူမျိုးအပေါ်၌ စွန်းထင်း မသွားရန် လဂွန်းအိန်၏ အမြော်အမြင်ကြီးမှုပင် ဖြစ်ပါသည်။ လဂွန်းအိန်က လူမျိုး၏ပုံရိပ်ကို ထိုသို့ မြင့်တင်ပြီးနောက်တွင်မှ တိုက်ပွဲကို နိုင်အောင်တိုက်ပြကာ အမှုတော်ထမ်းခဲ့သူလည်း ဖြစ်ပါသည်။ သည်တစ်ပွဲတွင် အကောက်ကြံကာ နိုင်လိုက်ခြင်းဖြင့် သမိုင်းအဆက်ဆက် ရှုံးပြီးရင်းရှုံးကာ လူမျိုးနာမည် အဖတ်ဆယ်မရ ဖြစ်မသွားအောင် ရပ်တည်ခဲ့ပုံကို ကျွန်တော် စွဲနေမိသည်။

## (သုံး)

ဓန၊ မြန်မာ့ဓန စသည့် စီးပွားရေးမဂ္ဂဇင်းတို့ အရှိန်အဟုန် ကောင်းခဲ့စဉ် ကာလတုန်းက အင်တာဗျူးတစ်ခုကို ကျွန်တော် အမှတ်ရမိသည်။ ဝမ်းတွင်းတို့၊ မုံရွာတို့၊ အမရပူရတို့လို အထည်အလိပ်လုပ်ငန်း တွင်ကျယ်ရာ မြို့တစ်မြို့ဟု ဆိုကြပါစို့။

အင်တာဗျူးလုပ်သူက မြို့ခံလုပ်ငန်းရှင်များအား မေးသည့်မေးခွန်းတွေထဲတွင် အရည်အသွေး မပြည့်မီသည့် ရက်ကန်းလုပ်ငန်းရှင်များရှိခဲ့သော် မည်သို့ဆောင်ရွက်သနည်းဆိုသည့် မေးခွန်းပါဝင်ရာ ကျွန်တော် စိတ်ဝင်စားသွားမိသည်။ ဘာဆိုင်လို့လဲပေါ့။ ကိုယ့်ပစ္စည်း ကိုယ်ကောင်းအောင်လုပ်ပေါ့။ သူများထုတ်ကုန်ညံ့တာ ကိုယ့်ကိစ္စမှ မဟုတ်တာပေါ့။ သို့သော် ဖြေဆိုသူ၏ အမြော်အမြင်ကြီးသော စိတ်အဆင့်အတန်းက သူ့အဖြေမှာ ထင်းခနဲ ပေါ်လွင်နေပါသည်။ သူတို့က ထိုညံ့ဖျင်းသော လုပ်ငန်းရှင်ကို ခေါ်ယူဆွေးနွေး အကြံပေးသတဲ့။ စိတ်ဓာတ်ညံ့သော် စိတ်ဓာတ်၊ နည်းပညာညံ့သော် နည်းပညာ၊ စက်ယန္တရားညံ့သော် စက်ယန္တရား ဘယ်လိုပြုပြင်ပါဆိုတာ အကြံပေးလေသတဲ့။ သူတို့က သူတို့ ‘မြို့’ နာမည်ပျက်သွားမှာကို စိုးရိမ်တာဟု ဆိုပါသည်။

အထည်အပေါ်က တံဆိပ်တွင် မုံရွာမြို့၊ ဝမ်းတွင်းမြို့၊ အမရပူရမြို့ စသည်ဖြင့် ရိုက်နှိပ်ထားတတ်ရာ ညံ့ဖျင်းမှုကို မြို့နှင့်တွဲကာ မုံရွာထည်တွေ၊ ဝမ်းတွင်းထည်တွေ၊ အမရပူရထည်တွေ စသည် စသည်ဖြင့် ပုံရိပ်ညံ့မသွားအောင် ဝိုင်းဝန်းထိန်းကွပ်ကြတာဟု ဆိုပါသည်။ အမြော်အမြင်ကြီးလိုက်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



(လေး)

မြန်မာတွေက ဖော်ရွေတယ်။ အစ္စရေးတွေက ညီညွတ်တယ်။ အညာသားတွေက ရိုးတယ်။ စကော့ဝီစကီက ကောင်းတယ်။ ဆွစ်ဘဏ်တွေက စိတ်ချရတယ်။ ပြင်သစ်တွေက လွတ်လပ်တယ်။ မန္တလေးသူတွေက ယဉ်ကျေးတယ် စသည် စသည်ဖြင့် ပုံရိပ်တွေ အများကြီးရှိပါသည်။ ပဲနူးငါးချဉ်၊ တိုက်ကြီးတံမြက်စည်း၊ တွံတေး မာလကာ၊ ကလော ဝိုင်၊ မန္တလေး ထိုးမုန့်၊ ပုသိမ်ဟာလဝါ၊ ပခုက္ကူထည် စသည် စသည်။

သည်ပုံရိပ်တွေ ရလာအောင် တစ်ဦးစီ တစ်ယောက်စီက ပါဝင်ထည့်သွင်းလာခဲ့ကြရခြင်း ဖြစ်ပါသည်။ တစ်ယောက်ကစ တစ်ရာမကောင်းရာက ပုံရိပ်ဖျက်သွားသည့် လူမျိုးတွေ၊ ဒေသတွေ၊ ပစ္စည်းတွေ ကျွန်တော်တို့ရှေ့မှာ အများအပြား ဖြစ်ပါသည်။ ခေတ်ကြီးက သူတို့ကို မသုံးတော့။ အသံကြားရုံနှင့် နှာခေါင်းရှုံ့နေပြီ။

အင်္ဂလိပ်တွေဟာ ဘယ်တော့မှ နောက်ကျောကနေ ဓားနဲ့မထိုးဘူးဆိုသော ပုံရိပ်အတွက် ရွှေပြည်တော်မျှော်တိုင်းဝေးထဲက အင်္ဂလိပ်စစ်ဗိုလ်ကလေးအက်ရှ်မှာ တာဝန်ရှိသလို၊ မွန်တွေဟာ ဘယ်တော့မှ အကောက်မကြံဘူးဆိုသော ပုံရိပ်အတွက် လဂွန်းအိန်မှာ တာဝန်ရှိသလို၊ မုံရွာထည်တွေ ဝမ်းတွင်းထည်တွေ အမရပူရထည်တွေ မည့်ဘူးဆိုသော ပုံရိပ်အတွက် ရက်ကန်းတစ်စင်ချင်းမှာ တာဝန်ရှိသလို၊ မြန်မာတွေဟာ ဘာဆိုသောပုံရိပ်အတွက် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိသည်။

တစ်ယောက်ချင်း၏ လုပ်ရပ်။

တစ်ယောက်ချင်း၏ စိတ်ဓာတ်။

တစ်ယောက်ချင်း၏ ကိုယ်ကျင့်တရား။

တစ်ယောက်ချင်း၏ ဉာဏ်ပညာ။

သမိုင်းအဆက်ဆက် လက်ဆင့်ကမ်းရမည့် နာမည်အဆိုးအကောင်းများ။

[7 Day၊ ၂၈-၅-၂၀၀၉]

## စိုက်ပျိုးသူ အမည်မသိ စိုက်ပျိုးချိန် အမှတ်အသားမရှိ

(တစ်)

ကျွန်တော်တို့ တစ်နိုင်ငံလုံး သောကပရိဒေဝ အကြီးအကျယ် ရောက်ခဲ့ကြရသည့် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ နာဂစ် (Nargis) မုန်တိုင်းကြီးအပြီးမှာ ကျွန်တော့်ဇာတိ တောရွာကလေးသို့ ကျွန်တော် ပြန်ရောက်သွားပါသည်။ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းက သုံးခွဆိုသည့် ရွာကလေး။

ကွမ်းခြံကုန်းက ရန်ကုန်နှင့် မလှမ်းလှပါ။ တစ်နာရီသာသာလောက် ကားစီးသွားရုံနှင့် ကဗျာစာဆိုကြီး ဆရာမင်းသုဝဏ်၏ ဇာတိမြေကွမ်းခြံကုန်းသို့ ရောက်ပါသည်။ ကွမ်းခြံကုန်းနှင့် တစ်မိုင်လောက်အကွာမှာက ကျွန်တော့်ဇာတိသုံးခွ။ ကျွန်တော် ငယ်ငယ်က သည်ရွာကလေးမှာ ခဏတာ နေခဲ့ရဖူးပါသည်။ မူလတန်းပြီးသည်အထိ ရွာကျောင်းမှာပဲ နေခဲ့ရပြီး အလယ်တန်းစာသင်နှစ် တချို့တစ်ဝက်ကို ကွမ်းခြံကုန်းမြို့မှာ တက်ရပါသည်။ သည်တော့ ရွာနှင့်မြို့ကြားက တစ်မိုင်သာသာလောက် လမ်းကလေးသည် ကျွန်တော်တို့ ကျောင်းသွားဖော် လမ်းကလေးပေပဲပေါ့။

လမ်းက မြေလမ်းကလေး ဖြစ်ပါသည်။ သို့သော် ကျောက်စရစ်ခဲကြမ်းတွဲကျဲပက်ကာ သဲကို ခပ်ပါးပါးဖြူးထားသဖြင့် လမ်းလျှောက်ဖြစ်အောင်တော့ ကောင်းပါသည်။ ဒီလမ်းကလေးအပေါ်မှာ သူငယ်ချင်းများနှင့်အတူ လျှောက်သွားကျောင်းပြန် လုပ်ကြရင်း ကျွန်တော် မမေ့နိုင်သည်က ထန်းသင်ကလေးတွေပဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့သည့် အနှစ် ၃၀၊ ၄၀ လောက်က သည်ထန်းပင်ကလေးတွေ မြေပြင်က ထွက်ပြူကာစဆိုတာကို ကျွန်တော် အမှတ်ရနေသည်။ သည်တုန်းကတော့ ကလေးတို့ ဘာသာဘာဝ လမ်းဘေးဝဲယာ၌ တန်းစီနေသည့် ထန်းပင်ပေါက်ကလေးတွေကို တုတ်ဖြင့် ရိုက်ကာနှက်ကာ လက်ဖြင့် ဆိတ်ကာဆွဲကာဖြင့် အလေးအနက်မရှိ ဖြတ်သန်းခဲ့သည်ပဲ ဖြစ်ပါသည်။ နောက်တော့ ရန်ကုန်မြို့ကြီးကို ကျွန်တော် ရောက်သွားသည်။ ပညာသင်ရင်း လုပ်ငန်းခွင်ဝင်ရင်း ရံဖန်ရံခါ ဧည့်သည်သွား ဧည့်သည်လာ ရွာကိုရောက်သွားသည်ကလွဲ၍ ဘယ်တော့မှ ရွာကို ပြန်မရောက်ပါလေတော့။

သို့ဖြင့် နာဂစ် (Nargis) အလွန် ရွာကို ပြန်ရောက်သွားစဉ်မှာတော့ အချိန်တော်တော်ကြီးကို ကြာသည်အထိ ကျွန်တော် 'တွေ' နေမိခဲ့ကာ ဘယ်သူ့ကိုမှန်းမသိ ဦးညွှတ်အလေးပြုချင်၊ ဘယ်အရာကိုမှန်းမသိ မြတ်နိုးတန်ဖိုးထားလိုသော စိတ်တွေ တစိမ့်စိမ့် ပေါ်လာခဲ့တာကတော့ အမှန်ပဲ ဖြစ်ပါသည်။

ဒါကို ကွမ်းခြံကုန်းဆိုသော မြို့ကလေးနှင့် သုံးခွဆိုသည့် ရွာကလေး တစ်ရွာအကြားက ငယ်ဘဝလမ်းကလေးက လုပ်လိုက်ခြင်းပင် ဖြစ်ပါသည်။

## (နှစ်)

လမ်းကလေးကတော့ သည်လမ်းကလေးပဲ ဖြစ်ပါသည်။ ပိုလို့လည်း ကျယ်ပြန့်မလာ၊ ပိုလို့လည်း ရှည်လျားမသွား၊ ကတ္တရာတွေ ဘာတွေလည်း လောင်းမထားသေး။ သို့သော် တော်တော့်ကို မာကြောသည့် ကျောက်လမ်းကလေးတော့ ဖြစ်နေပါပြီ။ ကျွန်တော့်ကို ညှို့ယူလိုက်တာက သည်လမ်းကလေး ဝဲယာက စီတန်းနေသည့် ထန်းပင်များ အရွက်ဖားဖားကြီးတွေ စိမ်းလို့။ ဘာကိုမှ မတုန်လှုပ်သည့် မျက်နှာထားနှင့် မားမားမတ်မတ် ရပ်နေလိုက်ကြတာ ညီလို့၊ စီလို့။ ကျွန်တော်တို့ငယ်ငယ်က ငုံ့ကြည့်ခဲ့ကြရသော နှပ်ချေးတွဲလောင်း ထန်းပင်ကလေးတွေ မဟုတ်တော့။ ကျားကျားလျားလျား ဖားဖားကားကားနဲ့ မော့ကြည့်ရသည့် ထန်းပင်ကြီးတွေ ဖြစ်လို့နေပါပြီ။ ကျက်သရေရှိလိုက်တဲ့ လမ်းကလေး။

သည်ထန်းပင်တွေကို ဘယ်သူစိုက်ခဲ့ပါလိမ့်။ ကျွန်တော် မသိ။ ဘယ်အချိန်တုန်းက စိုက်ခဲ့တာလဲ။ ဒါလည်း ကျွန်တော်မသိ။ ကျွန်တော်တို့ ငယ်ပေါင်းတွေလည်း မသိ။ ကျွန်တော်တို့ရွာက လူတွေလည်းမသိ။ မည်သည့်နေ့ရက်၌ မည်သူက စိုက်ခဲ့ကြောင်း ကမ္ပည်းမော်ကွန်း မှတ်တမ်းမှတ်ရာလည်းမရှိ။ ကျွန်တော်တို့ ကျေးဇူးရှင်တွေက ထင်သာမြင်သာ မရှိလိုက်တာ။



တကယ်တော့ မည်သူမည်ဝါမှန်း မသိနိုင်သည့် ကျေးဇူးရှင်တို့၏ ခြေရာ လက်ရာတွေက အမိမြေကမ္ဘာပေါ်မှာ အနှံ့အပြား ဖြစ်ပါသည်။ ကျိုက်မရော အဝင် လမ်းဘေးဝဲယာက စီတန်းနေသော ထန်းပင်တွေကို ဘယ်သူစိုက်ခဲ့သလဲ။ ပင်းတယ တောင်ခြေက ဈေးမညောင်ပင်ကြီးတွေကိုရော ဘယ်သူစိုက်ခဲ့သလဲ။ ကမ္ပည်းကျောက်စာမပါသည့် ရေတွင်းကလေးတွေ၊ ရေကန်ကလေးတွေ၊ မြေနီလမ်းကလေးတွေ၊ ချောင်းကူး မြောင်းကူးတံတားလေးတွေ၊ သမိုင်းခေတ်များ အဆက်ဆက် ကိုယ်မှီတင်းနေထိုင်သည့် ကိုယ့်မြေကမ္ဘာ ပိုမိုသာယာပါစေသော ဟူသည့် စိတ်တစ်ခုတည်းဖြင့် သူတို့ လုပ်ဆောင်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ရုပ်ရှင်မင်းသား ဘရက်ပစ် (Brad Pitt) ကို ကျွန်တော်တို့ဆီက လူတော်တော်များများ သိကြပါသည်။ Seven Years in Tibet ဟူသော ရုပ်ရှင်ကား၊ Troy ဟူသော ရုပ်ရှင်ကားတို့မှာ သရုပ်ဆောင်ခဲ့သည့် မင်းသားပဲ ဖြစ်ပါသည်။ သူက သူ့မော်တော်ကား၊ သူ့လေယာဉ်၊ သူ့ရေခဲသေတ္တာ၊ သူ့လေအေးပေးစက်က ထွက်နေသည့် ကာဗွန် $CO_2$ တို့ကြောင့် ကမ္ဘာ့အပူချိန် တိုးလာသည် မဖြစ်စေရန်ဟုဆိုကာ Future Forests ခေါ် အနာဂတ်သစ်တောများ ကုမ္ပဏီသို့ ဒေါ်လာတစ်သောင်း ထုတ်ပေးသည်။ ဘူတန်နိုင်ငံ ဟိမဝန္တာတောင်၌ သစ်ပင်များ စိုက်ပျိုးရန်။

တိုက်တန်းနစ်ဇာတ်ကား အပါအဝင် နာမည်ကျော် ရုပ်ရှင်ကားတို့၏ မင်းသား လီယိုနာဒိုဒီကာပရီယို (Leonardo Dicaprio) ကတော့ ဂျာမနီနိုင်ငံ လိုက်ပဇစ်နားက သစ်တောကိုစိုက်ဖို့ ငွေတွေလှူသည်။ The Day After Tomorrow မင်းသမီး ဂျိတ်ဝီလင်းက အာဖရိကတိုက် မိုဇမ်ဘစ်နိုင်ငံ၌ သစ်ပင်စိုက်ရန် ငွေထုတ်လှူသည်။

ကင်ညာနိုင်ငံ မစ္စဝင်ဂရီမာယက်တိုင် (Mrs Wangri Maathai) က သစ်ပင်သုံးသန်း စိုက်ပျိုးပြီးနောက် ၂၀၀၄ အတွက် ငြိမ်းချမ်းရေး နိုဘယ်ဆုကိုပင် အချီးမြှင့်ခံခဲ့ရသည်။ ဟိုးတစ်ခါ ပုဂံမြို့ကအပြန် ဘတ်စ်ကားပေါ်မှာ ဂျပန်အဖွဲ့နှင့် ဆုံရာမေးကြည့်တော့ သစ်ပင်လာစိုက်တာပါတဲ့။ ရှင်မတောင်မှာ စိုက်ပြီးပြန်လာတာတဲ့။ နှစ်စဉ် လာစိုက်ကြောင်း မှတ်တမ်းမှတ်ရာတွေနှင့်။

ကမ္ဘာ့အရပ်ရပ်က ထွက်ထွက်သမျှသော ကာဗွန်ကိုစုပ်ကာ ကမ္ဘာ့အပူချိန် လျော့ကျသွားဖို့ သစ်ပင်တွေ စိုက်နေကြတာ ကောင်းမှုပင်ဖြစ်၍ ကမ္ပည်းထိုးကြ၊ မော်ကွန်းတင်ကြမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကွမ်းခြံကုန်းမြို့နှင့် သုံးခွကျေးရွာကြားက လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ထန်းပင်ကလေးတွေကို စိုက်ပျိုးထားခဲ့သော အမည်မသိ သူ တစ်ယောက် (သို့မဟုတ်) တစ်ယောက်ထက်ပိုသော လူတစ်စုကတော့ ဒီမျှ အထိ စဉ်းစားချင်မှလည်း စဉ်းစားမိပါလိမ့်မည်။ အရိပ်ရတာပေါ့။ အေးတာ ပေါ့ စသည့်စိတ်ကူးမျိုးလောက်ပဲ ရှိချင်ရှိပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဒီစိတ်ကလေးကပဲ ကမ္ဘာကို စိမ်းလန်းစေခြင်း ဖြစ်ပါသည်။ သည်သို့ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဝန်းကျင် သာယာပါစေဟု စိတ်ရှိသူတွေ ကျွန်တော် တို့ဆီက ရွာတွေ၊ မြို့တွေမှာ ရှိတတ်ပါသည်။ သူတို့တွေမှာ “ငါ ဘယ်သူကွ” ဟူသော လက်မောင်းသား ညှစ်ပြတာမျိုးမရှိ။ “ဘယ်တုန်းကပေါ့ကွာ” ဟူသော ပြက္ခဒိန်ကို ရှေ့နားကွပ်တာမျိုးမရှိ။

ရိုးရိုးကလေးပါပဲ။

တကယ်တော့ သည်ရိုးရိုးကလေး စိတ်နေစိတ်ထားတွေ ကမ္ဘာတစ်ပတ် ဆက်စပ်မိသွားဖို့ လိုပါသည်။

အခုကြည့်။ ကျွန်တော်တို့ရွာသို့ သွားရာလမ်းတစ်လျှောက်မှာ ထန်းပင် ကလေးတွေ စိမ်းလို့။ ဘယ်တုန်းကမှန်းမသိသည့်၊ ဘယ်သူဘယ်ဝါ မှတ်တမ်း မှတ်ရာမရှိသည့် ဘိုးဘွားအစဉ်အဆက်ကို ဦးညွှတ်ရင်းက မြေကမ္ဘာအနှံ့အပြား ရှိ အမည်မဖော်လိုသည့် ကျေးဇူးရှင်များအား ကျွန်တော် ကျေးဇူးတင်နေမိပါ သည်။ ။

[7 Day၊ ၁၃–၈–၂၀၀၉]

## အနာဂတ်ဝါကျများ

### (တစ်)

တစ်ခါက ဆယ်တန်းကျောင်းသူကလေးတစ်ယောက်ကို စာသင်ပေးခဲ့ ရစဉ် မြန်မာဝေါဟာရတို့ကို ဝါကျဖွဲ့သည့် သင်ခန်းစာလည်း ပါဝင်သဖြင့် နမူနာ ဝါကျတချို့ ကျွန်တော်က ပေးမိပါသည်။ ကျောင်းသူသမီးငယ်က ကျွန်တော် ပေးသည့် နမူနာဝါကျတို့ကို ဆရာ့ကို အားနာကြောက်ရွံ့သောကြောင့်သာ လိုက် နာနေခဲ့ပုံရပြီး စိတ်တိုင်းမကျသည့်ဟန်ဖြင့် မျက်နှာမကောင်းလှပါ။ ဒါကို ရိပ်စားမိသော ကျွန်တော်က “သမီး ဘာဖြစ်လို့လဲ” ဟူသော မေးခွန်းကို မေး ဖြစ်ပါသည်။ ဒီတော့မှ သမီးငယ်ကလည်း ဖြေပါသည်။

“ဆရာ့ဝါကျတွေ မှားတယ်ထင်လို့” ဟူသော အဖြေပဲ ဖြစ်ပါသည်။ “ဘာဖြစ်လို့လဲ” ဟု သူ့အမြင်ကို ဆက်မေးမိပါသည်။ သည်တော့ သူက ဆရာ့ ဝါကျတွေက “သည်” နဲ့ မစလို့ဟူ၏။ ဥပမာ...

**ဗိုလ်ချုပ်အောင်ဆန်းသည် အာဇာနည်ဖြစ်သည်။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးသည်။ သခင်ကိုယ်တော်မှိုင်းသည် မျိုးချစ်စာဆို ကြီး ဖြစ်သည်။**

အစရှိသည့် ဝါကျပုံစံများ။ သို့ဖြင့် ကျောင်းသူသမီးငယ်က စကားပြော ၌ အရှိန်ရလာသောအခါ “သည်” နှင့် မစသော ဝါကျတို့သည် မှားကြောင်း ထင်ခဲ့တာ ဆရာမတစ်ဦးက သင်ခဲ့ဖူးပုံပါ ဝန်ခံလာပါသည်။ ကျွန်တော် ခေါင်း နပန်း ကြီးသွားမိပါသည်။ အန္တရာယ်များလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



**မြစ်ရေကြီးမည့်သတင်းကြောင့် တစ်မြို့လုံး ချောက်ချားသွားသည်။ မိုးရွာသည်နှင့် လယ်သမားတို့ လယ်တောဆင်းကြသည်။ ခေတ်မီသူတိုင်း ပင်လယ်ငါး စားကြသည်။**

စသည်ဖြင့် ဝါကျအမျိုးမျိုးကို ကလေးက မှားသည်ဟု ထင်နေခြင်းပင်ဖြစ်ပါသည်။ ကျွန်တော် အချိန်တော်တော်ယူကာ စိတ်ရှည်ရှည်ထားပြီး နမူနာဝါကျအမျိုးမျိုးဖြင့် သက်သေပြတော့မှ လက်ခံသွားပုံရပါသည်။

## (နှစ်)

ကျွန်တော်နှင့် စာပေဟောပြောပွဲ အတူတူသွားဖူးသည့် စာရေးဆရာကြီးများထဲတွင် ဆရာအောင်သင်းလည်း ပါဝင်ပါသည်။ ဆရာက ပညာအကြောင်းကို မကြာခဏ ပြောတတ်သော စာရေးဆရာကြီး ဖြစ်ပါသည်။

တစ်ခါမှာတော့ ဆရာက အရပ်လေးမျက်နှာ သင်ကြားပုံအကြောင်းကို ဟာသနှော၍ ဟောပါသည်။ နေထွက်ရာအရပ်သည် အရှေ့၊ နေဝင်ရာအရပ်သည် အနောက်၊ လက်ယာဘက်သည် တောင်၊ လက်ဝဲဘက်သည် မြောက် စသည်ဖြင့် မသင်ကြားဘဲ ကျောင်းသား၏ အိမ်ကို အခြေခံကာ ရေတွင်းရှိတဲ့ဘက်က အရှေ့၊ ကုက္ကိုပင်ကြီးရှိတဲ့ဘက်က အနောက်၊ အုန်းပင်ရှိတဲ့ဘက်က မြောက် စသည်ဖြင့် ကလေးကို သင်ကြားထားခဲ့လျှင် လူ့လောကတစ်နေရာ၌ ထိုကလေးအား အရှေ့၊ အနောက်၊ တောင်၊ မြောက် သိပါသလားဟု မေးခဲ့လျှင် ကလေးက အရှေ့၊ အနောက်၊ တောင်၊ မြောက် သိလိုလျှင် အိမ်လိုက်ခဲ့ဟု ခေါ်မည်ဖြစ်ကြောင်း ဆရာက ပြောပါသည်။ စင်စစ် ဆရာက တပည့်ကို ဘယ်နေရာမှ ချထားချထား အရပ်လေးမျက်နှာ ခွဲတတ်သည့် ကျယ်ပြန့်သော ပညာကို ပေးရမှာဖြစ်ကြောင်း ဆရာက စေတနာစကားဆိုပါသည်။

## (သုံး)

စာပေဟောပြောပွဲ စင်မြင့်တွေပေါ်မှာ နောက်တစ်ခါ ဆုံရတတ်သူက ကာတွန်းအောင်ပီကျယ် ဖြစ်ပါသည်။ တစ်ခါတွင် သူက ပညာအကြောင်းကိုပဲ ပြောပါသည်။

တစ်နေ့ ကိုအောင်ပီကျယ်က သူ့သားတော်မောင်၏ စာစီစာကုံးလက်ရာကို အသာယူကြည့်သည်ဟု ဆိုပါသည်။ ကျွန်တော်အကြောင်း စာစီစာကုံး။ သူ့သားက ကျွန်တော်၏ဖခင်မှာ ဦးဘဖြစ်ပါသည်ဟု ရေးထားသည်မှစကာ



ကာတွန်းဆရာ ဘဝင်မကျ။ အောင်ပီကျယ်ဟူသော အမည်ကို ရေးလျှင်လည်းရေး သို့မဟုတ် အမည်ရင်း ဦးဝင်းနိုင်ဟူသောအမည်ကို သုံးလိုလည်းသုံး၊ ဦးဘကတော့ ဘယ်လိုမှ မဖြစ်သင့်ကြောင်း ဆွေးနွေးရသည်ဟု ဆိုပါသည်။ ကာတွန်းဆရာက ကာတွန်းဆန်စွာပင် ကလိပါသည်။ ဦးဘနဲ့အိမ်က အမျိုးသမီးနဲ့များ ပတ်သက်ဖူးခဲ့လေသလားဟူသည့် ကလိတိတိစကားပင် ဖြစ်ပါသည်။

တကယ်တမ်းအားဖြင့် သည်အဖြစ်အပျက်ကလေးတွေကို သာမန်ဟုသဘောထားလိုက်လျှင်လည်း သာမန်ပင် ဖြစ်ပါသည်။ ရယ်စရာ မောစရာမျှသာဟု ဆိုတော့လည်း ရယ်စရာ မောစရာမျှသာပဲပေါ့။ သို့သော် ဆရာအောင်သင်းပြောဖူးသည့်အတိုင်း ရယ်စရာနောက်က မောစရာတွေက ကပ်ပါလာမြဲ ဖြစ်သည်ကို ကျွန်တော်တို့ သတိချပ်သင့်သည်ဟု ယူဆပါသည်။ ကျွန်တော်တို့ခေတ်က ပညာခေတ်ဖြစ်ပါသည်။

Education For All အားလုံးအတွက် ပညာဟူသော အသံ၊ Learning Society ထာဝစဉ်သင်ကြားနေသည့် လူ့အဖွဲ့အစည်းဟူသော အသံ၊ Knowledge Age ပညာခေတ်ဟူသော အသံ၊ Knowledge Society ပညာလူ့အဖွဲ့အစည်းဟူသော အသံတို့ ကျွတ်ကျွတ်ညံနေသောခေတ်ပဲ ဖြစ်ပါသည်။ ပညာ၏ အရေးကြီးပုံတို့ကို ပိုမို သိနားလည်လာကြကာ တကယ့်ပညာကသာ လူ့အဖွဲ့အစည်းကို အမြင့်သို့ ဆွဲတင်နိုင်ကြောင်း နားလည်သဘောပေါက်လာသောကာလလည်း ဖြစ်ပါသည်။

ဝါကျဆိုတာ "သည်" နဲ့ မစရင် မှားတယ်ဟူသော အယူအဆကအမျိုးမျိုး အထွေထွေသော အသွင်ကွဲဝါကျများကို ကလေးတို့ မတည်ဆောက်ရဲအောင် ဟန့်လိုက်သလို ဖြစ်သွားပါသည်။ Creation ခေါ် တီထွင်ဖန်ဆင်းနိုင်စွမ်းကို သတ်လိုက်ခြင်းဟု ယူဆပါသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို မိမိအိမ်ထဲမှာ ဘယ်တော့မှ မမှားအောင် သင်ထားပုံမျိုးကျတော့ မြင်ကွင်းကျဉ်းနေခြင်း ဖြစ်ပါသည်။ Scope ကျဉ်းကျဉ်းကလေးထဲကနေ ကြည့်ခိုင်းခြင်းပင် ဖြစ်ပါသည်။ ဖခင်အမည်မှန်သမျှ ဦးဘအဖြစ်မျိုးကတော့ ပုံသေကားကျ ပညာရေးသဘောထားပဲ ဖြစ်ပါသည်။ Stereo Type။ စက်ရုံတစ်ရုံထဲက ထွက်လာသည့် ပစ္စည်းတွေလို အဆင်အသွေး အတွေးအမြင် အယူအဆ တစ်ထပ်တည်း။

တကယ်တော့ ပညာအပေါ်တွင်ထားသည့် ကျွန်တော်တို့၏ စိတ်နေစိတ်ထားတွေက အလျင်အမြန်ဆုံး ပြောင်းလဲပစ်ရမည့် အရာပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့၏ တီထွင်ဖန်ဆင်းလိုသော စိတ်တွေကို ကျွန်တော်တို့ ပိတ်ဆို့မထားသင့်။ ဝါကျအမျိုးမျိုး အထွေထွေရေးချကြပါစေ။ လောကကို အကျယ်အပြန့် ကြည့်ရှုတတ်ရန်လည်း ကျွန်တော်တို့က ဆွဲခေါ်သွားသင့်ကြပါ၏။ ကမ္ဘာကြီး၏ ဘယ်နေရာကိုရောက်ရောက် အရှေ့၊ အနောက်၊ တောင်၊ မြောက် ခွဲခြားသိပါစေ။ ပုံသေကားကျ Stereo Type နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကိုယ်ပိုင်အမှတ်အသား Identity လည်း ‌တောက်ပခွင့် ရှိသင့်ပါသည်။ ကိုယ့်ဖေဖေနာမည်ကိုယ်ရေး။ ကိုယ့်မေမေနာမည် ကိုယ်ရေး။ ကိုယ့်နာမည်ကိုယ်ရေး။ သေးလူနှင့် တူစရာမလို။

သည်သဘောထားတွေက ပညာရေးနှင့် ဆက်စပ်နေသမျှ လူတိုင်းလူတိုင်း၏ စိတ်ထဲမှာ အမြစ်တွယ်နေသင့်သော စိတ်ထားတွေပဲ ဖြစ်ပါသည်။ ကျွန်တော်တို့၏ ကလေးတွေ လင်းသွားဝင်းသွားအောင်၊ လွတ်လပ်ကျယ်ပြန့် မီးခိုးမဆုံးမှိုးမဆုံးဖြစ်သွားအောင်၊ ကိုယ့်မူကိုယ့်ဟန်နဲ့ ကြည့်ကောင်း ရှုကောင်းဖြစ်သွားအောင် ကျွန်တော်တို့ကပဲ လုပ်ဆောင်ပေးရမှာ ဖြစ်ပါသည်။

ကလေးတို့၏ စိတ်ကူးစိတ်သန်းများကို ဆွဲ့အောင်တွန့်အောင် လုပ်မိခြင်းသည် အနာဂတ်ကို ဆွဲ့သွားတွန့်သွားစေတတ်ပါသည်။ ဝိုင်းဝန်းပျိုးထောင်ကြဖို့က ကျွန်တော်တို့အားလုံး၏ကိစ္စ။ ။

[7 Day၊ ၃-၉-၂၀၀၉]

## ဤကမ္ဘာကို ကျွန်ုပ်တို့ ဖျက်ဆီးခဲ့ကြသည်

### (တစ်)

ယခုရက်ပိုင်းများအတွင်း ကျွန်တော့်ကို အဆွဲဆောင်ဆုံး သတင်းက ကမ္ဘာသစ်ရှာသည်ဆိုသော သတင်းပဲ ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် မတ်လ ၆ ရက်က ကက်ပလာ (Kepler) အမည်ရှိ ဒေါ်လာသန်း ၆၀၀ တန် အာကာသယာဉ်ကို လွှတ်တင်လိုက်ကာ ကမ္ဘာသစ်ရှာပြီဆိုသည့်သတင်းပဲ ဖြစ်ပါသည်။ နာဆာက စီစဉ်ဆောင်ရွက်သည့် သုတေသနလုပ်ငန်း Nasa's new hunt for another Earth ဟု ခေါင်းစဉ်ပေးထားသည့်လုပ်ငန်း။

အိုးအိမ်အဟောင်းကို စိတ်ပျက်သူတို့က အိုးသစ်အိမ်သစ် ထူထောင်ကြ၏။ မိတ်ဟောင်း ဆွေဟောင်းများကို ငြီးငွေ့သူတို့က မိတ်ဆွေသစ်ရှာကြ၏။ ဈေးကွက်အဟောင်းက လေးလံထိုင်းမှိုင်းလာသောအခါ ဈေးကွက်သစ်ကို ရှာကြ၏။ မြို့သစ်၊ ရွာသစ်၊ ဂီတအသစ်၊ ပန်းချီအသစ်၊ ဒီဇိုင်းအသစ် စသည် စသည်များ။

ယခု ကမ္ဘာသစ်ကို ရှာကြပြီဟု ဆိုချေသောအခါ ကျွန်တော်တို့ နေထိုင်ကြရာ ဟောသည့် ကမ္ဘာအဟောင်းကို လူသားတို့ စိတ်ကုန်စပြုလာ၊ စိုးရိမ်စိတ်လန့်စပြုလာခြင်း၏ လက္ခဏာတစ်ရပ်ဟု ကျွန်တော် ခံစားမိပါသည်။

ပျက်တော့မည့်ကမ္ဘာ သို့မဟုတ် ပျက်နေသောကမ္ဘာကနေ ဘယ်ကမ္ဘာ၊ ဘယ်နေရာကို ကျွန်တော်တို့ လွှတ်အောင် ပြေးကြမလဲ။ ကမ္ဘာပျက်အောင် ဘယ်သူတွေက လုပ်နေကြတာလဲ။ ပြန်ပြီးပြုပြင်၊ ပြန်ပြီး စောင့်ရှောက်ထိန်းသိမ်းလို့ရော မရနိုင်တော့ဘူးလား။ မေးခွန်းတွေကတော့ အများကြီးပဲ ဖြစ်ပါသည်။

www.burmeseclassic.com



(နှစ်)

ကျွန်တော်တို့၏ ဝါကျင်ကျင်ဂန္ထဝင်စာရွက်အဟောင်းများပေါ်တွင်ကား မီးဖျက်သောကမ္ဘာ၊ ရေဖျက်သောကမ္ဘာ၊ လေဖျက်သောကမ္ဘာ စသည်ဖြင့် ကမ္ဘာပျက်ပုံကို အမျိုးအစား ခွဲထားသည်။

နေ ၇ စင်းထွက်ပေါ်လာကာ မြေကြီးမှနေ၍ ပထမစျာန်သုံးဘုံတိုင်အောင် မုန်ညင်းလုံးမျှပင် အကြွင်းအကျန်မရှိဘဲ လောင်ကျွမ်းပျက်စီးသွားမည့် ကမ္ဘာဆိုပါကလား။ မီးကြောင့်တဲ့။

ဒုတိယစျာန်သုံးဘုံတိုင်သည်အထိ ဆားခဲကို ရေတွင်ချ၍ ကြေသွားသကဲ့သို့ ကြေပျက်သွားမည့်ကမ္ဘာက ရေကြောင့်တဲ့။

တတိယစျာန် သုံးဘုံတိုင်သည်အထိ စကြဝဠာကုဋေတစ်သိန်းလုံး မှုန့်မှုန့်ညက်ညက် ကြေပျက်သည်အထိ ပျက်စီးသွားမည့် ကမ္ဘာကတော့ လေကြောင့် ပျက်မည့်ကမ္ဘာတဲ့။

အင်္ဂလန်နိုင်ငံ တောင်ပိုင်း ဆပ်ဆက်တက္ကသိုလ်က ရှောဘတ်စမစ်ကတော့ ကမ္ဘာပျက်ဖို့ နှစ်သန်းပေါင်း ၇၆၀၀ လိုသေးသည်ဟု ဆိုပါသည်။ နေဆွဲအားထဲသို့ ကမ္ဘာကြီး ဝင်ရောက်သွားပြီးနောက် ပေါက်ကွဲသွားမည်ဖြစ်ကြောင်းလည်း နက္ခတ္တဗေဒ၊ ရူပဗေဒပညာရှင်တို့က တွက်ချက်နေကြပါသည်။

သန်းနှင့်ချီသော နှစ်များကြောင့် ကာလအခွန့်ဝေးလွန်း ကွာလွန်းလှပေရာ မပူပင်တတ်သူတို့က မပူပင်ချင်ဘူးပဲ ဆိုပါတော့။ အခုကိုပဲ ကမ္ဘာက ပျက်စပြုနေခဲ့ပြီ ဖြစ်ပါသည်။

(သုံး)

ခရမ်းလွန်နွေဦးတဲ့။ အမည်က ကဗျာဆန်သလောက် ကြောက်မက်ဖွယ် အရိပ်ကြီးက ကမ္ဘာကို မိုးထား၏။ လူတို့ရှိကြသည့် တောမီးကထွက်သော အခိုးအငွေ့များ၊ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုမှ ထွက်လာသည့် အငွေ့များ၊ လေယာဉ်တို့၊ ကားတို့၊ စက်ရုံ၊ အလုပ်ရုံတို့လို နေရာပေါင်းစုံက ထွက်လာသည့် အငွေ့များထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်တွေ၊ နိုက်ထရိုဂျင်အောက်ဆိုက်တွေပါ၏။ သည်ဓာတ်ငွေ့တွေက ကမ္ဘာ့အိုဇုန်းလွှာကို ဖျက်ဆီး၏။

ကမ္ဘာ့မြေမျက်နှာပြင် အထက် ၁၀ မိုင်ဝန်းကျင်တွင် ကမ္ဘာကို ဝန်းရံကာကွယ်ထားသည့် အိုဇုန်းအလွှာ (အောက်ဆီဂျင် အက်တမ် ၃ ခု + အိုဇုန်း



ဓာတ်ငွေ့) သည် ပေါက်သည့်နေရာ၌ ပေါက်ကာ၊ ပါးသည့်နေရာက ပါးလွှာလာ၏။ ကမ္ဘာသို့ တိုက်ရိုက် ထိုးဖောက်ဝင်ရောက်လာသည့် နေရောင်နှင့်အတူ ခရမ်းလွန်ရောင်ခြည်ကို ကျွန်တော်တို့ တားမထားနိုင်တော့။ မှန်လုံအိမ်အာနိသင် ဟု အမည်ပေးထားသည့် ကမ္ဘာကြီး အမြဲတမ်း ပူနွေးနေသည့် အရသာကို ကျွန်တော်တို့ ခံစားကြရ၏။ ကာဗွန်ဒိုင်အောက်ဆိုက်ကို ပင်လယ်ကလည်း နိုင်အောင် မစုပ်ယူနိုင်တော့။ ပြုန်းနေသည့် သစ်တောတွေကလည်း မစုပ်ယူနိုင်ပြန်။ ကာဗွန်ဒိုင်အောက်ဆိုက် တစ်နှစ်တွင် ဘီလျံ ၇ တန်လောက် ထွက်နေသည့် ကမ္ဘာ၌ ဘီလျံ ၃ တန်လောက်သာ စုပ်နိုင်သော ပင်လယ်နှင့်သစ်တောတို့က လက်မှိုင်ချကြရပြီ။

Green house effect ခေါ် မှန်လုံအိမ်အာနိသင်ဖြင့် အပူရှိန်တက်နေသည့် ကမ္ဘာ၌ ရေခဲတောင်တွေ အရည်ပျော်၊ပင်လယ်သမုဒ္ဒရာတွေ ရေလျှံ၊ နေကြီး၊ ရေလွှမ်း၊ မုန်တိုင်းတိုက်၊ မိုးခေါင်၊ ရာသီပျက်၊ သီးနှံပြုန်း အားလုံးသောဘေးဒုက္ခတွေက ကျွန်တော်တို့အတွက် ဖြစ်ပါ၏။ နိုက်ထရိုဂျင်အောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက် တိုးအောင်လုပ်တာ ကျွန်တော်တို့။ အိုဇုန်းလွှာပေါက်အောင်လုပ်တာ ကျွန်တော်တို့။ သစ်တောတွေကို ပြုန်းအောင်လုပ်တာ ကျွန်တော်တို့။ အခုပူသောကမ္ဘာကို စိတ်ပျက်နေသည်ဆိုတာကလည်း ကျွန်တော်တို့။

အက်ဆစ်မိုးဆိုသည်ကလည်း တဝေါဝေါ ရွာသွန်းရန် အသင့်အနေအထား။ ရာလကာရည်ထက် နှစ်ဆပြင်းသော အက်ဆစ်မိုးတဲ့။ ယာဉ်ရထားများ၊ ကျောက်မီးသွေးလောင်စာများ၊ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများမှ ထွက်လာသည့် ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များကြောင့် မိုးက အသန့်မရှာတော့။ အက်ဆစ်မိုး၊ ပိုတက်စီယမ်ပါသောမိုး၊ အလူမီနီယမ်ပါသောမိုး၊ သစ်ပင်၊ သစ်တော၊ ချောင်းမြောင်း၊ သားငါးအားလုံးကို အဆိပ်သင့်စေသည့်မိုး။ သည်မသန့်သောမိုးတွေရွာအောင် လုပ်ခဲ့တာလည်း ကျွန်တော်တို့။

နျူကလီးယားဆောင်း၊ ရေခဲမှတ်၏အောက်သို့ ရောက်သည်အထိ အေးစေမည့် ဆောင်း၊ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုကြီးများ၏ နောက်တော်ပါအနေ ဖဝါးခြေထပ်ကပ်ပြီး လိုက်ပါလာမည့်ဆောင်းတဲ့။ သက်ရှိ သတ္တဝါ အပင်တွေ ဘယ်လိုမှ အသက်မရှင်နိုင်သည့်ဆောင်း။ သည်နျူကလီးယားဆောင်းကိုလည်း ကျွန်တော်တို့တွေကပဲ ပုံဖော်နေခြင်း ဖြစ်ပါသည်။

The Strait Time သတင်းစာတစ်နေရာ၌ အောက်ဆီဂျင်ဘား (Oxygen Bar) ဟုသည့် သတင်းတိုကလေးတစ်ပုဒ် ဖတ်မှုးခဲ့ပါသည်။ လေထုမသန့်

www.burmeseclassic.com

www.burmeseclassic.com



တော့သော ကမ္ဘာ၌ အောက်ဆီဂျင်က ၂၁ ရာခိုင်နှုန်းသာရှိရာ အောက်ဆီဂျင် သန့်သန့် ပြည့်ပြည့်ဝဝကို ထိုဘားများ၌ ဓာတ်ငွေ့ပိုက်ဖြင့် တစ်မိနစ်ကို စင်ကာပူ ဒေါ်လာ တစ်ဒေါ်လာနှုန်းဖြင့် ရှုနိုင်ကြောင်း သတင်းကလေးဖြစ်ပြီး အဆို တော် ဘရစ်တနီစပီးယား၊ ရုပ်ရှင်မင်းသမီး ဂျူလီယာရောဘတ်တို့ သွားရှုလေ့ ရှိသည်ဟု ဖော်ပြထားပါသည်။ ဩော်... အသက်ရှုဖို့တောင် ရှေ့လျှောက် ခက်ခဲတော့မယ့် ကမ္ဘာလား။

(လေး)

တကယ်တော့ ကမ္ဘာကို နေချင်စရာ မကောင်းတော့အောင်၊ ပျက်စီး ယိုယွင်းအောင် လုပ်ခဲ့တာက ကျွန်တော်တို့ကိုယ်တိုင်ပဲ ဖြစ်ပါသည်။ မုန်တိုင်း ကြီးတွေ၊ မဟာရေလျှံရေလွှမ်းမှုကြီးတွေ၊ ငလျင်တွေ၊ မီးတောင်ပေါက်ကွဲသံတွေ။

တစ်ခါတွင် အမေရိကန် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုး (Albet Amold Gore) ၏ An Inconvenient Truth စာအုပ်ကို လှန်လှောခွင့်ရခဲ့ရာ ရေကြီးမှုဖြစ်လျှင် ပင်လယ်ရေပြင်အောက်ရောက်သွားနိုင်သည့် ဒေသများကို ပြထားရာ မဖွံ့ဖြိုးသောနိုင်ငံတွေက အများစုဖြစ်ပါသည်။

ဒါကြောင့်လည်း ဘင်္ဂလားဒေ့ရှ် ပတ်ဝန်းကျင်နှင့် သဘာဝ သစ်တော ရေးရာဝန်ကြီး မစ္စတာရာမန်ခန်းက လူဦးရေ သန်း ၁၅၀ ရှိသော သူ့နိုင်ငံ၌ သန်း ၃၀ သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဒုက္ခသည်များသည် ဖွံ့ဖြိုးပြီး နိုင်ငံကြီးများကြောင့် ဒုက္ခဖြစ်ရခြင်းဟုဆိုကာ လျော်ကြေးပေးကြဖို့ တောင်းနေ ခြင်း ဖြစ်ပါလိမ့်မည်။ ကမ္ဘာ့ရာသီဥတု သဘာဝအနေအထား ပြောင်းလဲရတာ ဖွံ့ဖြိုးသော နိုင်ငံများကြောင့်ဟူသော စွပ်စွဲချက်။

ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းအားဖြင့်ကတော့ ကမ္ဘာကိုပျက်အောင် အပြင် ကလာဖျက်ခြင်း မဟုတ်တာကတော့ သေချာပါသည်။ ကမ္ဘာသူ၊ ကမ္ဘာသား ကျွန်တော်တို့ ကိုယ်တိုင်က ဖျက်နေခြင်းသာ ဖြစ်ပါသည်။

(ငါး)

ကျွန်တော့်တွင် ကမ္ဘာကျော်မင်းသား ကီနူးရိဗ် (Keanu Reeves) ၏ ရုပ်ရှင်တစ်ကား ရှိပါသည်။ The Day the Earth Stood still ဟူသည့် ဓာတ် ကား။ ပျက်စီးယိုယွင်းလုနီးနီးကမ္ဘာမှ လူမှတစ်ပါး သတ္တဝါမှန်သမျှကို တခြား ဂြိုဟ်က လာရောက်ကယ်ထုတ်သည့်ဓာတ်ကား။ ကယ်တင်ပြီးနောက် ကမ္ဘာကို



ဖောက်ခွဲထားရစ်ခဲ့မည့် အစီအစဉ်။ ကမ္ဘာကို နေချင့်စဖွယ်ဖြစ်အောင် ပြန်လည် ပြုပြင်ပါမည်ဟူသော လူသားတို့၏ကတိဖြင့် အဆုံးသတ်ထားသည့် ဓာတ်ကား။

ကျွန်တော် သိပ်သဘောကျသွားမိသည်။ လူသည် ကမ္ဘာကြီးကနေ ထွက် ပြေးပြီး တခြားဂြိုဟ်မှာ သွားနေလို့မရဟူသည့် ကိုအော်ပီကျယ်၏ ကာတွန်းထဲ ကအတိုင်း ကျွန်တော်တို့သည် ကမ္ဘာကနေ စွန့်ခွာသွားလို့ မရပါ။ ထို့ကြောင့် ပြန်လည် လတ်ဆတ်၊ ပြန်လည် လန်းဆန်း၊ ပြန်လည် သန့်စင်သော ကမ္ဘာ ဖြစ်အောင် ကျွန်တော်တို့ လူသားတွေကပဲ ပြန်လုပ်ကြရမှာ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော်...

သည်ကမ္ဘာကို ဖျက်ဆီးခဲ့သူမှာ ကျွန်တော်တို့ လူသားများကိုယ်တိုင် ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ ။

[7 Day၊ ၁၀-၉-၂၀၀၉]

www.burmeseclassic.com

www.burmeseclassic.com

## ပြန်လျော်ပေး လို့ဆိုသူတို့ရဲ့ ကမ္ဘာ

### (တစ်)

ပြန်လျော်ပေး
အဖေ့ကို ပြန်လျော်ပေး
အမေ့ကို ပြန်လျော်ပေး
ဘိုးဘိုး ဘွားဘွားတွေကို ပြန်လျော်ပေး
ညီ ညီမလေးတွေကို ပြန်လျော်ပေး
ကျွန်တော့်ကို ပြန်လျော်ပေး
ကျွန်တော်နှင့် ဆက်စပ်နေတဲ့ လူသားအားလုံးကို ပြန်လျော်ပေး
လူ့လောကမှာ ပျက်စီးသွားတဲ့ ငြိမ်းချမ်းရေးကို ပြန်လျော်ပေး။

ကျွန်တော့်မှတ်စုစာအုပ်တစ်နေရာ၌ ကူးယူထားခဲ့သော ကဗျာလေးတစ်ပုဒ်ပဲ ဖြစ်ပါသည်။ ဆရာရဲမြလွင် ဂျပန်ဘာသာမှ တိုက်ရိုက်ဘာသာပြန်ဆိုခဲ့သော ကဗျာလေးတစ်ပုဒ်။ သည်ကဗျာကို မူလတန်းကျောင်းသားကလေး တစ်ယောက်က ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ တော်ဂဲကီကျိ (TOGEKICHI) တဲ့။ အနုမြူဗုံးဒဏ်ကြောင့် ဝေဒနာခံစားနေရစဉ် ရက်များအတွင်း မကွယ်လွန်မီဆေးရုံပေါ်မှာ ရေးဖွဲ့သွားခဲ့သည့် ကဗျာတဲ့။

သည်ကဗျာလေးကို ဟီရိုရှီးမားကမ္ဘာ့ငြိမ်းချမ်းရေး ပန်းခြံအတွင်းရှိ ထိုကလေးငယ်၏ အုတ်ဂူ၌ ထွင်းထားသည်ကို တွေ့သဖြင့် ကူးယူခဲ့ကာ ဘာသာပြန်လိုက်ခြင်း ဖြစ်ကြောင်းလည်း ဆရာရဲမြလွင်က မှတ်ချက်ရေးထားခဲ့ပါသည်။



ဪ... ပြန်လျော်ပေးတဲ့။

ကျွန်တော် နာကျင်စွာ ပြုံးမိပါသည်။ ပြန်လျော်ပေး။ ဘယ်သူ့ဆီကဘာတွေနဲ့ ဘယ်လိုလျော်ကြမလဲ။ ငွေနဲ့လား။ ရွှေနဲ့လား။ ဒေါ်လာဘယ်နှသန်းလဲ။ ရွှေဘယ်နှတန်လဲ။ ကားဘယ်နှစီး။ တိုက်ဘယ်နှလုံး။ လေယာဉ်တင်သင်္ဘောဘယ်နှစင်း။ လျော်လို့ကျေပါ့မလား။ မိဘဘိုးဘွား၊ မောင်နှမသားချင်းသူငယ်ချင်းတွေကို အသက်ရှင်လျက် ပြန်တွေ့ရသလို အခြေအနေမျိုးဆောက်အောင် ဘာတွေနဲ့ ဘယ်လောက်အထိ ကျွန်တော်တို့က လျော်ကြမှာဘဲလဲ။

တကယ်တော့ ပေးလျော်လို့မရနိုင်သော ထိခိုက်နာကျင်မှုတွေက ကမ္ဘာပေါ်မှာ အနှံ့အပြားပဲ ဖြစ်ပါသည်။

### (နှစ်)

ဟသ်ာတ တက္ကသိုလ် ရူပဗေဒဌာန၌ တွဲဖက်ပါမောက္ခတစ်ဦး ရှိပါသည်။ ဆရာက တစ်ကိုယ်တည်းသမား လူပျိုကြီးဖြစ်ပြီး အမြဲတမ်းလိုလို သူ့လက်စွဲတော် စက်ဘီးကလေး တစ်စီးနှင့်။

အခုတော့ သူ စက်ဘီးစီးမရတော့။ လမ်းလည်း ကောင်းကောင်းလျှောက်မရတော့။ ထော့နင်းထော့နင်း။ ကျောင်းသွားကျောင်းပြန် ဆိုက်ကားတစ်စီးနှင့်။ လှေကားထစ်တွေ ဘာတွေကို တက်မရတော့။ ရူပဗေဒဌာနက မြေညီထပ်မှာရှိနေသေးလို့ တော်ပါသေးရဲ့ဟု ကျွန်တော်စိတ်ကို ဖြေရသည်။ နောက်ပိုင်းအငြိမ်းစားတွေ ဘာတွေယူသွားပြီးတဲ့အခါ ဆရာ ဘယ်လိုနေမှာပါလိမ့်ဆိုသောအတွေးကတော့ ကျွန်တော့်ကို စိတ်မောစေသည်။

တကယ်တော့ ဒါတွေကို ရမ်းကားသော ဆိုင်ကယ်သမား တစ်ယောက်က ဖန်တီးလိုက်ခြင်းပဲ ဖြစ်ပါသည်။ ဆရာ့စက်ဘီးကို ဖြတ်တိုက်လိုက်ရာကခြေထောက် အပိုင်းပိုင်းအတစ်တစ် ကျိုးသွားခဲ့ခြင်းပင် ဖြစ်ပါသည်။

သူ့မဆင်မခြင်မှု၊ သူ့ရမ်းကားမှု၊ သူ့ဉာဏ်အမြော်အမြင် ချွတ်ခြုံကျမှုတို့အတွက် သူ ဘယ်လောက်ပေးလျော်ခဲ့သလဲ ကျွန်တော် မသိပါ။ နှစ်သိန်း၊ သုံးသိန်း၊ ငါးသိန်း၊ တစ်စုံတစ်ရာ သူ ပေးလျော်ခဲ့လေမပေါ့။ သို့သော် ဆရာ့ဘဝကတော့ ဘယ်လိုမှ အကောင်းအတိုင်း ပြန်မရတော့။ သက်ဆုံးတိုင် ဒုက္ခဘဝကို ခံစားပေတော့။

ဒါကြောင့် အရာရာကို အလျော်ပေးလို့ရသလားဆိုသည် မေးခွန်းကို ကျွန်တော်က မေးလိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (သုံး)

ဟစ်တလာလို သွေးဆာသူ လူတစ်ယောက်ကြောင့် ကမ္ဘာစစ်မီးကြီး တောက်ခဲ့ရကာ အသက်အိုးအိမ် စည်းစိမ်တွေ အများအပြား ပျက်သုဉ်းခဲ့ရ၏။ ဆက်ဒမ်ဟူစိန်လို ရက်စက်ခက်ထန်သူ တစ်ယောက်ကြောင့် အီရတ်ပြည်သူ ပြည်သားတွေ အသတ်ခံခဲ့ကြရ၏။ စတာလင်လို အာဏာရှင်တစ်ယောက်ကြောင့် ရုရှားနိုင်ငံသား အများအပြား၏ ဘဝတွေ ကျိုးကြေခဲ့ရ၏။

ကျွန်တော်တို့ ဘယ်လိုလျော်ကြေးပေးကြမလဲ။

ကျေအောင်ပေးလို့ရော ရနိုင်ကြပါစ။

တိုက်တာ အိမ်ခြေတွေ၊ လူ့အသုံးအဆောင်ပစ္စည်းတွေကို ကျွန်တော်တို့ လျော်လို့ရပါသည်။ ကားတစ်စီးကို ကားတစ်စီးနှင့် အလျော်ပေးနိုင်ပါသည်။ နွားတစ်ကောင်ကိုလည်း နွားတစ်ကောင်နှင့် အလျော်ပေးနိုင်ပါသည်။ တယ်လီဖုန်းတစ်လုံးကိုလည်း တယ်လီဖုန်းတစ်လုံးနှင့် အလျော်ပေးနိုင်ပါသည်။

လူကို ဘာနဲ့ ကျွန်တော်တို့ အလျော်ပေးကြမလဲ။

ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်ခြေထောက်၊ ကိုယ့်လက်၊ ကိုယ့်အသက်၊ ကိုယ့်မျက်လုံး၊ ကိုယ့်စိတ်၊ ကိုယ့်ခံစားမှု၊ ကိုယ့်ယုံကြည်ရာကို လူတစ်ယောက်ယောက်က၊ အဖွဲ့အစည်းတစ်ခုခုက၊ စစ်ပွဲကြီးတစ်ပွဲက ဒါမှမဟုတ် ဆိုင်ကယ်တစ်စီး၊ မော်တော်ကားတစ်စီး၊ လူရမ်းကားတစ်သိုက် စသည် စသည်တို့က ချိုးခြေဖျက်ဆီးပစ်လိုက်သောအခါ ဘယ်လိုလုပ် အလျော်ပေးကြရပါ့။

ဂျပန်ကဗျာဆရာလေး တော်ဂဲကိကျိ (TOGE KICHI) ကိုလည်း ဘာနဲ့မှ ကျွန်တော်တို့ ပြန်လျော်လို့မရ။ ရူပဗေဒဆရာ၏ အပိုင်းပိုင်း အတစ်တစ် ကျိုးသွားသော ခြေထောက်ကိုလည်း ကျွန်တော်တို့ လျော်လို့မရ။

လူ့ဘဝသို့ တစ်ခေါက်တစ်ခါရောက်လာကြသူများ အချင်းချင်း လူနှင့်လူ့ဘဝကို ထိခိုက်နာကျင်အောင်လုပ်သော အမှုလောက် ဆိုးသည့်အမှု ဤကမ္ဘာပေါ်၌ရှိမည်ဟု ကျွန်တော် မထင်ပါ။

လူကို အလျော်ပေးရသည်ဆိုခြင်းမှာ ဘယ်လိုမှ မဖြစ်နိုင်သောအလုပ် မဟုတ်ပါလား။

[ပိတောက်ပွင့်သစ်၊ နိုဝင်ဘာ ၂၀၀၉၊
7 Day၊ ၂၄-၉-၂၀၀၉]

# ကမ္ဘာကြီးကို လွှင့်မပစ်လိုက်ပါနဲ့

## (တစ်)

အသက်အရွယ်ကြောင့်လား။ ဒါမှမဟုတ် လက်လှမ်းမီသမျှ တောင်ဖတ်မြောက်ဖတ် ဖတ်မိတာကလေးတွေကြောင့်လား မသိ။ အခု နောက်ပိုင်း ဘာမှ မဟုတ်တာကလေးတွေကို နှမြောတတ်လာ၊ ဘဝတာတစ်လျှောက် ဆုံကြုံခဲ့ရသည့် နှမြောစစ်စီတတ်သူ၊ ချွေတာတတ်သူတို့ကို မကြာခဏ သတိရမိလာတာကိုဖြင့် ကျွန်တော် ဝန်ခံလိုပါသည်။

နီးလည်းနီးစပ်၊ လွယ်လည်းလွယ်ကူရာ ဥပမာအဖြစ် ကျွန်တော့်ဝန်းကျင်၌ ဘောလ်ပင် (ballpen) ကလေးတွေ ရှိပါသည်။ တစ်ခါသုံး ဘောလ်ပင်ကလေးတွေကို မကြာခဏ ဝယ်ရေးမိခဲ့ပြီး ရေးလို့ကုန်သည်နှင့် လွှင့်ပစ်ရသို့အကြောင်းဖန်လာတိုင်း ဝန်လေးနေမိသည်ကဖြင့် အမှန်ပဲဖြစ်ပါသည်။ ဘောလ်ပင်ကလေးတွေက နှမြောစရာကောင်းလောက်အောင် ချစ်စရာကောင်းနေခဲ့သည်ကိုး။

ခေတ်က ကျွန်တော်တို့ ချာတိတ်အရွယ်ကလို ခေတ်မျိုးမဟုတ်။ ဘောလ်ပင်အကောင်းစားကို Refill လဲကာသုံးသူတွေ မရှိမဟုတ် ရှိနိုင်ပါသည်။ ဖောင်တိန် (Fountain pen) ကို မင်ထည့်ကာ သုံးသူတွေလည်း မရှိမဟုတ် ရှိနိုင်ပါသည်။ သို့သော် အများစုက တစ်ခါသုံး ဘောလ်ပင်များသာ။ တစ်ခါသုံး ဘောလ်ပင်တွေကလည်း ချစ်စရာကောင်းလိုက်တာ။ အရောင်စုံ အသွေးစုံ ဒီဇိုင်းအမျိုးမျိုး။ ငွေကလေး သုံးလေးငါးရာကျပ်ရှိလျှင် ကြိုက်တာ ဝယ်ရေးပေတော့။ သည်တော့ ကျွန်တော်ကလည်း ဝယ်ရေးပါသည်။ သို့သော် မင်ကုန်သွားသည်နှင့် လွှင့်ပစ်ရမှာကို နှမြောနေမိခြင်း ဖြစ်ပါသည်။ ငွေကြေးကို

www.burmeseclassic.com



နှမြောနေမိတာမဟုတ်။ အလဟဿ လွှင့်ပစ်လိုက်ရသည့် ဝတ္ထုပစ္စည်း၊ တစ်နည်းအားဖြင့် သဘာဝသယံဇာတကို နှမြောနေမိတာမျိုး ဖြစ်ပါသည်။ သည်ဘောလ်ပင်အတွက် ကုန်ကြမ်းပစ္စည်းကို ကမ္ဘာ့သဘာဝ သယံဇာတတွေကနေ ကျွန်တော်တို့ ထုတ်ယူထားခဲ့ကြတာ မဟုတ်လား။

နောက် ကျွန်တော် စိတ်မသက်မသာဖြစ်ရသည့် ပစ္စည်းတစ်ခုက ရေသန့်ဘူးများ။ ရေသန့်ဘူးတွေကလည်း တစ်ခါသုံးတွေပဲ မဟုတ်လား။ ခေတ်က ကျွန်တော်တို့ ငယ်ငယ်ကလို ရေချမ်းစင်ကလေးတွေခေတ် မဟုတ်တော့။ ကိုယ်ပိုင်ရေဘူးကလေးတွေနှင့် ခရီးသွားသူတွေက များမှများ။ ဘယ်ဆိုင်မှာ ဝင်ဝယ်ဝယ် အလွယ်တကူ ရနိုင်သည့် ရေသန့်ဘူးတွေက မျက်မှောက်ခေတ်၏ အမှတ်လက္ခဏာ။ သည်တော့ ရေကို မော့သောက်လိုက် ဘူးခွံကို လွှင့်ပစ်လိုက်။ ဘာစိတ်ခံစားမှုမှမရှိ။ ကျွန်တော်က ထိုရေဘူးက ကြည်ကြည်လှလှကလေးများကို အလွယ်တကူ လွှင့်ပစ်လိုက်ရတာကို နှမြောနေမိခြင်း ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေ ကာတွန်းဆရာ အော်ပီကျယ်ကတော့ ရေသန့်ဘူးကို လွှင့်မပစ်ဘဲ အကြိမ်ကြိမ် အလီလီသုံးဖို့ ရောက်ရှိရာ စင်မြင့်ထက်ကနေ ဟောပြောလေ့ရှိသူ ဖြစ်ပါသည်။ ဒီရေသန့်ဘူးလုပ်ဖို့ ကုန်ကြမ်းကိုလည်း ကျွန်တော်တို့ နေထိုင်ရာ မဟာပထဝီမြေကြီးထဲကနေပဲ ကျွန်တော်တို့ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ နှမြောဖို့ကောင်းလိုက်တာ။

အစားအသောက်ကိုစွပြီးသည်နှင့် လွှင့်ပစ်လိုက်သည့် ဝါးတူကလေးများ။ ဘီယာ သို့မဟုတ် အအေးတစ်ခုခုကို မော့ချလိုက်ပြီးသည်နှင့် လွှင့်ပစ်လိုက်သည့် ဘူးခွံကလေးတွေ။ မုန့်ပဲသရေစာ စားပြီး လွှင့်ပစ်လိုက်ရသည့် ကော်ခွက်၊ ပလတ်စတစ်ခွက်ကလေးတွေ။ တဖွဲဖွဲ လျှံကျနေသည့် ရေပိုက်ခေါင်းတွေ။ မလိုအပ်ဘဲ ဖွင့်ထားသည့် မီးလုံး၊ မီးချောင်းများ။ နှမြောတတ်သူတွေအဖို့ နှမြောစရာတွေချည်းပဲ မဟုတ်လား။

**(နှစ်)**

လန်ဒန်အခြေစိုက် သတ္တဗေဒအဖွဲ့, World Wide Fund For Nature (WWF) အဖွဲ့နှင့် Global Foot Print Network တို့ ပူးပေါင်းထုတ်ပြန်သည့် သတင်းတစ်ရပ်ကို Guardian သတင်းစာမှတစ်ဆင့် ကျွန်တော် ဖတ်ဖူးပါသည်။

စစ်တမ်းအမည်က Living Planet စစ်တမ်း။ ကမ္ဘာ့သယံဇာတတွေကို လူသားတွေ သုံးနေကြသည်မှာ ကမ္ဘာကြီးက ပေးနိုင်သည်ထက် ၃၀ ရာခိုင်နှုန်း



ပိုသုံးနေကြလေသတဲ့။ အများဆုံး သုံးကြသူတွေက တရုတ်နှင့် အမေရိကန်တွေတဲ့။ ဒီအတိုင်း ဆက်သုံးနေခဲ့ကြသော် ၂၀၃၀ ခုနှစ်တွင် အခုလို ကမ္ဘာကြီး နှစ်ခုလိုအပ်လေမတဲ့။ ကြောက်စရာကောင်းလိုက်တာ။ အစွယ်ထွက်နေသော လူသားရဲ့ အလိုရမ္မက်တွေ။

အလေဏာတောဆန်သည့် မိန်းမပျက်တစ်ယောက်လို အသုံးအဖြုန်းကြီးသည့် ကမ္ဘာသူ ကမ္ဘာသားတွေ။ သည်ကမ္ဘာကြီးက ကျွန်တော်တို့အတွက် လုံလောက်နိုင်တော့ပါတဲ့။

**(သုံး)**

ကျွန်တော်တို့တစ်တွေ ကမ္ဘာ့သယံဇာတစွမ်းအင် အရင်းအမြစ်တွေကို နည်းမျိုးစုံနှင့် ထုတ်ယူသုံးစွဲကြပါသည်။ ဒီအထဲမှာ နေ၊ လေ၊ ရေ စွမ်းအင်လို ပြန်ဖြစ်ဖို့ မြန်သည့် အရင်းအမြစ်တွေပါသကဲ့သို့ ရေနံတို့၊ ဓာတ်ငွေ့တို့၊ ကျောက်မီးသွေးတို့လို ပြန်၍ ဖြစ်နိုင်ခဲသော အရင်းအမြစ်တွေလည်း ပါပါသည်။ ပြီးတော့ သစ်ပင်၊ သစ်တောတွေ၊ သားငါးပုစွန်တွေ။

တစ်ခါသုံး ဘောလ်ပင်ကလေးတွေကို လွှင့်ပစ်သလို၊ ရေသန့်ဘူးတွေကို လွှင့်ပစ်သလို၊ ဝါးတူကလေးတွေကို လွှင့်ပစ်သလို ကျွန်တော်တို့ ဖြုန်းတီးခဲ့ကြတာတွေက အနန္တဖြစ်ပါသည်။

ကမ္ဘာကို ပြန်ကယ်ဖို့အတွက် သယံဇာတများကို မဖြုန်းတီးဖို့ရာ R ငါးလုံးကို လူသိများပါသည်။ Reduce လျှော့သုံးပါတဲ့။ လျှပ်စစ်မီးကို လျှော့သုံးတာမျိုးပေါ့။ Reuse ပြန်သုံးပါတဲ့။ ဘောလ်ပင်ထဲ Refill ထည့်သုံးတာမျိုးပေါ့။ Recycle ပြန်ထွင်သုံးပါတဲ့။ စက္ကူအဟောင်းတွေကို ကြိတ်ပြီး စက္ကူပြန်လုပ်တာမျိုးပေါ့။ Reject ငြင်းပယ်ပါတဲ့။ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပေးတာကို မယူတာမျိုးပေါ့။ Return ပြန်ပေးပါတဲ့။ ကြွပ်ကြွပ်အိတ်ကို ပြန်ပေးတာမျိုးပေါ့။

သည် R ငါးလုံးတို့၏ အခြေခံက နှမြောမှု၊ စစ်စီမှု၊ ချွေတာမှုတို့တွင် အခြေခံထားကြောင်း ထင်ရှားလှပါသည်။

**(လေး)**

သဘာဝ သယံဇာတတွေ ရှားပါးလာမှုကြောင့် အသက်ရှူကျပ်နေရသော ကမ္ဘာမြေပေါ်၌ နှမြောတတ်၊ စစ်စီတတ်၊ ချွေတာတတ်သူတို့ကား ကမ္ဘာ့ချစ်သူတို့

www.burmeseclassic.com



ဆောင့်ရှောက်သူများပင် ဖြစ်ပါသည်။ ဆန်ဆေးရေကို ခံထားကာ ပန်းကန်ကို အကြမ်းဆေးနေသည့် အမျိုးသမီးတစ်ယောက်၊ ချက်ပြုတ်ကြော်လှော်စရာ အိုးကြီး၊ အိုးငယ် အသွယ်သွယ်ကို အသင့်ပြင်ဆင်ထားပြီးမှ မီးဖိုပေါ်တွင် အကြားအလပ်မရှိ တစ်အိုးပြီးတစ်အိုး ဆက်တိုက် ချက်ပြုတ်သွားသည့် အိမ်ရှင်မတစ်ဦး၊ ယောင်းနွမ်းစုတ်ပြတ်သွားသည့် အဝတ်အစား၊ မျက်နှာသုတ်ပဝါ စသည်တို့ကို လက်နှီးစုတ်၊ ခြေသုတ်ပဝါအဖြစ် ပြောင်းလဲပစ်သည့် အမျိုးသမီး၊ ထမင်းကြမ်း အကြွင်းအကျန်တွေကို ဆန်ကောထဲဖြန့်ကာ အခြောက်လှန်းနေသည့် အဒေါ်ကြီးတစ်ယောက်၊ ဈေးသို့လာသည့်အခါတိုင်း တစ်ခုတည်းသော ကြွပ်ကြွပ်အိတ်ကို အကြိမ်ကြိမ်အခါခါယူလာကာ သားငါးပုစွန် ထည့်တတ်သည့် ဈေးဝယ်သူတစ်ဦး၊ ယောကျ်ားဆောင်း ဖဲထီးကြီး၏ ထီးခရိုင်တွေ သံချေးမတက်ရလေအောင် အုန်းဆီနှင့် ပွတ်ပေးနေသည့် အဘိုးအိုတစ်ယောက်၊ ဘဲဥ၊ ကြက်ဥ လာဝယ်တိုင်း စပါးခွံထည့်ထားသည့် အိတ်ကလေးနှင့် အမြဲလိုလို လာဝယ်တတ်သည့် ဈေးဝယ်တစ်ဦး၊ အားလုံးကို ကျွန်တော် အမှတ်ရနေမိတာ အမှန်ပဲ ဖြစ်ပါသည်။ ဒါဟာ တစ်ထောင့်တစ်နေရာကနေ ကမ္ဘာကို စောင့်ရှောက်တာ မဟုတ်ဘူးလား။

ကမ္ဘာကြီးက လူသားတို့ လိုအပ်သလောက်ကို ထုတ်ပေးနိုင်ပါသည်တဲ့။ လိုချင်သလောက်ကိုတော့ မထုတ်ပေးနိုင်ပါတဲ့။ ကောင်းလိုက်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စကား။

ကျွန်တော်တို့က လိုအပ်သလောက်သာယူနေတဲ့ လူတွေလား။ ဒါမှမဟုတ် လိုချင်သလောက်ယူနေတဲ့ လူတွေလား။ ဒါကတော့ ကိုယ့်ကိုယ်ကို ပြန်မေးရမည့် မေးခွန်းပဲ ဖြစ်ပါလေသည်။ ။

[7 Day၊ ၈-၁၀-၂၀၀၉]

## ဒေဝတာတို့ဥယျာဉ်က အဆင်သင့် မျက်ရည်စက်လက်ကလည်း အဆင်သင့်

### (တစ်)

ငရုတ်သီးထောင်းဖို့အတွက် သံငရုတ်ဆုံကလေးကို လှမ်းလှမ်းပြီး ယူမိလိုက်လေတိုင်း ငယ်ငယ်က အမေ့မီးဖိုချောင်ကလေးနှင့်အတူ အမေ့လက်စွဲတော် ကျောက်ငရုတ်ဆုံကြီးကိုပါ မကြာခဏ သွားသွားပြီး သတိရနေမိတတ်တာကိုဖြင့် ကျွန်တော် ဝန်ခံချင်ပါသည်။ အများအားဖြင့် တစ်ယောက်တည်းနေဖြစ်သည့် နေ့ရက်တွေထဲ ဆိုင်ထမင်း၊ ဆိုင်ဟင်း၏ အေးတိအေးစက်အနံ့ကနေ တတ်နိုင်သမျှ လွတ်အောင် ပြေးတတ်သည့် ကျွန်တော်တစ်ယောက် စိတ်လိုလက်ရ ချက်ပြုတ်စားသောက်ဖို့ ပြင်ဆင်မိလေတိုင်း မကြာခဏ သံငရုတ်ဆုံကလေးကို လှမ်းလှမ်းဆွဲမိတတ်ရာ ဟိုးအတိတ်က အမေ့မီးဖိုချောင်ကလေးနှင့် အမေ့ကျောက်ငရုတ်ဆုံကြီးဆီ ကျွန်တော့်စိတ်တွေ ပြန်ပြန်ရောက်သွားမိတာ အဆန်းတကြယ်တော့လည်း မဟုတ်ပါ။ ငရုတ်ဆုံဆိုသည့်အမည်နှင့်လိုက်အောင် အမှန်တကယ်ကို ငရုတ်သီးထည့်ထောင်းခဲ့ရသည့် နေ့ရက်တွေကတော့ လွမ်းတတ်သူတွေအဖို့ လွမ်းကောင်းစရာတွေချည်းပဲ ဖြစ်ပါသည်။

ကျွန်တော်တို့ခေတ်က လူတွေ အမှန်တကယ်ကိုပဲ ငရုတ်သီး ထောင်းခဲ့ကြပါသည်။ အမေ ဈေးခြင်းတောင်းဆွဲ၍ ထွက်သွားတုန်း၊ ဒါမှမဟုတ် သားငါးပုစွန် ကိုင်နေတုန်း၊ ဒါမှမဟုတ် ဆန်ဆေးတုန်း၊ ငရုတ်သီးတစ်ဆုံလောက်ထောင်းထားစမ်းဟုဆိုလျှင် ကျွန်တော်တို့ ငရုတ်သီး ထောင်းကြရပါသည်။

www.burmeseclassic.com



ဆန်ကောၢ ဆန်ခါထဲမှာ ကျင်းထားသည့် ရေတ်သီးတောင့် လေးငါးတောင့်ကိုယူ၊ အညှာကလေးတွေချွေ၊ ဇလုံထဲမှာ ရေစိမ်ထား၊ ခဏကြာတော့ ရေတ်စေ့တွေကို ညှစ်ထုတ်ပစ်ကာ ထောင်းပေတော့။

မထောင်းတတ် ထောင်းတတ် ရေတ်သီးထောင်းခဲ့ရသည့် ကလေးဘဝက မျက်လုံးထဲသို့ ရေတ်သီးဝင်သဖြင့် ခြေမကို ရေနှင့်လောင်းခဲ့ရတာကို ကျွန်တော်အမှတ်ရမိသည်။ ညာမျက်လုံးဆို ဘယ်ခြေမ၊ ဘယ်မျက်လုံးဆို ညာခြေမ ရေလောင်းချခဲ့ရသည့် ကုထုံးက အံ့သြစရာကြီး ဖြစ်ပါသည်။ ကလေးတို့ သဘာဝ အပျင်းကြီးတတ်သည့် ကျွန်တော်တို့ကို အမေက သိပ်ညက်အောင် မထောင်းဖို့၊ စလုံးစခုသာ ထောင်းဖို့ ညွှန်ကြားချက်ပေးလာသော နေ့မျိုးတွင်ကား ပျော်လို့မဆုံးနိုင်ပါလေတော့။ ကြက်သွန်နီကလေး နွှာထည့်လိုက်။ ကြက်သွန်ဖြူကလေး နွှာထည့်လိုက်။ လောလောလတ်လတ် ထောင်းထားသည့် ရေတ်သီးကို ဆီသတ်ကာ ချက်ထားလို့လားမသိ ဟင်းတွေကလည်း အရသာ ရှိလိုက်တာ။ အခုတော့…

ရေတ်သီးကို ကျွန်တော်တို့ ထောင်းစရာမလိုတော့။ အဆင်သင့် ကြိတ်ပြီးသား Ready Made ရေတ်သီးမှုန့်ကို ရေတ်ဆုံထဲ လိုသလောက်ခပ်ထည့်၊ ကြက်သွန်အဖြူအနီနှင့် တစ်ချက်၊ နှစ်ချက်ရော ထောင်းရုံမျှနှင့် ဟင်းချက်ဖို့ အဆင်သင့်ဖြစ်ပြီ။ လွယ်ကူလိုက်တာ၊ သက်သာလိုက်တာ၊ အချိန်ပိုတွေ ထွက်လာလိုက်တာဆိုသော စိတ်နှင့် ခေတ်ကို ကျွန်တော် စိတ်တိမ်းညွှတ်သွားမိလိုက်တာ။

သြော်… ကျွန်တော်မှ မဟုတ်။ ကျွန်တော်တို့နှင့် ခေတ်ပြိုင်လူတွေ အကုန်လုံးနီးပါးသည်လည်း အဆင်သင့်ဟူသည့် အနေအထားကို ခံတွင်းတွေ့ခဲ့ကြသည်ပဲ မဟုတ်ပါလား။

## (နှစ်)

ကျွန်တော်တို့ လိုချင်တာ တော်တော်များများကို ရေကန်အသင့်၊ ကြာအသင့် အနေအထားသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးလိုက်သည်က နည်းပညာခေတ်ကြီးပဲ ဖြစ်ပါသည်။

အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတွေကို ကျွန်တော်တို့ လုပ်စရာမလိုတော့ စက်က ပေါင်းနုတ်မြှောက်စားပြီးသား။ ပုဆိုးတွေက အဆင်သင့် Ready Made ကောက်စွပ်ချလိုက်ရုံ၊ အင်္ကျီတွေကလည်း Ready Made။ မုန့်



ဟင်းခါးလား၊ အုန်းနို့ခေါက်ဆွဲလား၊ ကြာဆံလား၊ ရေနွေးပွက်ပွက်ထဲ ဆောင့်ထည့်လိုက်ရုံ။ ဆန်ပြုတ်သောက်ချင်သလား Ready Made။ ကော်ဖီ၊ လက်ဖက်ရည်သောက်ချင်သလား Ready Made။ ငါးပိရည်ကို ဒုက္ခခံပြီး ကျိုမနေနှင့်။ တို့စရာကို ဒုက္ခခံပြီး ပြုတ်မနေနှင့်။ စူပါမားကက်ကြီးတွေထဲမှာ အဆင်သင့်ထုပ်ပိုးပြီးသား။ Ready Made ငါးပိရည်နှင့် Ready Made တို့စရာ။

မုန့်လုံးရေပေါ်၊ မုန့်ပိန္နဲစေ့၊ မုန့်လက်ကောက်၊ မုန့်ဆီကြော် စသည်မုန့်ပဲသရေစာ စသည်တို့အတွက်လည်း ကောက်ညှင်းအမှုန့်ထုပ်တွေက Ready Made ရှိပြီးသား။ ကောက်ညှင်းဆန်ကို ရေစိမ်ထားစရာ မလိုတော့။ မုန့်ကြိတ်ဆုံကို သွားစရာမလိုတော့။ မုန့်နှစ်တွေကို အိတ်ထဲထည့်ကာ အလေးနှင့် ဖိထားစရာ မလိုတော့။ Ready Made ကောက်ညှင်းမှုန့်ကို ရေနှင့်နယ်ကာ ကြိုက်ရာမုန့်ကို လုပ်စားလိုက်ကြရုံ။ Ready Made အသုပ်တဲ့။ Ready Made အာလူးပူတဲ့။ Ready Made အာလူးကြော်တဲ့။ Ready Made ကော်ပြန့်တဲ့။ လူက ဘာမှ အားမစိုက်ချင်တော့။ လူတို့ အလိုရှိရာအတွက် ကမ္ဘာကြီးက အဆင်သင့် ပြင်ဆင်ခင်းကျင်းပေးထားစမ်းဆိုသော ခေတ်။

အစ္စရေးနိုင်ငံ တဲလာဗီမြို့တော်အနီး ရီဟိုဗော့စိုက်ပျိုးရေးသိပ္ပံက အမွေးနုတ်စရာမလိုသော ကြက်တစ်မျိုးကို မွေးမြူလိုက်နိုင်ပြီဆိုသော သတင်းက ကျွန်တော့်ကို တွေဝေသွားစေပါသည်။ အင်္ဂလန်နိုင်ငံတွင် အလုပ်ဖိစီးမှုကြောင့် လိမ္မော်သီးကိုပင် အခွံနွှာ၍ မစားနိုင်ကြတော့ရော လိမ္မော်သီးစားနှုန်း ကျဆင်းသွားခဲ့ကြောင်း၊ အလုံးသန်း ၆၀၀ သာ စားသဖြင့် ၂ ရာခိုင်နှုန်းသာ စားတော့ကြောင်း သတင်းကလည်း ကျွန်တော့်ကို ငေးငိုင်သွားစေပါသည်။ Ready Made မဖြစ်လို့ ထင်ပါရဲ့။

အမွေးနုတ်ပြီးသား ကြက်၊ အခွံနွှာပြီးသား လိမ္မော်သီး၊ အရိုးထွင်ပြီးသား ငါး၊ အစေ့ထုတ်ပြီးသား မာလကာ၊ အရွက်ခြွေပြီးသား ချဉ်ပေါင်တို့အထိ လူသားတွေ တောင့်တလာကြပုံရပါရဲ့ဟု ခပ်ငေါင်ငေါ် ကျွန်တော် အတွေးဝင်မိသည်။ လူတွေ လက်ကြောမတင်းကြတော့ဘူး ထင်ပါရဲ့။

## (သုံး)

"သမိုင်းနှင့် စကားပြောခြင်း" ဟူသည့် စာအုပ်ကလေးထဲမှာ အရာကြီးခေါက်တာသန်းထွန်းက *"Ready Made က အကုန်တုံးသွားတယ်"* ဆိုသောစကားကိုဆိုခဲ့ရာ ကျွန်တော် သဘောတူမိသည်။

www.burmeseclassic.com

www.burmeseclassic.com



Ready Made သမားတွေ ဘာမှမလုပ်တတ်ကြတော့ လူသား၏ စွမ်းရည် ဆွံ့တွန့်သွားရုံသာမက ဘေးထွက်ဆိုးကျိုးတွေကလည်း ဝန်းရံလို့။ အလွယ်တကူ ပျော်သွားအောင် ဓာတ်တုပစ္စည်းများနှင့် ပေါင်းခံထားရသည့် ကော်ဖီမှုန့်က ရင်တုန်စေသည်ဟုဆိုနေပြီ မဟုတ်လား။ အဆင်သင့် အာလူးကြော်လို မုန့်ပဲသရေစာတွေက လူကို အဝလွန်စေသည်ဟု ထောက်ပြလာပြီ မဟုတ်လား။ သွေးပြီးသား သနပ်ခါးအနှစ်တွေက ဘယ်လောက် စိတ်ချရပါ့။ အရိုးအညှာအစေ့အကုန်လုံးရောကြိတ်ထားသည့် ငရုတ်သီးမှုန့်ထဲက မှို (Fungus) က လူ့အသည်းကို တိုက်ရိုက်ဖျက်ဆီးနေတယ်ဆိုပါလား။ အဆင်သင့်ဆိုသော Ready Made တို့က ကျွန်တော်တို့ကို အဆင်သင့်ဒုက္ခ Ready Made ဒုက္ခတို့ကို ပေးခဲ့ကြပြီ။

Ready Made ငရုတ်သီးမှုန့် ပုလင်းထဲက ငရုတ်သီးမှုန့်တွေကို ဇွန်းဖြင့်ခပ်ယူကာ ကျွန်တော့်သံငရုတ်ကလေးကို ထည့်လိုက်ပြီး ထောင်းသည်ဆိုရုံကလေး ထောင်းလိုက်ရလေတိုင်း၊ ငယ်ဘဝ အမေ့ကျောက်ငရုတ်ဆုံကလေးကို သွားသွားပြီး သတိရနေမိတာ ဒါတွေကြောင့်ပဲ ဖြစ်မည်ဟု ကျွန်တော် ထင်ပါသည်။ ကိုယ်တိုင်ထောင်းထားသည့် ငရုတ်ဆုံထဲက ငရုတ်၊ ကြက်သွန်တို့ဖြင့် ဆီသတ်ကာ ချက်ထားသော ဟင်းတို့က အရသာရှိလွန်းလှပါဘိ။

အခုတော့ Ready Made တဲ့။

ပြောမပြတတ်လောက်အောင် ရှုပ်ထွေးပွေလီလှသည့် လူမှုဆက်ဆံရေးအခြေအနေကြီးထဲမှာ အချိန် ရှားပါးလွန်းလှသော ခေတ်သစ်လူသားတို့အတွက် အဆင်သင့်ဖြစ်အောင် ဝန်ဆောင်မှု ပေးလာကြတာကို မျက်စေ့စုံမှိတ်လျက် ကျွန်တော် မငြင်းလိုပါ။ သို့သော် ဒုက္ခတွေကလည်း အဆင်သင့်အနေအထားနှင့် ဝန်းရံစောင့်ဆိုင်းလျက်ရှိသည်ကိုကား ကျွန်တော်တို့ အငိုက်မမိဖို့ လိုအပ်လှသည် မဟုတ်ပါလား။ ။

[7 Day၊ ၁၅-၁၀-၂၀၀၉]

## အလုပ်က လိုက်ရှာနေသည့်လူများ

### (တစ်)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှု၊ မဖွံ့ဖြိုးမှုကို တိုင်းတာသည့် ပေတံတွေ တော်တော်များများ ရှိပါလိမ့်မည်။

တချို့က GDP ဖြင့် တိုင်းပါသည်။ Gross Domestic Product ခေါ် အမျိုးသားထုတ်လုပ်မှုပမာဏဟူသော ပေတံဖြင့် တိုင်းတာမှု၊ တချို့ကမူ GNH ပေတံဖြင့် တိုင်းလေသတဲ့။ Gross National Happiness ပေတံ။ နိုင်ငံသူနိုင်ငံသားတွေ ဘယ်လောက် ပျော်သလဲ၊ မပျော်ဘူးလဲဆိုသော ပေတံ။ တချို့က inflation ပေတံတဲ့။ ငွေကြေးဖောင်းပွမှု (သို့မဟုတ်) အရပ်ရပ်ပစ္စည်းများ ဈေးတက်မှု အနေအထားကိုကြည့်ကာ နိုင်ငံအခြေအနေကို တွက်ခြင်း ဖြစ်ပါသည်။ နောက် ပေတံတစ်ခုကတော့ အလုပ်လက်မဲ့ မည်မျှရှိသလဲဟူသော ပေတံ။ အလုပ်လက်မဲ့များလျှင် တိုင်းပြည်မဖွံ့ဖြိုး၊ အလုပ်လက်မဲ့နည်းမှ တိုင်းပြည် တိုးတက်သည်ဆိုသော ပေတံ။

အလုပ်... အလုပ်။

သည်အလုပ်အကြောင်းကိုပဲ ကျွန်တော်က ပြောလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး အလုပ်ကို ရှာဖွေကြ၊ အလုပ်တွေ လုပ်နေကြရပါသည်။ အလုပ်ခေါ်ယူသည့် ကြော်ငြာပေါင်းစုံကို အငမ်းမရ ရှာဖွေဖတ်ရှုကြ၊ အလုပ်လျှောက်လွှာတွေတင်ကြ၊ ရေးဖြေစာမေးပွဲတွေ ဝင်ဖြေကြ၊ လူတွေ့အင်တာဗျူးခန်းမရှေ့မှာ တန်းစီစောင့်စားကြ၊ ခန့်မှန်းလစာတွေ ရေးထည့်ကြ။ ပြည်တွင်းပြည်ပ နေရာမျိုးစုံ၊ ရာထူးမျိုးစုံ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကမ္ဘာ့မည်သည့်နေရာမှာမဆို လူတိုင်း အလုပ်မရနိုင်ကြ။ ထို့ကြောင့် အလုပ်ကို ဆက်၍ ဆက်ကာ ကျွန်တော်တို့ ရှာကြရပါသည်။ ရသည်လည်းရှိ၊ မရသည်လည်းရှိ။ လူက အလုပ်ကို လိုက်ရှာနေရသည့် နေ့ရက်များ။

ဒါဆို အပြန်အလှန်အားဖြင့် အလုပ်ကရော လူကို လိုက်ရှာနေတာမျိုး မရှိနိုင်ဘူးတဲ့လား။ ရှာတဲ့လူကိုရော အလွယ်တကူ တွေ့တတ်ခဲ့ကြရဲ့လား။ ဒါကိုပဲ ကျွန်တော်က ပြောလိုခြင်းဖြစ်ပါသည်။

(နှစ်)

ဤနေရာ၌ ကျွန်တော်နှင့် ထိတွေ့ဆက်စပ်နေသော နေရာဒေသ သုံးလေးခုအကြောင်းကို ပြောလိုပါသည်။

ပထမနေရာက စာအုပ်တိုက်တစ်ခု ဖြစ်ပါသည်။ အောင်မြင်သော ဂျာနယ်သုံးစောင်နှင့် မဂ္ဂဇင်းကြီးတစ်ခုကို ထုတ်ဝေနေသည့် စာအုပ်တိုက်ကြီးပဲ ဖြစ်ပါသည်။ စာပေနှင့် ပတ်သက်ရာရာ နေရာများအတွက် မကြာခဏ အလုပ်ခေါ်လေ့ရှိရာ တစ်ကြိမ်၌ မိန်းကလေးနှစ်ယောက် လူတွေ့လာဖြေပါသည်။ မေးလိုက်သည့် မေးခွန်းခက်မခက်ကို စာဖတ်သူကပဲ သုံးသပ်ကြည့်စေလိုပါသည်။

"အပတ်စဉ်ထွက်နေတဲ့ ဂျာနယ်သုံးစောင်ရဲ့ အမည်ပြောပြပါ"

မေးခွန်းက ဒါပဲဖြစ်ပါသည်။ တစ်ယောက်က တစ်စောင်မှ မပြောနိုင်။ တစ်ယောက်ကမူ နှစ်စောင်ပြောပြီးနောက် ရပ်သွားသည်။ စာနယ်ဇင်းသမား (Journalist) ရာထူးအတွက် ခန့်သင့်သလား၊ မခန့်သင့်သလား စာဖတ်သူကပဲ ဆုံးဖြတ်ကြည့်စေလိုပါသည်။

ဒုတိယနေရာက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းမှာ ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်ခါနီးရက်များ။ မှတ်မှတ်ရရ ဩဂုတ် ၁၄ တွင် ထူးအိမ်သင်ဆုံး၍ ဩဂုတ် ၁၅ ၌ ဆရာမင်းသုဝဏ်အနိစ္စရောက်ပြီးခါစရက်များ ဖြစ်ပါသည်။ မန္တလေး အက်ဖ်အမ်နှင့် MRTV-4 အတွက် လူတွေ့လာရောက်သော မိန်းကလေးကို တာဝန်ရှိသူတစ်ယောက်က မေးခွန်းအနည်းငယ် မေးပါသည်။ ဒါကိုလည်း ကတ်သီးကတ်သတ် မေးခွန်းဟုတ်၊ မဟုတ် စာဖတ်သူကပဲ သုံးသပ်စေလိုပါသည်။

"ခုရက်ထဲမှာ စာပေပညာရှင်ကြီးတစ်ယောက်ဆုံးတယ် သမီးရဲ့ သိလား"

"နောက် အဆိုတော်တစ်ယောက်လည်း ဆုံးရှာတယ်ကွာ"



အမေးနှစ်ခုလုံးအတွက် အဖြေက တစ်ခုတည်းဖြစ်ပါသည်။ ခေါင်းခါခြင်းနှင့် ဟင့်အင်း။ လူထုဆက်သွယ်ရေး မီဒီယာလုပ်ငန်းအတွက် အသုံးတည့်သူတွေလား၊ မတည့်သူတွေလား စာဖတ်သူကပဲ စဉ်းစားဖို့ ဖြစ်ပါသည်။

နောက်တစ်နေရာက စီးပွားရေးကုမ္ပဏီတစ်ခု။ လာလျှောက်သူ၏ ဂုဏ်တွဲတင်ပြထားသော လက်မှတ်တွေထဲမှာ LCCI Level အမျိုးမျိုး၏ လက်မှတ်တွေ ပါပါသည်။ ထို့ကြောင့် စာရင်းဇယားတစ်ခုကို လက်တွေ့ပြစုခိုင်းသည်။

"သမီးက စာတွေပဲ အလွတ်ရတာ။ လက်တွေ့ မလုပ်တတ်ဘူး"

ထိုသမီးငယ်၏ အဖြေကိုရော၊ ကုမ္ပဏီက ငြင်းလွှတ်လိုက်တာကိုရော စာဖတ်သူ ဘဝင်ကျနိုင်ပါစ။

မြန်မာနိုင်ငံ၏ ထိပ်တန်းအဆင့် ဂျာနယ်တိုက်ကြီးတစ်ခုက သုတေသနအရာရှိ ရာထူးအတွက် လူခေါ်ပါသည်။ အခုအထိ လူရှာလို့မရ။ ပြည်တွင်းနှင့် ပတ်သက်သည့် အချက်အလက် (Data) များကို ဂျာနယ်က တောင်းလာခဲ့သော် ညွှန်းပေးရမည့် ရာထူး။ ဥပမာ-ကာလသားရောဂါ နောက်ခံဝတ္ထုဟုဆိုလျှင် သိန်းဖေမြင့်၏ တက်ခေတ်နတ်ဆိုးကို ညွှန်းပေးဖို့၊ ပုဂံခေတ်က ရဟန်းတော်များအကြောင်းဟုဆိုလျှင် ဆရာပါရဂူ၏ ပဉ္စဝဂ္ဂီကို ညွှန်းပေးဖို့၊ မင်္ဂလာ ၁၂ ပါး၊ ၃၈ ဖြာမင်္ဂလာ၊ ကောင်း ၆၄ ဟု ဆိုလာလျှင် သုခမှတ်စုကို ညွှန်းပေးဖို့၊ ရှေးခေတ် ဝတ်စားဆင်ယင်ပုံများဆိုလျှင် ဆရာတော် ရွှေကိုင်းသား၏ ဆင်ယင်ထုံးဖွဲ့မှုကျမ်းကို ညွှန်းပေးဖို့ ရာထူးမျိုး ဖြစ်ပါသည်။ စမ်းသပ်ခန့်ထားသမျှသော လူတွေ အများစုကို မညွှန်းနိုင်ကြ။ မိမိကိုယ်မိမိ ပြန်လည်တွေ့ရှိကာ အလုပ်မှ ထွက်သွားခဲ့ကြသည်။

မဟာဝိဇ္ဇာဘွဲ့ရပြီးသူတစ်ယောက်ကို တိုက်ထိုင်အယ်ဒီတာရာထူးအတွက် လူခေါ်တွေ့ပါသည်။ စကားစဖြစ်ကြပုံမှာ ဤသို့။

"ဘယ်မှာနေတာလဲ"

"မြောက်ဥက္ကလာပါ"

"သြော်... တို့နဲ့ အတူတူပေါ့။ ဘယ်ရပ်ကွက်လဲ"

"နှယ်နီလေ ဆေးရုံရှေ့"

"သြော်... ဆရာနတ်နွယ်တို့ ရပ်ကွက်ပေါ့"

"ရှင်..."

"ဆရာနတ်နွယ်လေ"

"ဘာလုပ်တာလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဤ၌ စကားဗိုင်းက ခြောက်ကပ်သွားပါသည်။ နောက်တော့ ကျန်တာတွေလည်း ခြောက်ကပ်သွားပါသည်။

(သုံး)

လူတို့အလုပ်ကို လိုက်ရှာကြပါသည်။ လွယ်လွယ်နှင့်မရ။ ထို့အတူ တချို့အလုပ်တွေကလည်း လူကို လိုက်ရှာနေပါသည်။ လွယ်လွယ်နှင့် မရပြန်။ ဒီတော့မှ အလုပ်ရှားသလို၊ အလုပ်က လိုအပ်သည့်လူကလည်း ရှားပါလား ဆိုတာကို ကျွန်တော် သဘောပေါက်သွားပါသည်။ ဘာကြောင့်လဲဆိုသည့် အဖြေကတော့ အရှင်းကြီး။

Skill ပဲပေါ့။ Ability ပဲပေါ့။ စွမ်းဆောင်နိုင်မှု၊ ကျွမ်းကျင်မှု။ ဒါက ကိုယ့်ဘက်က ဖြည့်ဆည်းထားရမည့် အပိုင်း။ ဘယ်သူ့ကိုမှ အပြစ်ပုံချနေစရာ မလို။

လူတွေက အလုပ်ကို လိုက်ရှာနေသလို တချို့တချို့သော အလုပ်တွေကလည်း လူကို လိုက်ရှာနေပါသည်။ ။

[7 Day၊ ၂၉-၁၀-၂၀၀၉]

## အနန္နဲ့ပေါင်းထားတဲ့ ပညာ

(တစ်)

စကားလုံးတို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် ခွဲစိတ်ဖြတ်တောက်ကာ ဒါမှမဟုတ် ပူးပေါင်းစပ်ဟပ်ကာ ပဉ္စလက်ဆန်ဆန်လုပ်တတ်သော ဘာသာစကားစွမ်းရည်ကို ကျွန်တော် သဘောကျသည်။ အသစ်ဖြစ်ထွန်းလာသော စကားလုံးတို့၏ ခွန်အားနှင့် ထိုစကားလုံးသစ်၏ သဘောတရားကိုလည်း ကျွန်တော် ခံတွင်းတွေ့၍ မဆုံးနိုင်ပါလေတော့။

တစ်ခါက History ဟူသော စကားလုံးကို ကျွန်တော်က ပုံမှန်အသံထွက်အတိုင်း ဟစ်စတြီဟု ထွက်လိုက်ပါသည်။ ဒါကို ကျွန်တော့်မိတ်ဆွေကဗျာဆရာဇေယျာလင်း (Y.E.S ကိုမြင့်အောင်) က History ဟုဆိုကာ His နှင့် story ကို ခွဲလျက် အသံထွက်ရမည်ဟု ရယ်သွမ်းသွေးခဲ့ရာ ဖြစ်ပေါ်လာသည့် အဓိပ္ပာယ်အသစ်မှာ ငြိသွားမိကြောင်း ဝန်ခံလိုပါသည်။ History ဆိုတော့ သူ့ဇာတ်လမ်းတွေပဲပေါ့။

ထို့အတူ Animal နှင့် man ကိုပေါင်းကာ Animan ဟု လုပ်လိုက်တော့ လူ့တိရစ္ဆာန်ဆိုသော စကားလုံးက နက်ရှိုင်းသွားသည်။ Motor နှင့် Hotel ကို ပေါင်းကာ Motel ဟု လုပ်လိုက်တော့ ယာဉ်ဝင်ရောက်ရပ်နားထားစားသောက်သုံးဆောင်နိုင်သော ဆိုင်ကြီးဆိုသည့် စကားလုံးဟာ ပေါ်ပေါက်လာသွားသည်။ Democracy နှင့် Crazy ကို ပေါင်းကာ Democrazy ဟု အရွှး

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒနှင့်အညီ အုပ်ချုပ်ခြင်း၌ ရူးသွပ်တပ်မက်ခြင်းဟု ဖြစ်သွားပြန်ရာ လေးနက်သွားသည်။

အခု ကျွန်တော့်ကို နောက်ထပ်ငြိစေခဲ့သော စကားလုံးက Edutainment, Education နှင့် Entertainment ကို ပေါင်းစပ်ထားသည့် စကားလုံးဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။ ပညာရေးနှင့် ဖျော်ဖြေမှုအနုပညာကို ပေါင်းစပ်ထားသည့် စကားလုံး။ အက်ကျူတိန်းမင့်။ ကျွန်တော် သဘောကျသွားမိသည်။

စကားလုံး၏ နောက်ကွယ်က သဘောတရားကတဲ့ရော။ ဒီခေတ်မှာ ပညာရေးနှင့် အနုပညာ ခွဲမရတော့။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ်ပညာနှင့် ခွဲမရနိုင်တော့။

## (နှစ်)

ကျွန်တော့်အလုပ်က စာသင်သည့်အလုပ် ဖြစ်ပါသည်။ ထို့ကြောင့် အတန်းပေါင်းစုံ၊ ကျောင်းသားပေါင်းစုံနှင့် ထိတွေ့ ဆက်ဆံနေရပါသည်။

တစ်ခါမှာတော့ တက္ကသိုလ်အတန်းတစ်တန်းကို သင်ပေးရရိုက် စာဆိုကြီး ဟိုးမား (Homer) ပါလာပါသည်။ ၎င်းတွင် ဟိုးမား၏ အိုဒက်ဆီ (odessey) နှင့် အီလီယတ် (Iliad) မဟာကဗျာကြီးနှစ်ပုဒ်အကြောင်းကို ထည့်ပြောရပါသည်။ ထိုအခါ ကျောင်းသားနှင့် ဟိုးမား ဝေးနေမည်ကို စိုးသဖြင့် နီးသွားစေရန် ကျွန်တော်က ကြိုးပမ်းပါသည်။

ဟိုးမား၏ အီလီယတ် (Iliad) ကဗျာကြီးကို ရုပ်ရှင်ရိုက်ထားပုံ၊ အရင်က Helen of Troy အမည်ဖြင့် ရိုက်ခဲ့ပုံ၊ ယခု Troy အမည်ဖြင့် ရိုက်ထားပုံ၊ ယခု သရုပ်ဆောင်မှာ ဘရက်ပစ် Bradpitt ဖြစ်ပုံ၊ ဘရက်ပစ်ဟူသည် အင်ဂျလီနာဂျိုလီ (Angelina Jolie) ၏ ယောက်ျားဖြစ်ပုံ စသည် စသည်။

သို့သော် ကျောင်းသားက Troy ကို မသိပါ။ ထား။ သို့သော် ကမ္ဘာကျော် မင်းသား၊ မင်းသမီးများဖြစ်သည့် ဘရက်ပစ်တို့၊ ဂျိုလီတို့ကိုပါ မသိသောအခါ ဟိုးမားနှင့် သူတို့ကို နီးအောင်လုပ်ရတာ တော်တော်ခက်သွားပါသည်။

နောက်တစ်ခါမှာတော့ အနောက်တိုင်း စာပေဝါဒတွေအကြောင်း ကျွန်တော်က ပို့ချခွင့်ရခဲ့ရာ သရုပ်မှန်ဝါဒ (Realism) သို့ အရောက်၌ ဒန်နီယယ်ဒီဖိုး (Daniel Defoe) ပါလာပါသည်။ ကျွန်တော်က ဒီဖိုးနှင့် ကျောင်း



သား နီးသွားစေဖို့ သူ့နာမည်ကို ရုပ်ရှင်ဇာတ်ကား ရော်ဘင်ဆန်ကရူးဆိုး (Robinson Crusoe) ကို ပြောပြရပါသည်။ သို့သော် ထိုရုပ်ရှင်ကို သူတို့ မကြည့်ဖူးကြ။

ပဉ္စလက်သရုပ်မှန်ဝါဒ (Magic Realism) အကြောင်း ရောက်သွားပြန်တော့ ကိုလံဘီယာ နိုင်ငံသား စာရေးဆရာကြီး ဂါစီယာ မားကွက်စ် (Garcia Marquez) အမည်ပါလာပြန်ပါသည်။ ကျွန်တော်က ဆရာမြသန်းတင့် ဘာသာပြန်ဖူးကြောင်းညွှန်းရာ မြသန်းတင့်ကို မသိကြပြန်ပါ။

တစ်ခါတွင်ကား ပထမနှစ်ကျောင်းသားများကို အဘိဓာန်အကြောင်း ဆွေးနွေးရပေရာ ယုဒသန်ခေါ် ဂျပ်ဆင် (Judson) ပါလာပါသည်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်အတွင်းက ဂျပ်ဆင် ဘုရားရှိခိုးကောင်းကို ညွှန်းပါသည်။ မသိကြ။ ထိုအခါ ထူးအိမ်သင်သီဆိုခဲ့သည့် ဂျပ်ဆင်ထိပ်က လရိပ်ပြာ သီချင်းကို ညွှန်းပြန်ပါသည်။ သို့သော် ထိုသီချင်းကို သူတို့ မကြားဖူး။

အများအကျိုး သယ်ပိုးသူများနှင့် ဆက်စပ်ရာ စာစီစာကုံးတစ်ပုဒ်အတွက် ဂန္ဒီ (Gandhi) ဟူသော အမည်နှင့်အတူ Gandhi ရုပ်ရှင်ကားကို ညွှန်းမိပြန်ပါသည်။ ကြည့်ဖို့အသာထား၊ ကြားပင် မကြားဖူးကြ။ မာသာထရီဆာ (Mother Teresa) ၏ အမည်ကို ညွှန်းမိစဉ် ထိုကရုဏာရှင်မကြီး၏ ရုပ်ပုံကို နောက်ခံထားက အဆိုတော် မိုက်ကယ်ဂျက်ဆင်က We are the world, we are the children တေးကို ဆိုခဲ့ကြောင်း ပြောပြရာ ထိုသီချင်းကို သူတို့ မသိ။ မကြည့်။ ထို့ကြောင့် မာသာထရီဆာဓာတ်ပုံကို သူတို့ မမြင်ဖူး။

ကျွန်တော် လက်လျှော့လိုက်ရပါသည်။

## (သုံး)

တကယ်တော့ ရုပ်ရှင်တွေ၊ ဂီတတွေ၊ စာအုပ်၊ စာပေတွေ စသည်ဖြင့် Entertainment ဟု ကျွန်တော်တို့ ခေါ်နေသော အနုပညာဘာသာရပ်များသည် Education ခေါ် ပညာရေးအတွက် သင်ထောက်ကူများပင် ဖြစ်ပါသည်။

သို့သော် တချို့တချို့သော မိဘများနှင့် စာသင်သားကိုယ်တိုင်က ပညာဆိုတာ ကျောင်းသုံးစာအုပ်များသာဟု နားလည်သဘောပေါက်နေခဲ့ရာ [illegible] စာသင်ခန်းနှင့် လောကကြား၌ အဆက်အသွယ် ပြတ်တောက်သွားရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်မြော်မြင်မှု ကြီးသူများကမူ သူတို့အဝန်းအဝိုင်းကို ရုပ်ရှင်၊ ဂီတ၊ စာပေတို့နှင့် ချိတ်ဆက်ထားလိုက်ရာ သူတို့ Entertainment က Education နှင့် ဆက်စပ်သွားကာ လမ်းပွင့်သွားပါတော့သည်။

Edutainment တဲ့။ အနုသုခုမခံစားရင်း ပညာရ၊ ပညာရရင်း အနုသုခုမ ခံစား။ စကားလုံးနှစ်လုံး ရောစပ်ထားရုံမှသာ မဟုတ်။ သဘောတရားနှစ်ခု ပေါင်းစပ်ထားနိုင်မှ ခေတ်သစ်လူ့အဖွဲ့အစည်း၌ အံဝင်ခွင်ကျဖြစ်နိုင်လိမ့်မည် ဆိုသည်ကို နားလည်ရမည့်အချိန် ဖြစ်ပေသည်။ ။

[7 Day၊ ၂-၁၂-၂၀၀၉]

## ဘယ်စာကို ဘယ်မှာသင်မတုံး

### (တစ်)

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနသည် စာပေ၊ အနုပညာရှင် တော်တော်များများကို မွေးထုတ်ပေးသော ဌာနအဖြစ် လူသိများပါသည်။ ဥပမာ ဆရာနန္ဒာသိန်းဇံ၊ ဆရာမြဝင်း (ဒဿန)၊ ဆရာဆန်းလွင်၊ ဆရာချစ်ဦးညို၊ ဆရာ မောင်ကြည်သစ်၊ ဒါရိုက်တာ မောင်ဝဏ္ဏ စသည် စသည်။ ထိုပုဂ္ဂိုလ်အားလုံး လိုလိုသည် ကျွန်တော်နှင့် ရင်းနှီးသောပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။

တစ်နေ့ ထိုပုဂ္ဂိုလ်များထဲမှ တစ်ယောက်နှင့် စကားလက်ဆုံကျခိုက် ကျွန်တော်က မေးခွန်းတစ်ခု မေးမိပါသည်။ ဒဿနိကဗေဒ ဘာသာရပ်ကို ဘာကြောင့် ရွေးချယ်ခဲ့ပါသလဲဆိုသည့်မေးခွန်း။ သူ့အဖြေက ကျွန်တော် ထင်မှတ် မထားသော အဖြေဖြစ်ရာ ပထမတော့ အံ့သြသွား။ ထို့နောက် ဘဝ၏ ကမောက် ကမဖြစ်တတ်ပုံတွေကို ရယ်မောပစ်လိုက်မိကာ နောက်ပိုင်းမှာတော့ လူနှင့်ပညာရေး အကြောင်းတွေကို မကြာခဏဆိုသလို အတွေးနယ်ချဲ့နေမိပါတော့သည်။

သည်တုန်းက ထိုဆရာဖြေပုံက ဤသို့ဖြစ်ပါသည်။ သူတို့ ဆယ်တန်း အောင်မြင်ကြပြီး တက္ကသိုလ်ဘာသာရပ်တွေ ရွေးချယ်ဖို့ စဉ်းစားကြသောအခါ 'ဗေဒ' ပါသော ဘာသာရပ်တွေမှ အဆင့်မြင့်သိပ္ပံ ဘာသာရပ်များဖြစ်သည်ဟု ယူဆခဲ့ကြကြောင်း ဆိုပါသည်။ ဥပမာ–မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ပထဝီဝင်၊ သမိုင်း၊ သင်္ချာ စသည် စသည်တို့သည် 'ဗေဒ' မပါ။ ထို့ကြောင့် အဆင့်နိမ့်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဒဿ နိကဗေဒသည် နာမည်ကိုက ထူးခြားနေပေရာ လူသာမန်တို့ လက်လှမ်းမမီ သော ဘာသာရပ်ဖြစ်ပုံရသည်။ ထို့ကြောင့် ရွေးချယ်ခဲ့ရာ နောက်တော့မှ ဝိဇ္ဇာ

www.burmeseclassic.com



ဘာသာရပ်ကြီး ဖြစ်နေကြောင်း သိခဲ့ရသည် စသည် စသည်ဖြင့် သူ့အဖြစ်ကို သူပြန် 'သော' ကာ ရယ်ကာမောကာ ရှင်းပြလာခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ထိုဆရာက ဒဿနိကဗေဒနယ်ပယ်တွင် အောင်မြင်သူတစ်ယောက်တော့ ဖြစ်နေပါသေးသည်။

သူ့လိုမဟုတ်ဘဲ ပညာရှာပုံများ၌ ကမောက်ကမ ဖြစ်နေသူတွေက ဘယ်နှယောက်များ ရှိကြလေမလဲ။

(နှစ်)

ကျွန်တော့်ဘဝတာတစ်လျှောက် ထိတွေ့ဆက်စပ်သမျှသော လူတွေကို အကြောင်းတိုက်ဆိုင်တိုင်း သူတို့ သင်ယူနေသည့် ပညာကိုတော့ ဘာကြောင့် သင်သလဲဟူသည့် မေးခွန်းနှင့် ဘယ်လိုခံစားနေရလဲဟူသော မေးခွန်းတို့ကို မေးကြည့်မိတတ်ပါသည်။ အများစုက ဘာကိုမှ မထိမှန်နိုင်သည့် ပစ်ချက်တွေ ဖြစ်နေပါသည်။

မြန်မာစာကို ဘာကြောင့်ယူသလဲဟု ကျွန်တော် မေးပါသည်။ အများစုက 'လွယ်' လို့ဟု ဖြေပါသည်။ သိပ္ပံဘာသာရပ်ကို ဘာကြောင့် ရွေးချယ်သလဲဟု ကျွန်တော် မေးပါသည်။ အများစုကပဲ ဝိဇ္ဇာဘာသာရပ်တွေက 'နိမ့်' လို့ဟု ဖြေပါသည်။ ဒဿနိကဗေဒကို ဘာကြောင့် ယူသလဲဟု ကျွန်တော် မေးပါသည်။ ထိုစဉ် ဒဿနိကဗေဒကို ရန်ကုန်တက္ကသိုလ်၌သာ သင်ကြားပေးခဲ့ရာ တစ်ယောက်က ရန်ကုန်တက္ကသိုလ်မှာ နေချင်လို့ဟု ဖြေပါသည်။ ဘာကြောင့် ဆေးတက္ကသိုလ်တက်သလဲဟု ကျွန်တော်မေးပါသည်။ အမှတ်တွေအများကြီးရထားလို့ဟု လူတော်တော်များများက ဖြေပါသည်။ ဒီအထဲမှာ ကိုယ့်သူငယ်ချင်း ဥပဒေယူလို့ ကိုယ်က လိုက်ယူတာ။ ကိုယ့်မိဘက ရေကြောင်းတက္ကသိုလ်ဆိုလို့ ကိုယ်က ရေကြောင်းတက္ကသိုလ် လိုက်ရတာတွေကလည်း အများအပြားပင် ဖြစ်ပါသည်။

ဟိုနားသည်နားက LCCI ဆိုသော အသံဗလံကလေးတွေ ထွက်လာသောအခါ LCCI ရှိရာဆီသို့ ပြေးသွားလိုက်၊ MBA လှိုင်းတွေ ရိုက်ခတ်လာသောအခါ MBA လှိုင်းတွေထဲ ဝုန်းခနဲ ပြေးခုန်ချလိုက်၊ သူများ TOEFL ဆို ကိုယ် TOEFL၊ သူများ IELTS ဆို ကိုယ် IELTS။

တကယ်တော့ နိမ့်လို့မြင့်လို့၊ ဟိုလူ့ကြောင့် သည်လူ့ကြောင့် ပညာရှာဖွေနေသည်မျိုး မဟုတ်ဘဲ ကိုယ်လျှောက်လှမ်းမည့် ဘဝလမ်းကြောင်းနှင့် စပ်ဟပ်



ကာ ကိုယ့်စိတ်ကြိုက် ပညာရပ်ကို သင်ယူခြင်းသာ ထွန်းကားရာအလုပ်ဟု ကျွန်တော် ယူဆပါသည်။

ရူပဗေဒပညာရှင်ကြီး အိုင်စတိုင်းသည် ဆရာဝန်မဟုတ်သောကြောင့် အလကားလူဖြစ်မသွားပါ။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းသည် သိပ္ပံဘွဲ့ရမဟုတ်သောကြောင့် ကျက်သရေ ညှိုးနွမ်းမသွားပါ။ ဆရာမင်းသုဝဏ် မြန်မာစာဘာသာ သင်ယူခဲ့ခြင်းမှာ လူညံ့ဖြစ်နေ၍ လွယ်ရာကို ရွေးချယ်ခဲ့ခြင်း မဟုတ်ပါ။ ဆရာဒေါက်တာ အောင်ထွန်းသက် စီးပွားရေးပညာ လေ့လာခဲ့ခြင်းမှာ သူ့ခေါင်းရင်းအိမ်ကလူ ယူခဲ့သောဘာသာရပ်ဖြစ်၍ လိုက်ယူခဲ့ခြင်း မဟုတ်ပါ။ ပထဝီဘာသာရပ်ကို နိုင်ငံတချို့တွင် B.A ဘွဲ့ပေး၍ နိုင်ငံတချို့ B.Sc ဘွဲ့ ပေးသည်။ သင်္ချာဘာသာကိုလည်း B.A ဘွဲ့ပေးသည့် နိုင်ငံတွေက ဆေးကြသည်။ နာမည်ဟူသည်က ပညတ်မျှသာဖြစ်ရာ ဝိဇ္ဇာသိပ္ပံ အနိမ့်အမြင့် အတွေးတိမ်မနေဘဲ ကိုယ်ကြိုက်ပြီး ကိုယ်နှင့် လိုက်ဖက်ရာ ပညာကိုရှာဖို့ ဆိုလိုခြင်း ဖြစ်ပါသည်။ ကွန်ပျူတာပညာရှင် မိုက်ခရိုဆော့စ် သူဌေးကြီး ဘီလ်ဂိတ်က သူ့စိတ်ကြိုက် တက္ကသိုလ်ဘာသာရပ်များအဖြစ် ဘူမိဗေဒ၊ သမိုင်းနှင့်သင်္ချာဟု ရွေးချယ်ခဲ့သည် မဟုတ်ပါလော။

(သုံး)

Brain Drain ဆိုသော စကားကို လူသိများပါသည်။ ဦးနှောက်ယိုစီးမှု၊ အထူးသဖြင့် ကိုယ့်နိုင်ငံက ပညာတတ်များလူသား အရင်းအမြစ် သယံဇာတများ တိုင်းတစ်ပါးသို့ ယိုစီးရောက်ရှိသွားမှုကို ဆိုပါသည်။

ထို့အပြင် ကိုယ်မသင်ယူချင်သော ဘာသာရပ်ကို အကြောင်းအမျိုးမျိုးဖြင့် သင် ထိုဘာသာရပ်ကို မချစ်၊ အထင်မကြီး စိတ်မဝင်စား၊ ထိုဘာသာရပ်ကို အသုံးမချ၊ ဖွံ့ဖြိုးအောင် မကြိုးစား စသည့် အချက်အလက်များကလည်း Brain Drain ပင် ဖြစ်ပါသည်။ လူတွေ၊ အချိန်တွေ၊ ငွေတွေ နှမြောစရာကောင်းလိုက်တာ။

ပညာရေးနှင့် ပတ်သက်၍ ထိုသဘောထားတွေကို မပြင်သေးသမျှ ကျွန်တော်တို့တစ်တွေ အလဟဿဖြစ်နေဦးမှာ အမှန်ပဲဖြစ်ပါသည်။ Love for learning ဆိုသည့် စကားအတိုင်း သင်ယူခြင်း၌ ချစ်ဖို့ဆိုသည်မှာ မိမိကိုယ်တိုင်က ချစ်မက်ရာဘာသာရပ်ကို သင်ယူဖို့၊ သင်ယူခွင့်ရနိုင်ဖို့က အသေးစိတ်ဆုံး အချက် ဖြစ်ပေသည်။ ။

[7 Day, ၃၁-၁၂-၂၀၀၉]

www.burmeseclassic.com

# ဒူးရင်းသီးကြီးတွေ ပြုတ်ကျလာပြီလား

## (တစ်)

တစ်ခါက ခုတ်မောင်းချိန် ၂၄ နာရီလောက်ရှိသည့် မြစ်ဝကျွန်းပေါ်သွား ဧရာဝတီသင်္ဘောကြီးတစ်စင်းပေါ်မှာ ကျွန်တော် ရောက်ရှိ၍နေပါသည်။ ရန်ကုန် လပွတ္တာပြေးဆွဲသည့် နိုင်ငံတော်ပိုင် နှစ်ထပ်သင်္ဘောကြီးပဲ ဖြစ်ပါသည်။

အပေါ်ထပ်တွင် အလယ်အူကြောင်းကို သံဆန်ကာဖြင့်ခြားကာ သင်္ဘော ဝဲယာ၌ ခရီးသည်များကို နေရာချထားပေးရာ ကျွန်တော်က သံဆန်ကာနှင့် ကပ်လျက် အူကြောင်းတစ်နေရာ၌ နေရာရပါသည်။ ထိုအလယ်အူကြောင်း သံဆန်ကာကို ခေါင်းထားကာ သင်္ဘောလက်ရန်းများဆီသို့ ခြေရင်းလုပ်ပြီး လဲလျောင်းတတ်ကြစမြဲဖြစ်ရာ အပေါ်တည့်တည့် ခေါင်မိုးဆီ၌ အူကြောင်းအတိုင်း သင်္ဘောဦးနှင့် ပဲ့တန်းထားသည့် ရှည်လျားသော စင်တစ်ခုရှိပါသည်။ ဒီစင်ကား ခရီးသည်တို့၏ ပစ္စည်းများတင်ရန် ဖြစ်ပါသည်။

ထိုအချိန်က ဒူးရင်းသီးတို့ လှိုင်လှိုင်ပေါ်ထွက်ချိန်မို့လားမသိ။ သင်္ဘောပေါ်၌ ခရီးသည်တော်တော်များများဆီမှာ ဒူးရင်းသီးတွေကို တွေ့နေရပါသည်။ ကျွန်တော့် နှစ်ယောက်သုံးယောက်ကျော်က လူကလည်း ဒူးရင်းသီး လေးငါးလုံးနှင့် ဖြစ်ပါသည်။ သူက သူ့ဒူးရင်းသီးတွေကို အပေါ်ဘက်စင်မှာ တင်ထားလိုက်ပါသည်။ ဒါကို သူနှင့် ဝဲယာမှာ ကပ်လျက်နေရာရသည့် ခရီးသည်တွေက သတိပေးခြင်း ဖြစ်ပါသည်။ ပက်လက်လှန်ကာ ခြေသြောင်း လက်ဆန့်



လုပ်နေခိုက် ဟိုး... အထက် စင်မြင့်ဆီကနေ ဒူးရင်းသီးတွေ ပြုတ်ကျလာခဲ့ပါက မတွေးဝံ့စရာပင် မဟုတ်ပါလား။

သို့သော် ထိုခရီးသွားက တော်တော့်ကို ရိုင်းသောခရီးသွား ဖြစ်ပါသည်။ သူ့ဒူးရင်းသီးများကို အောက်သို့မချ။ ရတယ်တဲ့။ ပြုတ်ကျလာရင် ပြောတဲ့ ကြိုက်သလောက် လျော်မယ်တဲ့။ ကြမ်းတမ်းခက်ထန်လှသော လူနှင့်အသံ။

ဘဝခရီးသွားဆိုသည်များက အပျော်စီးသင်္ဘော စီးနေတာမျိုးမဟုတ်ဘဲ မတတ်သာ၍ ရုန်းကန်သွားလာနေရသည်မျိုးဖြစ်ရာ သွားရင်းလာရင်း အချင်း မများလိုသောကြောင့် ထိုလူရိုင်းကို စကားဆက်မပြောကြတော့ပါ။

ဒူးရင်းသီးကြီးတွေကမူ မျက်နှာအထက် လေးငါးပေအမြင့်တန်းပေါ်မှာ လှုပ်တုပ်လှုပ်တုပ်။ ဒူးရင်းသီးဆိုသည်မျိုးက ဆူးရှိသောအသီးဖြစ်ရာ အပေါ်က စင်ကလည်း သံတန်းတွေကို ခပ်စိပ်စိပ်ပစ်ထားသောစင်ဖြစ်သဖြင့် ဆူးနှင့်ငြိကာ အလွယ်တကူတော့လည်း ပြုတ်ကျမလာနိုင်ပါ။ သို့သော် သင်္ဘောလှုပ်တိုင်း ဝဲယာလိမ့်နေသည့် အသီးများဖြစ်၍ အချိန်မရွေးလည်း ပြုတ်ကျလာနိုင်လေရာ အောက်ကခရီးသည်တွေမှာ ဘယ်လိုမှ နေ၍မဖြောင့်ကြတော့။ ထိုင်မဖြောင့်၊ ထမဖြောင့်၊ လှဲမဖြောင့်၊ အိပ်မဖြောင့်။

သင်္ဘောခရီးစဉ်တစ်လျှောက်လုံး သူတို့ စိတ်ကူးထဲမှာ ဒူးရင်းသီးကြီးတွေ အချိန်တိုင်း ပြုတ်ကျနေကြ။ အချိန်တိုင်း သွေးထွက်သံယိုဖြစ်ကြ၊ အချိန်တိုင်း စကားများရန်ဖြစ်နေကြ လာကြပုံရပါသည်။ သြော်... စိတ်ကို လာရောက် ကျူးလွန်ထားသည့် အမှုကိစ္စများ။

## (နှစ်)

သည်လိုအဖြစ် သည်လိုထိပါးနှောင့်ယှက်မှုတွေကို လောက၏ ထောင့်တိုင်း လိုလိုမှာ ကျွန်တော်တို့ တွေ့မြင်နိုင်ပါသည်။

အဝေးပြေးကားတစ်စီးက ဒရောသောပါး ပြေးလွှားမောင်းနှင်လျက်ရှိသည်။ ရှေ့အတက်အဆင်းအပေါက်မှာ လူတစ်ယောက် မတ်တတ်ရပ် အနေအထားနှင့် စီးနင်းလိုက်ပါလာသည်။ သူက ကွမ်းသမား။ ကွမ်းတံတွေးတွေကို လမ်းတစ်လျှောက်လုံး တဗျစ်ဗျစ်နှင့် ထွေးလာခဲ့သူဖြစ်ရာ ထိုအတက်အဆင်း အပေါက်နှင့် ကပ်လျက်ထိုင်ခုံတွင် ထိုင်နေသူက သူ့အင်္ကျီအဖြူ ဖွေးဖွေးသန့်သန့်ကို စွန်းသွားမှာ ကြောက်သည်။ ထို့ကြောင့် သတိပေးသည်။ ဤတွင် ကွမ်းသမား တုံ့ပြန်ပုံက စိတ်ချဆရာတဲ့။ မဖြစ်စေရဘူးတဲ့။ စွန်းရင် လျော်ပေးမယ်တဲ့။

www.burmeseclassic.com



ပြီးသော် ဆက်၍ ထွေးမြဲ။ အင်္ကျီအဖြူနှင့် လူကလည်း ခရီးစဉ်တစ်လျှောက် လုံး တထိတ်ထိတ်နှင့် လိုက်ပါရရှာမြဲ။

တစ်ခါကတော့ ဧရာဝတီမြစ်ကို အနောက်မှအရှေ့သို့ ဖြတ်ကူးသည့် စက်လှေတစ်စီးပေါ်မှာ ဖြစ်ပါသည်။ မြစ်ကို စုန်တိုက်နေသည့် လေတွင် စက် လှေကလည်း အရှိန်နှင့်ဆန်တက် ဇွေစောင်းမောင်းနှင်နေခြင်းဖြစ်ရာ လှုပ်၍ ရသော အရာမှန်သမျှ တဖျပ်ဖျပ် လှုပ်ခါနေသည့် အနေအထား ဖြစ်ပါသည်။ စက်လှေရှေ့ပိုင်းရှိ လူတစ်ယောက် ဆေးပေါ့လိပ် မီးတရဲရဲနှင့်။

သူက ဆေးလိပ်မီးပွား မလွင့်စေရန် လက်ဖြင့်တော့ ကာထားပါသည်။ သို့သော် လေအတိုးမှာ တဖောက်ဖောက် လောင်ကျွမ်းကာ မီးပွားအချို့က ဇွေ ခနဲ ရိပ်ခနဲ လွင့်လာပါသည်။ သူက နောက်ဘက်ကိုလှည့်ကြည့်ကာ မယဉ်ကျေး သောအပြုံးဖြင့်ပြုံးပြီး လက်ကာပြလျက်က ရပါတယ်ဆိုသည့်သဘော လုပ်ပြ လာသည်။ စက်လှေအနောက်ဘက်လေအောက်က လူတစ်ယောက်စ နှစ်ယောက် စက သူတို့အင်္ကျီအသစ်ကလေးတွေကို လက်ဖြင့် အသာအယာပွတ်ရင်း သပ် ရင်းက ဘယ်အချိန် မီးပွားရောက်လာမလဲဆိုသောစိတ်ဖြင့် တထိတ်ထိတ် လိုက် ပါလာသော မျက်နှာများမှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းကနေ အရှေ့ဘက် ကမ်းကို ရောက်သည်အထိပဲ ဖြစ်ပါသည်။

(သုံး)

ခရီးစဉ်အစမှ အဆုံးထိ ဒူးရင်းသီးကြီးတွေ ပြုတ်ကျမလာဘဲ ရှိနိုင်ပါ သည်။ ကွမ်းတံတွေးတို့ အင်္ကျီကို လာရောက်မစွန်းထင်းတာ၊ ဆေးလိပ်မီးပွား က အင်္ကျီကို မလာရောက် မလောင်ကျွမ်းတာတွေ ရှိနိုင်ပါသည်။

သို့သော်...

ထိုသို့သော်က တော်တော်ခက်ပါသည်။ ဆောရီးဆိုသော စကားတစ်လုံး နှင့်လည်း ကိစ္စပြီးသွားနိုင်ပါသည်။ ခွန်းကြီးခွန်းငယ်နှင့်လည်း ပြီးသွားနိုင်ပါ သည်။ ခိုက်ရန် ဖြစ်ပွားဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်။ လျော်ဖို့ဆိုတာက ဘာကို ဘယ်လိုနှုန်းထားနဲ့ တန်ဖိုးဖြတ် ပေးလျော်ကြမှာတဲ့လဲ။ မလွယ်လှဘူး ဟု ထင်ပါသည်။

တကယ်တော့ လုံခြုံရေးဆိုသည်မှာ ကိုယ့်ပတ်ဝန်းကျင်ကို စိတ်နှင့်ပါ လုံခြုံမှုပေးနိုင်မှ အနက်အဓိပ္ပာယ် ပြည့်ဝမည် ဖြစ်ပါသည်။ "ဒူးရင်းသီးကြီး တွေ ဘယ်တော့ ပြုတ်ကျလာမလဲ။ ကွမ်းတံတွေးတွေ ဘယ်တော့ လာရောက် စွန်းထင်းလေမလဲ။ ဆေးလိပ်မီးပွားတွေ ဘယ်တော့ လွင့်လာမလဲ" စသည်ဖြင့် စိတ်မှာ လေးပင်စိုးထိတ်နေရခြင်းကလည်း အကျူးလွန်ခံနေရခြင်းတစ်မျိုးပင် ဖြစ်ပါသည်။ လူယဉ်ကျေးတို့၏ကမ္ဘာ၌ ဒါကို ငြင်းပယ်ပြီး ဖြစ်ပါသည်။



တခြားတခြားသော လူတို့၏ စိတ်ပိုင်းဆိုင်ရာကိုပါ လုံခြုံစိတ်ချစေ သည့် ဘဝနေထိုင်မှုဟန်ပန်ဆိုသည်မှာ လူယဉ်ကျေးတို့၏ အနုပညာရပ်တစ်ရပ် ပင် ဖြစ်ပေသည်။ ။

**[7 Day၊ ၂၁-၁-၂၀၀၀]**

www.burmeseclassic.com

www.burmeseclassic.com

## အီး-ကျူ

(၁)

ကျွန်တော်တို့ ခပ်ငယ်ငယ်က အိုင်ကျူဆိုသည့်စကားလုံး တော်တော်ခေတ်စားပါသည်။ သည်ကလေးက အိုင်ကျူမြင့်တယ်။ သည်ကလေးက အိုင်ကျူနိမ့်တယ်။ အိုင်ကျူ စမ်းသပ်မှု၊ အိုင်ကျူ မေးခွန်းလွှာ စသည်ဖြင့် မကြာမကြာ ဖတ်ရလေ့ ကြားရလေ့ ရှိပါသည်။

အိုင်ကျူ။

Intelligent Quotient ၏ အတိုကောက်။

intelligent က ဉာဏ်ပညာ၊ quotient က အတိုင်းအတာ ပမာဏဟု ဆိုရာ ဉာဏ်ပညာအရည်အသွေး၊ ဉာဏ်ပညာပမာဏဟုပဲ ဆိုကြပါစို့။ ဒီတော့ လူတစ်ယောက်၏ အရည်အသွေးကို အိုင်ကျူ ကောင်းမကောင်းနှင့် တိုင်းတာခဲ့ကြလေရာ ဉာဏ်ပညာပေတံက အဓိကနေရာယူခဲ့သည်မှာ ထင်ရှားလှပါသည်။

(နှစ်)

အခု သည်ဘက်ပိုင်းနှစ်တွေထဲမှာ အီးကျူ (E.Q) ဆိုသောစကား ပိုမိုပြီး လူသုံးများလာပါသည်။ ရန်ကုန်မြို့၏ အထင်ကရစာအုပ်ဆိုင်ကြီး လေးငါးဆိုင်မှာ E.Q ဟူသည့်အမည်နှင့် စာအုပ်တွေ တင်ရောင်းလာကြ၊ ဝယ်ယူလာကြတာကိုလည်း ကျွန်တော် သတိထားမိပါသည်။

အီးကျူ။

Emotional Quotient



စိတ်ခံစားမှု အတိုင်းအတာပမာဏ။ လူတစ်ယောက်၏ အဆင့်အတန်းအရည်အသွေးကို သူ့စိတ်ခံစားနိုင်မှု အနိမ့်အမြင့် အတက်အကျ စွမ်းအားနှင့်တိုင်းတာသည့် ပေတံ။ ဒီလူ စိတ်ခံစားမှု ဘယ်လောက်ကောင်းသလဲ၊ ကောင်းဘူးလဲဆိုသော ကိစ္စ။

စိတ်ပညာ၌ Feeling with others ဆိုသည့် စကားလုံး ရှိပါသည်။ အခြားသူများနှင့်အတူ ခံစားခြင်းဖြစ်ရာ sympathy (စာနာစိတ်) ဟု ဖွင့်ပါသည်။ Feeling into others ဆိုသည့် စကားလုံးလည်း ရှိပါသည်။ အခြားသူတို့၏ နေရာကနေ ဝင်ရောက်ခံစားခြင်းဖြစ်ရာ Empathy (စိတ်တပ်မှု) ဟု ဖွင့်ပါသည်။ လောက၌ ခံစားတတ်ဖို့ အရေးကြီးပုံကို ဖွင့်ဆိုနေခြင်းပင် ဖြစ်ပါသည်။

(သုံး)

သည်နေ့ ပညာနှင့် ပတ်သက်၍ အငမ်းမရဖြစ်နေသည့် ခေတ်ကြီးထဲ အင်္ဂလိပ်လိုမွတ်နေအောင်တတ်ဖို့ ရူပ၊ ဓာတု၊ သင်္ချာလို ဘာသာရပ်တွေမှာ ခေါင်းခေါင်းပြေး တွက်ချက်တတ်နေဖို့၊ ကွန်ပျူတာစွမ်းရည် တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြင့်တက်လာဖို့ စသည် စသည်ဖြင့် အနာဂတ်ကို မွှမ်းမံပြင်ဆင်ပေးနေသည့် လူကြီးမိဘတွေ အများအပြား ရှိပါသည်။

ကျောင်းစာမှတစ်ပါး ရုပ်ရှင်၊ ဂီတ၊ ပန်းချီပြပွဲ၊ စာပေအဖတ်အရှု ဘာဆိုဘာနဲ့မှ အထိအတွေ့မခံသော မိသားစုများပင် ဖြစ်ပါသည်။ ရသခံစားမှုဆိုတာ အပိုအလုပ်ဟု ထင်မှတ်နေသော မိသားစုများပင် ဖြစ်ပါသည်။ လွမ်းတတ်၊ ဆွေးတတ်၊ ချစ်တတ်၊ မုန်းတတ်၊ ရယ်တတ်၊ မောတတ်၊ စက်ဆုပ်တတ်၊ ကြောက်ရွံ့တတ်၊ သနားတတ်၊ စာနာတတ်သော စိတ်ခံစားမှုအဝဝကို အနုပညာက ပျိုးထောင်ပေးခြင်းဖြစ်ရာ ထိုမခံစားတတ်သောသူတွေမှာ တိရစ္ဆာန်နှင့် မခြားတော့။ စက်ရုပ်နှင့် မကွဲပြားတော့။ သဘာဝ တောတောင်လှျိုမြောင်စိမ့်စမ်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်ကမ်းခြေတွေကို တွေ့လို့လည်း ကြည်နူးတတ်၊ တန်ဖိုးမထားတတ်တော့။ ရင်ခွင်ပိုက်ကလေးငယ်ကို ချီပိုးကာ အထုပ်အပိုး မနိုင်မနင်းနှင့် ဘတ်စ်ကားပေါ် တိုးတက်လာသော အမျိုးသမီးတစ်ယောက်ကိုလည်း မစာနာတတ်၊ နေရာဖယ်မပေးတတ်တော့။ လမ်းဘေးကျောက်ပုံကြီးတစ်ပုံဆီမှာ ရောမတူကြီးတစ်လက်ကို လွှဲမြှောက်သယ်ရင်း ထုခွဲနေသည့် လူငယ်ကလေးကိုလည်း မသနားတတ်တော့။ အများအတွက်

www.burmeseclassic.com



အသက်တို့ ဘဝတို့ကိုစွန့်သူ ဂျူးလိယက်ဖူးချစ်လို့၊ နယ်လ်ဆင်မင်ဒဲလားလို့၊ မာသာထရီဆာလိုပုဂ္ဂိုလ်တွေကိုလည်း ချစ်ခင်ကြည်ညိုစိတ် မထားတတ်တော့။ ဇာတိရပ်ရွာ၊ ဇာတိရနံ့၊ ဇာတိခြေရာလက်ရာကလေးတွေကိုလည်း မအောက်မေ့တတ်၊ မလွမ်းတတ်တော့။ အေးခဲနေသည့် နလုံးသားတွေမှာ ဘာခံစားချက်မှ မရှိ။ အီးကျူ သုည။

**(လေး)**

ကမ္ဘာ့ထိပ်သီးတက္ကသိုလ်ကြီးများတွင် MIT က အတော့်ကို စွာပါသည်။ မက်ဆာချူးဆက် အင်စတီကျူ့ဒ်တက္ကနိုလော်ဂျီ။ ဒီကျောင်းဆင်းတွေကို တော်ရုံတန်ရုံလူယှဉ်မရ။ သူ့ သင်ရိုးညွှန်းတမ်းထဲမှာ ကဗျာပါလေသတဲ့။ နည်းပညာတက္ကသိုလ်မှန်သော်ငြား သူတို့၏ ခံစားမှုစွမ်းရည် ထိပ်တန်းသို့ရောက်အောင် ကဗျာဖြင့် တွန်းပို့ထားပုံရပါသည်။

စင်ကာပူနိုင်ငံရှိ စီးပွားရေးတက္ကသိုလ်ကမူ သင်ရိုးထဲမှာ ဝတ္ထုတိုတွေကို ထည့်သွင်းထားလေသတဲ့။ လူ့ဘဝကို ခံစားနားလည်နိုင်ဖို့ဟု သဘောပေါက်ရပါသည်။

မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်ရာ ကမ္ဘာကြီးသည် ခလုတ်တွေနှင့်ကမ္ဘာကြီး ဖြစ်ပါသည်။ သည်ခလုတ်တွေကို စေစားမောင်းနှင်မှာက လူသား။ ဒီလူသား နည်းပညာ ဘယ်လောက်ကျွမ်းကျင်သလဲဆိုသည်က အိုင်ကျူကိစ္စ။ ဉာဏ်ရည်အဆင့်။ ဒီလူသားခံစားမှုစွမ်းရည် ဘယ်လောက်မြင့်သလဲဆိုသည်က အီးကျူကိစ္စ။ ခံစားမှုအဆင့်။ ပါးနပ်၍ အမြော်အမြင်ရှိသော သူတို့က လူ့အဖွဲ့အစည်း ယန္တရားဆန်မသွားရန်အလို့ငှာ၊ တိရစ္ဆာန်အဆင့်သို့ လျော့ကျမသွားရန်အလို့ငှာ အီး-ကျူ (EQ) ကိစ္စကို အလေးအနက် ထည့်သွင်းစဉ်းစားလေ့ရှိကြောင်း သတိချပ်သင့်ပါသည်။ ။

**[7 Day၊ ၄-၂-၂၀၁၀]**

# ဝါးဘလောက်သောက်မြစ် သေဆုံးခြင်း

**(တစ်)**

သတင်းစာထဲမှာ လူပျောက်ကြော်ငြာတွေကို မကြာခဏဆိုသလိုကျွန်တော်တို့ တွေ့ဖူး ဖတ်ဖူးကြပါသည်။ အမည်နာမ အသက်အရွယ် ပျောက်ဆုံးသွားသော နေ့ရက်၊ အချိန်၊ နာရီနှင့်တကွ ဓာတ်ပုံကလေးတွေကိုပါ ပူးတွဲဖော်ပြထားတတ်ပြီး ပြန်တွေ့ဖို့ အကူအညီပေးလျှင် ကျေးဇူးဆပ်ပါမည်ဆိုသော ဝန်ခံစကားကလေးတွေကအစ ဖော်ပြထားတတ်လေ့ရှိရာ စိတ်မသက်မသာစွာဖြင့် ကျွန်တော်တို့ ဖတ်ရှုကြရမြဲ ဖြစ်ပါသည်။

ဟိုး... ခပ်ငယ်ငယ် အငြိမ့်ဇာတ်သဘင်ပွဲတော်များ ခေတ်ကောင်းစဉ် လူတွေ ကြိတ်ကြိတ်တိုးနေသည့် ပွဲခင်းထဲ လူပျောက်ကြေညာသံများကို အသံချဲ့စက်ကြီးတွေဆီကနေ ကြားရလေ့ရှိပုံတွေကိုလည်း ကျွန်တော် အမှတ်ရမိသည်။

ပြန်တွေ့တာတွေ၊ ပြန်မတွေ့တာတွေ အသာထားလို့ လူဆိုတာ ပျောက်ဆုံးတတ်တဲ့ အမျိုးအစားပါလားဆိုတာကို သဘောပေါက်ခဲ့ရသည်။

ကမ္ဘာပေါ်မှာ နောက်ထပ် ဘာတွေများ ပျောက်ဆုံးသွားတတ်ကြပါလိမ့်။ လူတို့ မှီတင်းနေထိုင်ရာ မြို့တွေ၊ ရွာတွေ၊ သစ်တောတွေ၊ ချောင်း၊ မြောင်း၊ အင်းအိုင်၊ ပင်လယ်၊ သမုဒ္ဒရာတွေကလည်း ပျောက်ဆုံးသွားတတ်ကြသတဲ့ ဆိုပဲလား။ တချို့မြို့ကြီးတွေ ရေအောက်ကို ရောက်သွားကြလေသတဲ့။ တချို့ ကန္တာရကြီးတွေဆို အရင်က သစ်တောကြီးတွေတဲ့။ ဩော်... မြို့သင်္ခါရ ရွာသင်္ခါရ၊ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်သင်္ခါရ၊ စိုနှံ့သာမြိုင်သင်္ခါရ

www.burmeseclassic.com



သည်လို သဘာဝပတ်ဝန်းကျင်၏ မတည်မြဲပုံကို ကျွန်တော်တို့ ဘွားခနဲ ရင်ဆိုင်တွေ့ကြုံလိုက်ရသည်ကတော့ ဝါးဘလောက်သောက်ကျေးရွာကလေး မှာပဲ ဖြစ်ပါသည်။ ဝါးဘလောက်သောက်ရွာကလေးဘေးမှာ ရစ်ခွေစီးဆင်းသွား သည့် ဝါးဘလောက်သောက်မြစ်ဆိုတာ အခုမရှိတော့။

ဒေသခံ ငေါ်း (ကွမ်းခြံကုန်း) နှင့်အတူ ဆရာမောင်ခင်မင် (ဓနုဖြူ)၊ မသန်းမြင့်အောင်၊ ကျွန်တော်တို့ စာပေဟောပြောပွဲ ရောက်ရှိသွားရာက ပျောက် ဆုံးသွားသည့် ဝါးဘလောက်သောက်မြစ်ကြီးပေါ်မှာ မတ်မတ်ရပ်ခဲ့မိကြခြင်း လည်း ဖြစ်ပါသည်။

(နှစ်)

ဝါးဘလောက်သောက်ဟူသည့်အမည်ကို ကောက်နယ်၊ ကောက်ပင်တို့ ၏နယ်ဟု သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက မွန်ဝေါဟာရအဖြစ် အနက် ဖွင့်ဖူးကြောင်း ကဗျာဆရာ ငေါ်း (ကွမ်းခြံကုန်း) က ဆိုပါသည်။ ကော့မှူး မြို့နယ်ထဲကနေ ပင်လယ်ဘက်သို့ ဆင်းသည့် လမ်းပေါ်က ရွာကလေး။ သည် ရွာကလေးက တတိယအကြိမ်မြောက် စာပေဟောပြောပွဲ ကျင်းပလေမတဲ့။

အရင်ကတော့ ကိုသုမောင်တို့၊ ကိုချစ်ဦးညိုတို့၊ မနုနုရည် (အင်းဝ) တို့ လာခဲ့ဖူးလေသတဲ့။ ဒီနှစ် ၁ ရက်၊ ဖေဖော်ဝါရီ ၂၀၁၀ က ကျွန်တော်တို့အလှည့်။ ဆရာမောင်မောင်ခင်မင် (ဓနုဖြူ)၊ မသန်းမြင့်အောင်နှင့် ကျွန်တော်။ လူထု၏ လက်ထဲသို့ ဖြန့်ဝေထားသော လက်ကမ်းကြော်ငြာ စာရွက်ကလေးတွေမှာတော့ "လယ်တောစပါးတောထဲက ကျေးလက်စာပွဲခင်း" ဟု အမွမ်းတင်ထားပါသည်။

ဝါးဘလောက်သောက်။

ဝါးဘလောက်သောက်မြစ် စီးဆင်းသွားခဲ့ဖူးလေရာ ဝါးဘလောက် သောက်။

ကျွန်တော်တို့ ငယ်ငယ်က ကွမ်းခြံကုန်းမြို့ကလေးကနေ ရန်ကုန်သို့ လာသောအခါ ရေလမ်းခရီးဖြင့် နှစ်မျိုးသွားနိုင်ပါသည်။ တစ်လမ်းက ပင်လယ် ဘက်သို့ မဆင်းဘဲ တိုးမြစ်ကြီးကို ဆန်တက်ကာ တွံတေးတူးမြောင်းအတွင်း သို့ဝင် ယင်းမှ ရန်ကုန်သို့စုန်၍ ဝင်သောလမ်း။ ဒါကို အထက်လမ်းဟု ခေါ် ကြသည်။ နောက်တစ်လမ်းက ပင်လယ်ဘက်သို့ ဆင်းသည့်လမ်း။ တိုးမြစ် အတိုင်း ပင်လယ်ဘက်သို့ စုန်ကာ ဆင်းလာခဲ့ပြီး ကညင်ကုန်းနီးသည်နှင့် ဝါး ဘလောက်သောက်မြစ်ထဲသို့ဝင်ကာ ရန်ကုန်မြစ်အတွင်းသို့ သခွပ်ပင်အနားမှ



ဝင်ရောက်ပြီး ရန်ကုန်မြစ်ကို ဆန်လျက် ရန်ကုန်ကိုဝင်သည့်လမ်း။ အောက် လမ်း။

လွယ်အောင်ပြောရလျှင် တိုးမြစ်နှင့် ရန်ကုန်မြစ်ကို အထက်ဘက်မှာ ဆက်သွယ်ထားသည့်လမ်းက အထက်လမ်း၊ အောက်ဘက်မှာ ဆက်သွယ်ထား သည့်လမ်းက အောက်လမ်း။ ထိုအောက်လမ်း၏ အဓိကဇာတ်လိုက် ဝါးဘလောက် သောက်ရွာကလေးဘေးကနေ စီးသွားသည့် ဝါးဘလောက်သောက်မြစ်။ ဒီမြစ် ထဲမှာ နှစ်ထပ်သင်္ဘောကြီးတွေ လူးလာဆန်ခတ်ခဲ့ကြဖူးသည်။ ဒီဒေသသား တွေ အောက်လမ်းကတစ်ဆင့် ရန်ကုန်သို့ ဝင်ရောက်ခဲ့ကြဖူးသည်။ အခု အောက် လမ်း မရှိတော့။ ဝါးဘလောက်သောက်မြစ်လမ်းလည်း မရှိတော့။ နှစ်ထပ် သင်္ဘောကြီးတွေ အသာထားလို့ လှေနာဝါကလေးမျှပင် လှော်ခတ်သွားလာလို့ မရတော့။ ကောသွားတဲ့မြစ်ကြီး။ သေဆုံးသွားတဲ့ ရေလမ်းကြောင်း။ မြစ်ရဲ့ ခြေရာအဖြစ် မြစ်ကြောင်းအတိုင်း ကွေ့ကောက်ပေါက်ရောက်ခဲ့ပုံရသည့် လမှု ပင်၊ ကမလာပင်တန်းကလေးတွေကိုတော့ တွေ့နေရသေးသည်။ တစ်ခါတ ရေလမ်းမှာ ဝင်ရောက်လာကြမည့် စပါးတို့ကို စောင့်စားရာ ဆန်စက်ကြီးတွေ ၏ ခြေရင်းမှာလည်း လှေသမ္ဗန်မော်တော်လေးတွေ ဆိုက်ကပ်နားမနေကြတော့။ နွားလှည်းကလေးတွေသာ။

(သုံး)

"၁၉၈၀ မတိုင်ခင်အထိ ဒီမြစ်ကြီးက ရှိနေတုန်းဗျ။ ၈၀ ဒီဘက်မှာ ကောသွားတာ၊ မြန်တယ်၊ နေ့ချင်း ညချင်း ကောသွားတာ၊ ရေတက်တယ်ဗျာ။ ရေပြန်ကျတော့ ရွှံ့အနည်တွေ ကျန်ခဲ့တယ်။ တစ်ရက်ကိုနှစ်ခါ ဒီရေတက်လိုက် ကျလိုက်နဲ့ နှစ်ပတ်အတွင်းမှာ ဘာမှသွားမရတော့အောင် ရွှံ့နွံပြင်ကြီး ဖြစ်သွား တော့တာပါပဲ"

သည်မြစ်ထဲမှာ နှစ်ထပ်သင်္ဘောမောင်းခဲ့သည့် ဆလင်ကြီးတစ်ဦးက ဤသို့ ရင်ဖွင့်ခဲ့ပါသည်။

"ဆန်စက်ကတော့ အပြောင်းအလဲ မရှိလှပါဘူး။ မြစ်ရှိတုန်းက လှေ သမ္ဗန်နဲ့လာကြ။ အခုတော့ လှည်းနဲ့လာကြပေါ့"

မြစ်ကမ်းစပ်မှာ ဆန်စက်တည်ခဲ့သူတစ်ယောက်၏ သုံးသပ်ချက်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကောသွားသောမြစ်ကို နှမြောနေမိ သည်။ အမာရွတ်ကြီးတစ်ခုလို ကွေ့ဝိုက်သွားသည့် မြစ်ကြောင်းကြီးကို ဟိုး---

www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းတစ်မျှော်တစ်ခေါ်အထိ ဆွေးဆွေးငေးငေး လှမ်းကြည့်နေမိသည်။ ပျောက်ဆုံးသွားသောမြစ်ကို ဘယ်လို လိုက်ရှာရပါ့။

ကျွန်တော်ကတော့ ကမ္ဘာပေါ်မှာ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ် သမုဒ္ဒရာတွေ၊ သစ်တောတွေ၊ တောင်ကုန်းတောင်တန်းတွေ၊ မြို့တွေ၊ ရွာတွေ၊ သဘာဝ တောရိုင်းတိရစ္ဆာန်တွေ ဘာကိုမှ မပျောက်ကွယ်သွားစေချင်။ အမြဲ တည်တံ့နေစေချင်ပါသည်။ အခုတော့...။

လွမ်းရပါသော်ကော ဝါးဘလောက်သောက်မြစ်ရယ်...။ ။

[7 Day၊ ၄-၃-၂၀၁၀]

## အရောင်းအဝယ်မဖြစ်သူတို့၏ ရောမအမြတ်ကြီးများ

### (တစ်)

ယခု ကျွန်တော်ရေးချလိုသည့် အကြောင်းအရာတချို့ကို အခြားအခြား သော စာနယ်ဇင်း စာမျက်နှာများပေါ်မှာလည်း ဟိုနားတစ်စ သည်နားတစ်စဆို သလို ကျွန်တော် ရေးချထားခဲ့ပြီးသား ဖြစ်ပါသည်။ ထို့ပြင် မန္တလေးအက်ဖ်အမ် ရေဒီယိုမှလည်း အသံလွှင့်ဟောပြောချက်များအဖြစ် အကြောင်းတိုက်ဆိုင်တိုင်း ကျွန်တော် အသံလွှင့်ခဲ့ဖူးသည်ကို ဝန်ခံလိုပါသည်။ ယခု လိုအပ်သည်ဟု ထင် သောကြောင့် ထိုအကြောင်းအရာများမှ ထုတ်နုတ် ဖြတ်တောက် စပ်ဟပ်ကာ ပြန်လည် ဖော်ပြပါရစေ။ ကျွန်တော့် ကိုယ်တွေ့အဖြစ်အပျက်ကလေး လေးငါးခု မျှသာပါ။

### (နှစ်)

ဟိုး... တစ်ခါက ရန်ကုန်မြို့ အနော်ရထာလမ်းမကြီးပေါ်က စာရေး ကိရိယာဆိုင်ကလေးတစ်ဆိုင်မှာ ကျွန်တော် ဘောလ်ပင် Refill ဝင်ဝယ်ပါ သည်။ ကျွန်တော့်တွင် အမြတ်တနိုး ကိုင်ဆောင်သည့် Parker ဘောလ်ပင် တစ်ချောင်းရှိခဲ့ဖူးရာ မင်ကုန်မည်ကို စိုးသဖြင့် လက်မှတ်ထိုးရုံ၊ အရေးကြီးသည့် စာအတိုအထွာလေးများရေးရုံ သုံးသည့်ကြားက တစ်နေ့တော့ မင်ကုန်ပါသည်။ ကျွန်တော်က ဒီဘောလ်ပင်ကလေးထဲသို့ Parker Refill အစစ်ကိုပဲ ထည့်ချင် ရာ ရှိမရှိ ဝင်မေးခြင်း ဖြစ်ပါသည်။

www.burmeseclassic.com



ဆိုင်ရှင်က ပထမဦးဆုံး တရုတ်ပြည်ဖြစ် Refill ကို ထုတ်ပြပါသည်။ ကျွန်တော်က မကြိုက်ကြောင်း ခေါင်းခါပြရာ သူက နောက်တစ်မျိုး ထုတ်ပြပြန်ပါသည်။ အိန္ဒိယပြည်ဖြစ် Refill။ ဒါကိုလည်း ကျွန်တော်က မကြိုက်နိုင်သူဖြစ်ရာ ဟင့်အင်း ရပြန်ပါသည်။ ဒီတော့ ဆိုင်ရှင်က သူ့စာရေးကိရိယာများကို သပ်ရပ်သွားအောင် နေရာချရင်က သြော်… ခင်ဗျားက အစစ်မှလိုချင်တာကိုးဟု ပြောပြီး တည်ငြိမ်အေးချမ်းစွာ ပြုံးရင်းက လမ်းညွှန်ပါတော့သည်။ အနော်ရထားလမ်းမကြီးအတိုင်း သိမ်ကြီးဈေးဘက်ကို လျှောက်သွားဖို့၊ ကုန်ဈေးတန်းလမ်းရောက်လျှင် အထက်ကို ချိုးလိုက်ဖို့ စသည် စသည်ဖြင့် စိတ်ရှည်လက်ရှည်ကြီးကို လမ်းညွှန်နေခဲ့ခြင်း ဖြစ်ပါသည်။ ထိုနေ့က သူညွှန်းသောဆိုင်သို့ ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်သွားခဲ့ပါသည်။ ကျွန်တော် အလွန်လိုချင်သည့် Parker Refill အစစ်ကလေးကိုလည်း ဝယ်ယူရရှိခဲ့ပါသည်။ ဝန်ခံရလျှင် ယခုအထိ ကျွန်တော် မမေ့နိုင်သောသူမှာ ကျွန်တော်နှင့် ဘာအရောင်းအဝယ်မှ မဖြစ်လိုက်သော အနော်ရထာလမ်းမကြီးပေါ်က စာရေးကိရိယာဆိုင်ပိုင်ရှင် အမျိုးသား ဖြစ်ပါသည်။

## (သုံး)

တစ်ခါကတော့ နယ်ထမင်းဆိုင်ကလေး တစ်ဆိုင်မှာ ဖြစ်ပါသည်။ ကျွန်တော်က ထိုဆိုင်ကလေးဆီ အမဲသားဟင်းဝယ်ဖို့ ရောက်သွားခြင်း ဖြစ်ပါသည်။ သို့သော် ထိုဆိုင်က အမဲသား လုံးဝ မရောင်းပါ။ အံ့သြစရာကောင်းသည်မှာ ဆိုင်ရှင်အမျိုးသမီးကြီးက သူ့ဆိုင်တွင်ရှိသည့် ဟင်းလျာအမျိုးမျိုးထဲမှ တစ်မျိုးမျိုးကို ဝယ်သွားဖို့ မတိုက်တွန်းဘဲ "သားက အမဲသားစားချင်လို့လား" ဟူသည့်စကားကို မိခင်ရနံ့ပါအောင်ပြောရင်း ကျွန်တော့်လက်ကိုဆွဲလျက် ဆိုင်အပြင်ဘက်သို့ထွက်ကာ ဟိုးအဝေးတစ်နေရာက အမဲသားဟင်းချက်ကောင်းသည်ဆိုသော ထမင်းဆိုင်ကလေးတစ်ဆိုင်ကို လက်ညှိုးညွှန်ပြခဲ့ခြင်းပင် ဖြစ်ပါသည်။ ထပ်ဆင့်၍ ဝန်ခံရလျှင် ကိုယ့်ဆိုင်က အမဲသားဟင်း မရောင်းသော်လည်း ထိုဟင်း ရနိုင်ရာနေရာသို့ လမ်းညွှန်လိုက်သည့် ထမင်းဆိုင်ပိုင်ရှင် အမျိုးသမီးကြီးကိုလည်း သည်နေ့အထိ ကျွန်တော် မမေ့နိုင်ပါ။

## (လေး)

နောက်ထပ်တစ်ခါ ကြုံရပြန်တာကတော့ အားကစားဝတ်စုံတွေချုပ်သော ဆိုင်တစ်ဆိုင်မှာ ဖြစ်ပါသည်။ သူ့နယ်ပယ် သူ့ဒေသမှာတော့ တော်တော့်ကို အောင်မြင်သော အားကစားဝတ်စုံဆိုင် ဖြစ်ပါသည်။ ကျွန်တော်က ရန်ကုန်မြို့ ကနေအပြန် ဝယ်ယူလာသည့် ဘောင်းဘီရှည်မှာ ကျွန်တော်နှင့် ရှည်နေသောကြောင့် ဖြတ်ရန် ထိုဆိုင်သို့ ရောက်သွားခြင်း ဖြစ်ပါသည်။ ဆိုင်ရှင်က ကျွန်တော့် ဘောင်းဘီကို တယုတယပဲ ဖြန့်ကြည့်ပါသည်။ သေသေချာချာ စဉ်းစားပြီးမှ ဘောင်းဘီက ကောင်းကြောင်း၊ ရမ်းဖြတ်လိုက်သော် ပုံပျက်သွားမှာကို စိုးရိမ်ကြောင်း သူတို့ဆိုင်က အားကစားဝတ်စုံချုပ်သည့်ဆိုင်ဖြစ်သဖြင့် လက်ရာကြမ်းကြောင်း ရန်ကုန်သို့ ပြန်ယူသွားကာ ပြင်သင့်ကြောင်း ဆွေးဆွေးနွေးနွေးကြီးကို ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော် မမေ့။ နယ်မြို့တစ်မြို့က အားကစားဝတ်စုံဆိုင်ပိုင်ရှင် ထိုအမျိုးသားကို ကျွန်တော် မမေ့။

## (ငါး)

သည်လိုအဖြစ်သနစ်တွေကို တန်းစီကာ ချရေးရလျှင် ကုန်နိုင်ဖွယ်ရာ မမြင်ပါ။ စာရေးသူ ကျွန်တော့်မှာသာမဟုတ် ကျွန်တော်တို့ စာဖတ်ပရိသတ်တွေဆီမှာလည်း သည်လိုမျိုးတွေက တစ်ပုံတစ်ခေါင်းကို ရှိနေပါလိမ့်မည်။

ကျွန်တော် သာဓကဆောင်ခဲ့သည့် အဖြစ်အပျက်တွေကို ကြည့်လျှင် တစ်ခုမှ အရောင်းအဝယ်မဖြစ်။ Parker Refill အစစ်ကို လိုချင်သည့် ကျွန်တော်နှင့် အတုပဲ တင်ထားသည့် စာရေးကိရိယာဆိုင်ကလေးကြားမှာ ဘာမှ အရောင်းအဝယ်မဖြစ်။ အမဲသားဟင်းဝယ်သူ ကျွန်တော်နှင့် ရောင်းရန်မရှိသော ဆိုင်ကလေးကြားမှာ ဘာအရောင်းအဝယ်မှမဖြစ်။ ကျွန်တော့်ဘောင်းဘီကို ဘာမှ မလုပ်ပေးသည့် အားကစားဝတ်စုံဆိုင်နှင့် ကျွန်တော့်ကြားမှာလည်း ဘာမှ အရောင်းအဝယ်မဖြစ်။ သို့သော် ရောမအမြတ်ကြီးများကို သူတို့ ရလိုက်ကြသည်ဟု ကျွန်တော် ယူဆပါသည်။ သူတို့အပေါ် ကျွန်တော် ငြိသွားအောင်၊ ညွှတ်သွားအောင် ဘာမှမရောင်းဘဲ ဝန်ဆောင်မှုပေးလိုက်ကြခြင်းပင် ဖြစ်ပါသည်။ ကိုယ့်ဆီကို ရောက်လာသည့် စားသုံးသူကို အချဉ်ဖမ်းမထားဘဲ တစ်နည်းအားဖြင့် ပိုက်ဆံရလျှင် ပြီးစတမ်းသဘောမထားဘဲ ဝန်ဆောင်မှုပေးလိုက်ခြင်း Serve လုပ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဒီလိုဆိုင်မျိုး ဒီလိုရောင်းဝယ်သူတို့ ကျွန်တော့်မှသာမဟုတ် မည်သည့်စားသုံးသူကမဆို သတိရလေးစားနေမည့် အရာပဲ ဖြစ်ပါသည်။ အကြောင်းတိုက်ဆိုင်လျှင် ဒီလိုဆိုင်မျိုးရှိရာဆီသို့သာ ကျွန်တော်တို့ ခြေလှမ်းပြင်ကြမြဲ ဖြစ်ပါသည်။။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း အမှတ်ရနေသူတစ်ယောက်အကြောင်းကိုလည်း ပြော လိုပါသေးသည်။ အဝေးပြေးဂိတ်က လူတစ်ယောက်။ ကျွန်တော် မကျွမ်းကျင် သော ခရီးစဉ်ဖြစ်၍ အစောဆုံးကားကို မေးမိပါသည်။ သူက ၈ နာရီကားဟု ဆိုကာ ရောင်းထည့်လိုက်ရာ ၆ နာရီကပင် ကားဝင်းထဲရောက်နေသူ ကျွန်တော် တစ်ယောက် ၂ နာရီလောက် စောင့်ရလိုက်ပါသည်။ တကယ်တော့ ၆ နာရီ တွေ၊ ၇ နာရီတွေ၊ ၇ နာရီခွဲတွေ တခြားဂိတ်တွေက ထွက်နေကြောင်း နောက် မှ ကျွန်တော် သိသွားခြင်းဖြစ်ပါသည်။ သိတော့ ထိုဂိတ်ကို ကျွန်တော် ရှုံသွား၊ နှာခေါင်းရှုံ့သွားမိတာ အမှန်ပဲဖြစ်ပါသည်။ သူ ကျွန်တော့်ဆီက ငွေနှစ်ထောင် ရလိုက်ပြီး အကြီးအကျယ်ရှုံးသွားပြီဆိုတာကို သိမှသိပါလေစ။ သူတို့ဂိတ်၏ အမှတ်တံဆိပ်ကိုကြည့်ကာ ကျွန်တော် ဘယ်တော့မှ ယုံကြည်၍မရတော့။

ရောင်းဝယ်ဖောက်ကားခြင်းဆိုတာ ပစ္စည်းနဲ့ ငွေနဲ့ လဲလှယ်ရုံမျှသာ မဟုတ် စိတ်ကိုပါ ကျေနပ်ချမ်းမြေ့အောင် ဝန်ဆောင်မှုပေးရသည် ဆိုခြင်းကို နားလည် သဘောပေါက်ကြပုံမရ။ ကျွန်တော်ကတော့ ဘာမှ မရောင်းမဝယ် ဖြစ်လိုက်ဘဲ ဈေးမအမြတ်ကြီးတွေ မြတ်သွားသည့် လူပုဂ္ဂိုလ်တချို့ကို ယနေ့ တိုင် သတိရလျက် ရှိနေပါသည်။ ။

[7 Day၊ ၂၅-၃-၂၀၁၀]

## မင်းနီနဲ့ အတားခံထားရတဲ့လူ

### (တစ်)

အရောင်တွေ၊ အဆင်းတွေထဲမှာ အနီရောင်က လူတို့၏စိတ်ကို စိုးမိုး လွှမ်းခြုံထားသော ခွန်အားတစ်စုံတစ်ရာများ ရှိနေလေရော့သလား မပြောတတ် ပါ။ ကြက်ခြေနီ အမှတ်တံဆိပ်ထဲက အနီရောင်က ဖေးမကူညီမှု၏ အနုတ် အဓိပ္ပာယ်ကို ရည်ညွှန်းပါသည်။ သူနာပြု တက္ကသိုလ်ဝင်းပရဝုဏ်ထဲက ထွက် လာသော သူနာပြုဆရာမလောင်းလျာတို့၏ သစ်လွင်သော အနီရောင်က ပြတ်သား မှုနှင့်ယှဉ်သည့် ကရုဏာ၏သင်္ကေတပဲ ဖြစ်ပါသည်။ အမျိုးမျိုးအထွေထွေသော မော်တော်ယာဉ်တို့၏ အရှိန်တွေကို တုံ့ခနဲ တိခနဲ ရပ်တန့်သွားစေသည့် မီးပွိုင့် အနီရောင်က စည်းကမ်း၏ပုံရိပ်ဖြစ်ကာ မိုတ်ချည်လင်းချည်ဖြစ်နေသော ကား ရှေ့မီး၊ နောက်မီးတွေကတော့ သတိတရား၏ နိမိတ်ပုံပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ ခပ်ငယ်ငယ် လူမမယ်ကျောင်းသားဘဝက မင်အနီထည့် ထားသော ဆရာဖောင်တိန်ကြီးကို တန်ခိုးရှင်တစ်ဦးပမာ အားကျတပ်မက်ခဲ့ဖူး သည်မှာလည်း အမှန်ပဲ ဖြစ်ပါသည်။ ကျွန်တော်တို့၏ ရမှတ်များ ကျွန်တော် တို့၏ အအောင်အရှုံးကိစ္စများကို မင်နီဖြင့် ရေးခြစ်သတ်မှတ်ပေးခြင်းဖြစ်ရာ ကျောင်းဆရာဘဝကို တကယ်မသိခင်ကတည်းက မင်နီတစ်ချောင်းဖြင့် လုပ် ပိုင်ခွင့်ရထားသည့် ဟန်ပန် (Style) ကို သဘောကျနေမိခဲ့ဖူးသည်မှာလည်း အမှန်ပဲ ဖြစ်ပါသည်။

နောက်တော့ ကျွန်တော်တို့တစ်တွေ ဘဝမာရသွန်ပြိုင်ပွဲကြီးအတွင်းသို့ ရောက်သွားကြပါသည်။ လေ့ကားအတက်အဆင်းတွေ၊ အနိမ့်အမြင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဒီဘက်စားပွဲမှ ဟိုဘက်စားပွဲသို့ အကူးအသန်းတွေကြားထဲမှာ အသက်ရှင်အောင် ကူးခတ်ကြရပါတော့သည်။ သည်မှာ နောက်ထပ်မင်နီတစ်ချောင်းကို ထပ်တွေ့လိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အထက်အရာရှိတစ်ဦး၏ မင်နီ။

(နှစ်)

ကျွန်တော်တို့၏ ဆရာလည်းဖြစ်ခဲ့ဖူးသူ ထိုအထက်အရာရှိက လုပ်ငန်းခွင်ထဲသို့ ရောက်သောအခါ ကျွန်တော်တို့၏ အလုပ်အတက်အဆင်း လက်မှတ်ထိုးရသည့် စာရွက်ကို ကိုင်ပါသည်။ ဆရာက သဘောကောင်း မနောကောင်း ဆရာတစ်ဦးဖြစ်သော်လည်း စည်းကမ်းကိုတော့ တန်ဖိုးထားပါသည်။ သို့ဖြစ်ရာ ဆရာက ကျွန်တော်တို့ အလုပ်သို့ နောက်ဆုံးရောက်ရမည့်အချိန်နှင့် အစောဆုံးပြန်ရမည့် အချိန်တို့ကို သတ်မှတ်ပေးပြီးနောက် စည်းကမ်းဖောက်ဖျက်သော် မင်နီတားမည်ဟု အစည်းအဝေးတစ်ခု၌ အသိပေးလာပါသည်။ သို့ဖြင့် ကျွန်တော်တို့လည်း အလုပ်တက်လိုက် ဆင်းလိုက်။ တစ်ခါတစ်ရံတွင်လည်း အကြောင်းအမျိုးမျိုးဖြင့် နောက်ကျမိ၊ စောမိသောကြောင့် မင်နီ အတားခံရလိုက်။

ဆရာကား ပြင်းထန်သည့် အရေးယူမှုများကိုကား တစ်ခါမျှ မလုပ်ခဲ့။ သူ မင်နီတားထားပုံက သည်နေ့ရောက်တာ နောက်ကျတယ်။ သည်နေ့ပြန်တာ စောတယ်ဟူသည်ကို သတိပေးရုံသက်သက်မျှသာ မင်နီတား၍ ဖော်ပြနေခဲ့ခြင်း ဖြစ်ပါသည်။

တစ်နေ့။ အလွန်အံ့သြစရာကောင်းသော ထိုတစ်နေ့။

ထိုနေ့က ဆရာ တော်တော်နောက်ကျမှ အလုပ်ကို ရောက်လာပုံရပါသည်။ ကျွန်တော်တို့အားလုံး လက်မှတ်ထိုးပြီးကြသည်အထိ ဆရာ သူ့အခန်းထဲသို့ မရောက်သေးပါ။ သူ့အခန်းပေါက်ဝက စားပွဲကလေးပေါ်တွင်ကား လက်မှတ်ထိုးသည့် စာရွက်ကလေးကို ချထားပါသည်။ ထိပ်ဆုံးက ဆရာ့အမည်အောက်တွင် လက်မှတ်မရှိ ကွက်လပ်။

ညနေ ရုံးဆင်းချိန် လက်မှတ်ထိုးရန်သွားတော့ ဆရာ ရောက်နေပါပြီ။ ထိပ်ဆုံးက ဆရာ့နာမည်အောက်ရှိ လက်မှတ်ထိုးရန် အကွက်ထဲတွင်ကား လက်မှတ်ထိုးမထားဘဲ မင်နီကြီး တားထားပါသည်။ ကျွန်တော်တို့က ဆရာ့ကို လှမ်းကြည့်လိုက်သည့် အသံတိတ် အာမေဍိတ်ကို ဆရာ စိတ်နားဖြင့် ကြားမိလိုက်ပုံ ရပါသည်။



"ဘာလဲဗျ၊ မင်နီတားထားလို့လား။ မနက်က နောက်ကျသွားတာနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးထားတာ"

ဆရာ ပေါ့ပါးသည့် အသံနောက်ကွယ်မှာ ကျွန်တော်တို့ တွေသွားပါသည်။ တကယ်တော့ မင်နီမတားထားလည်း ဘာမှမဖြစ်ပါ။ တားလိုက်တော့လည်း ဘာပြစ်ဒဏ်ကြီးတွေမှ ကြီးကြီးမားမား ကျလာစရာအကြောင်း မရှိပါ။ မသိလိုက် မသိဘာသာ လက်မှတ်ထိုးသည့် စာရွက်ကို ဆရာပြန်သိမ်းသွားတော့ရော မဖြစ်ဘူးတဲ့လား။ သို့သော် ဆရာကတော့ သူ လက်မှတ်ထိုးရမည့် အကွက်မှာ သူ့ကိုယ်သူ မင်နီတားပစ်ခဲ့ပါပြီ။

(သုံး)

ရှင်မဟာသီလဝံသ၏ အင်းဝခေတ်ဝတ္ထု 'ပါရာယန' ကို ဖတ်တော့ ဗုဒ္ဓခေတ် ရဟန်းကြီးတစ်ပါးဖြစ်သော ရှင်သာရိပုတ္တရာအကြောင်းကို ထိတွေ့ခွင့် ရပါသည်။ စည်းကမ်းကြီးသော အဂ္ဂသာဝကလက်ယာရံရဟန်းကြီးက သံဃာတော်တို့ သင်္ကန်းကို သပ်သပ်ရပ်ရပ် ဝတ်ရုံတော်မူကြရန် စည်းကမ်း သတ်မှတ်ထားလေသတဲ့။ သို့နှင့် တစ်နေ့သော် ရဟန်းကြီး ရှင်သာရိပုတ္တရာ ကိုယ်တိုင် သင်္ကန်းအစ မညီဖြစ်ပါလေသတဲ့။ ယင်းကို သတိပေးထောက်ပြလာသူက ခုနစ်နှစ်သားအရွယ် သာမဏေငယ်လေး ဖြစ်ပါသည်။

ပညာအရာ ဧတဒဂ်ရသည့် လက်ယာရံ ရှင်သာရိပုတ္တရာ အမျက်ထွက်မည် ထင်ပါသလား။ သာမဏေငယ်၏ အဆုံးအမကို ခံယူလျက် သင်္ကန်းကို ကောင်းမွန်စွာ ပြန်လည် ပြုပြင်ဝတ်ရုံတော်မူသည်ဆိုတော့ အံ့သြစရာကောင်း မနေဘူးလား။ ကိုယ့်စည်းကမ်းကို ကိုယ်ရိုသေရဲသည်က စိတ်၏ သတ္တိတစ်မျိုးပင် မဟုတ်ပါလား။

(လေး)

မင်နီတားသည်က မခက်ပါ။ အထူးသဖြင့် သူတစ်ပါးကို မင်နီတားသည်က မခက်ပါ။ ကိုယ့်ကိုယ်ကိုယ် မင်နီပြန်တားဖို့ဆိုသည်ကတော့ တော်တော်ကိုခက်သောကိစ္စ ဖြစ်ပါလေသည်။ ။

*(ရန်ကုန်တက္ကသိုလ် ကုံကော်တောမှ ဆရာတစ်ဦးသို့)*

**[7 Day ၁–၄–၂၀၁၀]**

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမောင်ထင်၏ ထားဝယ်လုံချည်နှင့် လောကကို လက်ပိုက်ကြည့်နေသည့် မျက်လုံးများ

### (တစ်)

မြန်မာစာပေကို အတန်အသင့်မျှ တီးခေါက်မိသည်ဆိုလျှင်ပင် 'မောင်ထင်' ဆိုသည့် စာရေးဆရာကြီး၏အမည်ကို ကြားဖူးကြပါလိမ့်မည်။ သူ့ 'ဗမာ့နိုင်ငံရေး သုခမိန်' စာအုပ်ထဲက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးခြစ်ထားချက်တွေ၊ 'ငဘ' ဝတ္ထုကြီးထဲက ဂျပန်ခေတ် လယ်သမားဘဝ သရုပ်ဖော်ချက်တွေ၊ 'ကမ္ဘာ့စာပေအညွှန်း' ထဲက နိုင်ငံတကာစာပေ လောကရတနာသိုက် တူးဆွမိတ်ဆက်ထားချက်တွေ၊ 'ကမ္ဘာ့ဝတ္ထုတိုများ' စာအုပ်ထဲက နိုင်ငံတကာဝတ္ထုတိုများနှင့် မိတ်ဆက်ပေးထားမှုတွေ၊ 'ကိုဒေါင်းဝတ္ထုတိုများ' ထဲက ခေတ်ပြိုင်လူမှုဘဝထွေလုံးငေါ်လုံးတွေ အများကြီးမှ အများကြီးဟု ဆိုရလောက်အောင် ဆရာမောင်ထင် ပြုစုရေးသားသွားခဲ့ပါသည်။

ဆရာ့လက်ရာထဲမှာ 'ကိုဒေါင်းဝတ္ထုတိုများ' ကလည်း ထင်ရှားပါသည်။ လူကြိုက်လည်း များပါသည်။ အသော့အထေ့တွေ မဟုတ်လား။ သည်ကိုဒေါင်းဝတ္ထုတိုတွေထဲမှာ ထင်ရှားသောတစ်ပုဒ်က 'ထားဝယ်လုံချည်'၊ ကျောင်းသုံးစာအုပ်တွေထဲမှာပင် မကြာခဏ ပါဝင်တတ်သောအပုဒ်။

မိုးဦးလေဦးကျစ တစ်နေ့တွင် ကိုဒေါင်းက သူ့အိမ်ရှေ့က ပက်လက်ကုလားထိုင်ကလေးတစ်လုံးတွင် ထိုင်နေသည်။ မြင်းပန်းထိမ်ဆရာ၏ ဇနီးသည်က ကွမ်းဗန်းကလေးကိုရွက်ကာ ဈေးရောင်းရာမှ ပြန်လာသည်။ မယားလုပ်စာ



ကို ထိုင်စားနေသော မြင်းပန်းထိမ်ဆရာက ဈေးရောင်းသွားသည်မှာ အချိန်ကြာသဖြင့် 'ဘယ်လင်ငယ်ဆီ ဝင်နေလို့လဲ' ဘာညာ စသည်ဖြင့် အပြစ်တင် ကြိမ်းမောင်းပြောဆိုရာက အိမ်ပေါ်နှင့် အိမ်အောက် အပြန်အလှန် စကားများကြရာ နောက်ဆုံးတွင် ယောက်ျားလုပ်သူက မိန်းမအပေါ်သို့ ခုန်အုပ်ခွစီးထားကာ ဆံပင်ကိုဆွဲလျက် ပါးကို ဘယ်ပြန်ညာပြန်ရိုက်ကာ နှိပ်စက်သောဇာတ်လမ်း ဖြစ်ပါသည်။ ဒါကိုလှမ်းမြင်နေရသော ဇာတ်လိုက်ကျော် ကိုဒေါင်းက မသောနိုင်၍ ရှာဖွေလည်း ကျွေးမွေးနေရ၊ အနှိပ်စက်လည်းခံနေရရှာသည့် အမျိုးသမီးဘက်မှ ခံပြင်းကာ မကျေမနပ်ဖြစ်ပြီး လက်စွဲတော်လေးခွကို တက်ယူပြီးနောက် မိန်းမကို ခွစီးရိုက်နှက်နေသည့် မြင်းပန်းထိမ်ဆရာကို ဆုံးမသည့်အနေနှင့် လှမ်းပစ်လိုက်ခြင်း ဖြစ်ပါသည်။

ယောက်ျားဖြစ်သူ လောက်စာလုံးထိမှန်ကာ အောင်မယ်လေးဗျ ဖြစ်သောအခါ မယားဖြစ်သူက မခံမရပ်နိုင်ဖြစ်ပြီး ရဲစခန်းသွားတိုင်ရာက ဒဏ်ငွေ ၅ ကျပ်တပ်ရာ အချုပ်ထဲသို့ မဝင်လိုသူ ကိုဒေါင်း အမြတ်တနိုးသိမ်းထားသည့် ထားဝယ်လုံချည်ကလေးကိုပေါင်ကာ ဒဏ်ငွေဆောင်လိုက်ရကြောင်းဖြင့် အဆုံးသတ်ထားသည့် ဝတ္ထုတိုကလေးဖြစ်ကြောင်း အများအသိပင် ဖြစ်ပါသည်။

မတရားမှုပင်ဖြစ်စေဦးတော့ သူတစ်ပါးကိစ္စထဲ၌ ဝင်မပါသင့်ဟူသော ဆိုလိုချက်။ ငယ်ငယ်ကတော့သည် ဝတ္ထုကလေးကိုဖတ်ပြီး ပြုံးမိသည်မှအစ ဒီအယူအဆအပေါ် လက်ခံသင့်၊ လက်မခံသင့် အလေးအနက်မရှိလှ။ နောက်တော့ လူတွေဖြစ်ရပ်တွေထဲ ရောက်သွားကာ မကြာခဏဆိုသလို ဆရာမောင်ထင်၏ ထားဝယ်လုံချည်ကလေးကို သွားသွားပြီး သတိရနေမိသည်။ မတော်မတရားမသင့်မတင့် မလျော်ကပ်သည့်ကိစ္စတွေမှာ မိမိနှင့်မဆိုင်ဟုဆိုကာ မျက်နှာလွှဲထားသင့်၊ မလွှဲထားသင့်။ လူနဲ့ သူ့ပတ်ဝန်းကျင်။ ပြီးတော့ လူ့အဖွဲ့အစည်း။

### (နှစ်)

ကျွန်တော်တို့ ငယ်ငယ်နှင့် ကျွန်တော်တို့၏အဖေတို့၊ အဘိုးတို့ခေတ် နေ့ရက်များသည် ရပ်စိတ်ရွာစိတ် တော်တော်ကလေး ထွန်းကားသောနေ့ရက်များ ဖြစ်ပါသည်။ ကိုယ်နှင့်ဆိုင်ဆိုင်၊ မဆိုင်ဆိုင် လက်ပိုက်၍ ကြည့်မနေကြသောခေတ်၊ မျက်နှာလွှဲမထားကြသောခေတ်ဟု ကျွန်တော် ထင်ပါသည်။

ဆိုကြပါစို့။ ကလေးငယ်တစ်ယောက် စီးကရက်ခဲနေသည်ကို တွေ့လျှင် လူကြီး ၁၀၀ မှာ အယောက် ၉၀ က ဆူပူငေါက်ငမ်းဖို့ နှုတ်မနေကြ။ ဘတ်

www.burmeseclassic.com

www.burmeseclassic.com



သူ့သား ဘယ်သူ့သမီးသိသိ၊ မသိသိ မသောက်ဖို့ဆုံးမရာ ထိုခေတ်က ကလေးတိုင်း နားခံကြမြဲ ဖြစ်ပါသည်။ လမ်းအချိုးအကွေ့ တစ်နေရာရာမှာ တစ်ယောက်နှင့်တစ်ယောက် ရန်စောင်နေကြသည့်လူငယ်တွေကို တွေ့လျှင်လည်း 'ဟေ့ ရန်မဖြစ်ကြနဲ့လေကွာ' ဘာညာ စသည့် စကားများဖြင့် တွေ့ကြုံသူလူကြီးက တားဆီး ဆုံးမသွားကြစမြဲပင်။ ကားပေါ်၊ ရထားပေါ်လို တစ်နေရာရာမှာ မိန်းကလေးတစ်ယောက်ကို ထိကပါး ရိကပါး ကျူးကျော်စော်ကားလာသူတွေ့လျှင်လည်း တော်တော်များများက မျက်နှာလွှဲမနေကြ။ ထိုက်သည့်အားလျော်စွာ တားဆီးဟန့်တားကြစမြဲ။ 'ဟေ့… ကောင်မလေးကို လွှတ်လိုက်' ဆိုသည့် စကားမျိုးသည် ထိုခေတ်က ရုပ်ရှင်တွေ ပြဇာတ်တွေထဲမှာ ပါဝင်တတ်သည့် လူထုအသည်းခိုက်စကား။ ကိုယ်နှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် ဘေးအန္တရာယ်မဖြစ်အောင် ဝင်ရောက်တားဆီးသည့်စိတ်ဓာတ်၊ အဓမ္မအမှုကို ဝင်ရောက်ဟန့်တားသည့်စိတ်ဓာတ်တို့သည် ရပ်စိတ်ရွာစိတ် လူ့အဖွဲ့အစည်းကို မျက်ကွယ်မပြုသည့် စိတ်ဓာတ်များပင် ဖြစ်ပါသည်။

ထင်ရှားသော သာဓကအဖြစ် အန်နက်စ်တိုချေဂွေဗားရား (Ernesto Che Guevara) ကို ပြနိုင်ပါသည်။ ချေက အာဂျင်တီးနားနိုင်ငံ ရိုစာရီယိုမြို့သား။ သူ သွားပြီး ဆောင်ရွက်သည်က ကျူးဘားနိုင်ငံ ဘာတစ္စတာစစ်အစိုးရ လက်အောက်မှ လွတ်မြောက်ရေး။ ထို့နောက် ကျူးဘား လွတ်မြောက်ပြီးသောအခါ ဘိုလီးဗီးယား လွတ်မြောက်ရေးအတွက် ဘိုလီးဗီးယားသို့။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် မဆိုင်သောကိစ္စ။ သူတစ်ပါးအရေး။ ဒါကို မျက်နှာမလွှဲ လက်ပိုက်ကြည့်မနေဘဲ 'ချေ' ဝင်ပါခဲ့သည်။ ကမ္ဘာက သူ့ကို ချစ်မကုန်မဆုံးနိုင်ကြ။

## (သုံး)

အခုတော့ ဒီစိတ်မျိုးတွေ ခန်းခြောက်စပြုပြီလားဟု ကျွန်တော် အတွေးဝင်မိသည်။ မတရားသည့် လင်ယောက်ျားကို လေးခွနှင့် ဝင်ပစ်မိ၍ ဒဏ်ငွေ ၅ ကျပ် အတပ်ခံရကာ ထားဝယ်လုံချည်ကလေး ဆုံးသွားမှာကို စိုးရိမ်လာကြခြင်း ဖြစ်ပုံရပါသည်။ ဒီတော့ ကိုယ်နှင့်မဆိုင်လျှင် ရှိစေတော့ဆိုတာတွေပဲပေါ့။ ဒါ ငါ့သားသမီးမဟုတ်။ ဒါ ငါ့နှမသားချင်းမဟုတ်။ ဒါ ငါ့မျက်ရည်ပေါက်ကြီးငယ်မဟုတ်။ ဒါ ငါ့ကျောပေါ် ကျလာတဲ့ဒဏ်ရာမဟုတ်။ ဒါ ငါ့အိမ်ထဲမှာ လောင်တဲ့မီးမဟုတ်။ လောကကို လက်ပိုက်ကြည့်နေသည့် အတွေးများ။



ထားဝယ်လုံချည်ကလေးကို အဆုံးခံကာ သူတစ်ပါးကိစ္စထဲ ဝင်စွက်ဖက်သည့်ကိစ္စမျိုးကို လုပ်ကြပါ သို့မဟုတ် မလုပ်ကြပါနဲ့ဟု ကျွန်တော်က ဒွန်းတွန်းတိုက်တိုက် စကားဆိုစရာအကြောင်း မရှိပါ။ သို့သော် တစ်ခုသောအချည်က ထားဝယ်လုံချည် အဆုံးခံသူများကြောင့် မဖြစ်သင့် မဖြစ်ထိုက်သောကိစ္စတို့သည် ကမ္ဘာပေါ်မှာ အဆုံးသတ် နိဂုံးတံသွားခဲ့ခြင်းဖြစ်သည်ဆိုသော အချက်ပင် ဖြစ်ပါသည်။ ။

[7 Day၊ ၂၉–၅–၂၀၁၀]

www.burmeseclassic.com

## လဲနေတဲ့သစ်ပင်

### (တစ်)

လွန်ခဲ့သော လေး၊ ငါးရက် ကဆုန်လပြည့် ဗုဒ္ဓနေ့က ကျက်သရေရှိသော ကဗျာတစ်ပုဒ်ကို ကျွန်တော် ရွတ်ဆိုဖြစ်ပါသည်။ တိတိကျကျပြောရလျှင် မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့။ ခရစ်နှစ် ၂၇-၄-၂၀၁၀။ ကဗျာဆရာက ဩစတြေးလျ ကဗျာဆရာ Klara Koettner-Benigni။ ကဗျာအမည်က A Tree။ သစ်တစ်ပင်ဟု ဆိုပါစို့။ ကျွန်တော်က 'လဲနေတဲ့သစ်ပင်' ဟု ခေါင်းစဉ်ပေးကာ ဒီကဗျာကို မြန်မာလို ပြန်ဆိုရွတ်ပြခဲ့ခြင်း ဖြစ်ပါသည်။ မူရင်းကဗျာက ဤသို့။

A tree
has been felled.
Its leaves
are still alive
Its fruits
are still ripening
and birds
are still on its branches.
A tree
has been felled.

ဒါကို စွမ်းသမျှ ဘာသာပြန်ကာ ကျွန်တော်က အောက်ပါအတိုင်း ရွတ်ဆိုပါသည်။



လဲနေတဲ့သစ်ပင်။
ဒါပေမဲ့
သူ့အရွက်တွေက
စိမ်းလန်းနေတုန်း
သူ့အသီးတွေက
ဝင်းမှည့်နေတုန်း
ကျေးငှက်တွေက
သူ့ကိုင်းပေါ်မှာ ခိုနားနေတုန်း။
လဲနေတဲ့သစ်ပင်။

ကဗျာကလေးက ဒါပဲ ဖြစ်ပါသည်။ ဒီကဗျာကို လူသူပရိသတ် ၁၀၀၀ ဝန်းကျင်ခန့်၏ ရှေ့မှောက်၌ ကျွန်တော် ရွတ်ဆိုပြခဲ့ခြင်း ဖြစ်ပါသည်။ လဲကျသွားသည့် သစ်ပင်တစ်ပင်က သူ့နောက်ဆုံးအချိန်များအထိ လောကကို ဆေးဆပ်သွားခဲ့ပုံကို ဖွဲ့ထားသည့်ကဗျာပဲ ဖြစ်ပါသည်။ လဲကျသွားသည့်တိုင် အရွက်အခက်တွေက ချက်ချင်း ညှိုးနွမ်းခြောက်မသွား။ စိမ်းလန်းနေဆဲမို့ လိုသလို ခူးပါဦးတဲ့။ အသီးတွေကလည်း ချက်ချင်း ရှုံ့တွပိန်လှီမသွား။ ဝင်းမှည့်နေဆဲမို့ လိုသလို ဆွတ်ခြွေပါဦးတဲ့။ သစ်ကိုင်းတွေကလည်း ချက်ချင်း ဆွေမြေ့ကြေကျမသွား။ ခိုင်မာနေဆဲမို့ ငှက်ကလေးတွေ လိုသလို နားခိုပါဦးတဲ့။

မင်္ဂလာဒုံဥယျာဉ်မြို့တော် မဟာဂန္ဓာရုံကျောင်းတိုက် အောင်မင်္ဂလာမဟာသိမ်တော်ကြီးအတွင်းတွင် ဆရာတော် အရှင်ဂါရဝါဘိဝံသ၏ ဩဝါဒတို့ခံယူလျက် အလှူရှင်ပေါင်း ၄၅၀ ကျော် ၅၀၀ နီးပါး၏ မျက်ကြည်လွှာ လှူဒါန်းပွဲလာ ဒေ့်ပရိသတ်များ၏ ရှေ့မှောက်၌ သည်လဲနေတဲ့သစ်ပင်ကဗျာကို အွန်ဆောင် ရွတ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သည်အလှူရှင်တွေအားလုံးက သူတို့ ကွယ်လွန်အနီးရောက်လာကြသည့်အခါ သူတို့၏ ကြွင်းကျန်ရစ်သော ကိုယ်ခန္ဓာမှ မျက်လုံးကို လိုသလိုခွဲစိတ်ဖြတ်တောက်ကာ မျက်ကြည်လွှာကိုယူပြီး မျက်ကြည်လွှာ ဖျက်စီးမှုကြောင့် မှောင်အတိကျနေသော လူသားတို့ကို ကယ်တင်ရန် ကြိုတင်စိမ်ခ လှူဒါန်းကြခြင်းပင် ဖြစ်ပါသည်။ ခန္ဓာကိုယ်ကြီး ပြိုလဲကျသွားခဲ့သည့်တိုင် ထိုခန္ဓာကိုယ်ကြီးပေါ်က အသုံးတည့်ရာရာ မျက်ကြည်လွှာကို တစ်နေရာရာမှာ ပြန်အသုံးချဖို့ ဖြတ်တောက်ယူငင်ပါတဲ့။ ကဗျာထဲက လဲနေတဲ့သစ်ပင်ကြီးနဲ့ တူနေကြသလား။

www.burmeseclassic.com

www.burmeseclassic.com



## (နှစ်)

အမျိုးသားမျက်စိဘဏ်ကို ၁၉၉၃ တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ မန္တလေးမြို့မှာပါ မျက်စိဘဏ်ရှိနေခဲ့ပြီ ဖြစ်ပါသည်။ မျက်ကြည်လွှာ လှူဒါန်းထားသူတစ်ဦးအနေနှင့် အသက်ဆုံးပြီးပြီးချင်း ၄ နာရီအတွင်း မျက်စိဘဏ်သို့ အကြောင်းကြားရန်၊ ကွယ်လွန်သူ၏ မျက်စိကို ပိတ်ထားပေးရန်၊ ဦးခေါင်းကို ခေါင်းအုံးတစ်လုံးခံ၍ မြင့်ထားပေးရန်၊ ပန်ကာမဖွင့်ရန်၊ ဖြစ်နိုင်က ပလတ်စတစ်အိတ်ထဲ ရေခဲထည့်ကာ မျက်ခွံပေါ် အုပ်ပေးထားရန် စသည့် အချက်အလက်များအပြင် မျက်ကြည်လွှာကို အစားထိုးနိုင်သည့်ပစ္စည်း ယခုအထိ မတီထွင်နိုင်သေးကြောင်းနှင့် မျက်ကြည်လွှာဝေဒနာရှင်တို့ကို လူ့သဘာဝ မျက်ကြည်လွှာနှင့်သာ အစားထိုးကုသနိုင်ကြောင်း၊ မျက်ကြည်လွှာကလေးကိုသာ ထုတ်ယူခြင်းဖြစ်၍ သေဆုံးသူ၏ မျက်နှာပုံပန်းသဏ္ဌာန် မပျက်စီးသွားကြောင်း စသည် စသည်တို့ကို ဝေငှထားသည့် လက်ကမ်းကြော်ငြာစာရွက်ကလေးထဲမှာ ဖတ်ရှုရင်းက အရှင်ဂါရဝါဘိဝံသနှင့် အရှင်ပညာသီဟာဘိဝံသတို့၏ ဩဝါဒကထာများကို ကျွန်တော် နာကြားနေမိသည်။

"အီတလီကို ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသည် မိသားစုထဲက ကလေးတစ်ယောက် လူဆိုးလူသွမ်းတွေရဲ့လက်ချက်နဲ့ သေနတ်မှန်ပြီး သေတဲ့အခါ မိဘတွေက အဲဒီကလေးရဲ့ မျက်လုံး၊ အရေပြား၊ ကျောက်ကပ်၊ နှလုံး အကုန်လုံး လိုရာကိုသုံးဖို့ အီတလီမှာပဲ ပြန်လှူခဲ့တဲ့အဖြစ်ကို ကျွန်မ Reader Digest ထဲမှာ ဖတ်ဖူးတယ်"

ဒေါ်ရွှေဇီးကွက်က အဲ့သြစရာဒါနကို အားရပါးရ ပြောနေပြန်ပါသည်။ နောက်တော့ ရေစက်ချအခမ်းအနား။ ဒေါ်ရွှေဇီးကွက်ကိုင်ထားသော ငွေရောင်ရေစက်ချကရားထဲမှ ရေတွေ တသွင်သွင်စီးဆင်းကျနေလျက်။ ထို့နောက်မှာတော့ ကျွန်တော်နှင့် ဆရာမသန်းမြင့်အောင်တို့၏ ဟောပြောပွဲအခမ်းအနား။

## (သုံး)

ဓမ္မသိရိသာသနာ့အကျိုးဆောင် ပရဟိတလူငယ်များ ဦးဆောင်ကျင်းပသည့် မျက်ကြည်လွှာ စုပေါင်းလှူဒါန်းပွဲအခမ်းအနားလာ ပရိသတ်တွေက ကျွန်တော်ရွတ်ဆိုပြသည့် လဲနေတဲ့သစ်ပင်ကဗျာကို သဘောကျပုံ ရပါသည်။

ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် ကျွန်တော်တို့တစ်တွေ ရွှေ ရတနာ လှူခဲ့ကြ။ အိုးအိမ်စည်းစိမ် လှူခဲ့ကြ၊ ဆင်၊ မြင်း၊ နွား၊ ကားလှူခဲ့



ကြ၊ သွေးကို ဖောက်လှူကြ၊ ကျောက်ကပ်ကို လှီးလှူကြ၊ အရေပြားကို ခြစ်လှူကြ။

အခု မျက်ကြည်လွှာအလှူရှင်တွေ ကိုယ်တိုင်ကတော့ လဲနေတဲ့သစ်ပင်တွေ ဖြစ်ပါသည်။ ယူကြ။ မျက်လုံးအိမ်ထဲက မျက်ကြည်လွှာကို ဖြတ်ယူကြ။ လဲနေတဲ့သစ်ပင်ကြီးက အရွက်တွေ စိမ်းလန်းဆဲရှိသလို၊ အသီးတွေ ဝင်းမှည့်နေဆဲရှိသလို၊ ကိုင်းဖျားကိုင်းနားတွေပေါ်မှာ ငှက်ကလေးတွေ တေးသီဆိုနေခွင့်ရှိသလို၊ အသက်မဲ့ခန္ဓာတွေကနေ ဖြတ်တောက်ယူငင်ထားတဲ့ မျက်ကြည်လွှာနဲ့ ကမ္ဘာမြေ လင်းလက်ပါစေသား။ ။

[7 Day၊ ၁၃-၅-၂၀၁၀]

www.burmeseclassic.com

www.burmeseclassic.com

## နေ့စဉ်ဘဝထဲက နောက်ထပ်ထဘီအသစ်များ

### (တစ်)

တစ်ခါက ရန်ကုန်မြို့တွင်းသွား လိုင်းကားတစ်စီးပေါ်မှာ ကျွန်တော် လိုက်ပါလျက် ရှိပါသည်။ ကားက ဒိုင်နာကားဖြစ်ပြီး သာကေတမှနေ၍ သယ်န်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာတို့ကိုဖြတ်ကာ မြောက်ဒဂုံထဲအထိ ပို့ဆောင်ပေးသည့် ခရီးစဉ်ဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်စီးလာသည့်ကားသည် ကျောင်းချိန်၊ ရုံးချိန် လွတ်နေလို့လားမသိ တော်တော်ကလေးကို လူချောင်ပါသည်။ အလယ်တန်းတွင် မတ်တတ်လိုက်လာသည့်ခရီးသည် မပါရှိရုံမက ဘေးတန်းနှစ်ခုမှာပါ ချောင်ချောင်ချိချိ ဖြစ်နေပါသည်။

သို့ဖြင့် မှတ်တိုင်တစ်ခုသို့ ရောက်သောအခါ နောက်မှတ်တိုင်တွင် ဆင်းမည့် အမျိုးသမီးတစ်ယောက် ကျွန်တော့် မျက်နှာချင်းဆိုင် ထိုင်ခုံတန်းမှနေ၍ မတ်တတ်ထရပ်ပါသည်။ သို့သော် 'ဒုက္ခပါပဲ' ဟူသည့် ညည်းတွားသံနှင့်အတူ သူ့ထဘီနောက်ကျောဘက်ကို သူ ပြန်စမ်းကြည့်ကာ ပြန်ထိုင်သွားပါသည်။ ထို့နောက်မှာတော့ ထိုင်ခုံကို ပြန်ငုံ့ကြည့်၊ ထဘီကို ပြန်လှည့်ဝတ်၊ ထဘီအပြဲကို အရှယ်အစား ပြန်ချိန်ဆကြည့်၊ ထိုင်ခုံကို လက်နှင့်ပြန်ပွတ် စသည်ဖြင့် ဆက်တိုက်ဆိုသလို လုပ်နေရင်းက နှုတ်မှလည်း ညည်းပါသည်။ ဟုတ်ပါသည်။ သံချွန်နှင့်ငြိကာ တစ်ထွာနီးနီးလောက် ထဘီပြဲသွားခြင်း ဖြစ်ပါသည်။

အမျိုးသမီးက လူရည်လူသွေး သန့်သန့်ပြန့်ပြန့်ထဲက ဖြစ်ပါသည်။ မျက်နှာရော အသားအရေပါ ကြည်ကြည်လင်လင်နှင့်။ သူ့ထဘီကလည်း



အတန်အသင့် ကြေးထိုက်သည့် ထဘီအသစ် ဖြစ်သည်ကို မြင်ရုံနှင့် သိသာနေပြီး ဟိုနား ဒီနားဆီက ခရီးသည်အမျိုးသမီးတို့၏ နှမြောစရာဟယ်တို့၊ ထဘီက အကောင်းကြီးဟယ်တို့ စသော စကားတွေအရ ထိုအချက်ကို ခိုင်မာစေပါသည်။

အမျိုးသမီးက တည်ငြိမ်ပါသည်။ ထို့ပြင် အရှက်အကြောက်လည်း မကြီးလှပါ။ သူ့နှုတ်မှ ရန့်ရင်းကြမ်းတမ်းသော စကားတွေ မထွက်။ နင်ငဲငဲသောတွေ မဆို။ သူ့ထဘီကလေး၏ ပြဲနေသောနေရာကို လက်ကလေးနှင့် ပွတ်ပွတ်ကြည့်ကာ စကားတစ်ခွန်းကိုပဲ သူ ဆိုပါသည်။ မင်းတို့က ကိုယ် ထမင်းရှာစားတဲ့ကားကိုတော့ ကိုယ်သေချာအောင်လုပ်ထားမှပေါ့ ဆိုသည့်စကား၊ စပယ်ယာကမှ မှားတာကိုလည်းမသိ မှန်တာကိုလည်းနားမလည် စပ်ဖြီးဖြီးရယ်မှာနှင့် ပြန်လည်ဖြေရှင်းပုံက 'ထဘီအသစ်ရတာပေါ့ အစ်မရယ်' ဆိုသည့် စကား။

မကြာခင်မှာပင် ဒီအမျိုးသမီးလည်း ကားပေါ်က ဆင်းသွားပါသည်။ ကျွန်တော်လည်း ကျွန်တော့်မှတ်တိုင်ရောက်တော့ ဆင်းခဲ့သည်ပဲ ဖြစ်ပါသည်။ သို့သော် စိတ်ထဲတွင်ကား အခုအထိ ခိုးလို့ခုလုကြီးဖြစ်လို့။ ဖင်ထိုင်ခုံသစ်သားတန်းပေါ်မှာ ထိုးထွက်နေသည့် သံချွန်တစ်ချောင်း၊ ပြဲသွားသည့် ထဘီတစ်ထည်၊ ပြီးတော့ 'ထဘီအသစ်ရတာပေါ့ အစ်မရယ်' ဆိုသည့် ကားစပယ်ယာ၏ ပြဿနာဖြေရှင်းပုံစကား။ ဒါ ငါတို့ဆွဲနေတဲ့လိုင်းကား၊ ဒီသံချွန်ထွက်နေတာ ငါတို့ကိစ္စ၊ ဒီအစ်မ ထဘီပြဲသွားတာ ငါတို့ကြောင့်၊ ငါတို့တာဝန် စသည့် တာဝန်ခံတတ်သည့်စိတ်မျိုး ဘာကြောင့်များ ခေါင်းပေါ့နေရတာပါလိမ့်။ ထဘီအသစ်ဝယ်လိုက်ခြင်းဖြင့် ပြဿနာတွေက ပြီးစတမ်းလား။ ကျွန်တော် မကျေနပ်နိုင်ပါ။

### (နှစ်)

လောကဌ် 'ဒါ ငါ့ကြောင့်' ဟု ဆိုကာ တာဝန်ခံရဲသည့် စိတ်သတ္တိအားကောင်းသူတွေကို ကျွန်တော် တွေ့ဖူးပါသည်။ တစ်ခါက မန္တလေးကနေ ရန်ကုန်သို့အပြန် အိတ်စပရက်စ်ကားကြီးတစ်စီး စီးနင်း၍ လိုက်ပါခဲ့ရာ ၎င်းလေအိတ်ကားကြီးက လမ်းမှာ လေးခါလောက် ပျက်ပါသည်။ တစ်ခါပျက်လျှင် အနည်းဆုံး တစ်နာရီခွဲကနေ နှစ်နာရီ။ ဒီတော့ ရန်ကုန်ကို ခြောက်နာရီလောက်နောက်ကျပြီးမှ ဝင်ခဲ့သောကားလည်း ဖြစ်ပါသည်။ ရန်ကုန်မှာ သို့တော့ ရန်ကုန်ကနေ တခြား တခြားသော ဒေသများသို့ ဆက်သွား အချိန်နှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကြရမည့် ခရီးသည်တွေအတွက် ကသိကအောက် ဖြစ်ကုန်ကြရသော ခရီးစဉ်လည်း ဖြစ်ပါသည်။

သို့သော် ထိုကားကို ကျွန်တော်တို့ ကျေနပ်သွားကြပါသည်။ ဒရိုင်ဘာ၊ စပယ်ယာ အစရှိကုန်သော ကားပေါ်ပါ တာဝန်ရှိသူတို့က အချင်းချင်း ခေါင်းချင်းဆိုင်လိုက်ကြပြီးသည့်အခါ အဝေးပြေးလမ်းမပေါ်က ထမင်းဆိုင်ကြီးတစ်ခုအတွင်းသို့ ကားကို မောင်းဝင်လိုက်ကာ မနက်စာထမင်းတစ်နပ်ကို ကျွေးခြင်းဝင် ဖြစ်ပါသည်။ ကားပေါ်တွင်ပါရှိသော စကားပြောစက်ဖြင့်လည်း ရန်ကုန်အဝင်နောက်ကျရခြင်းသည် မိမိတို့ကြောင့်ဖြစ်၍ ခွင့်လွှတ်ပါရန် တောင်းပန်နေပါသေးသည်။ အခုအထိ ကျွန်တော် မမေ့နိုင်သည်က သူတို့ကျွေးလိုက်သော ထမင်းတစ်နပ်ကြောင့် မဟုတ်။ သူတို့၏ ငါတို့ကြောင့်ဟူသည့် တာဝန်ခံရဲ ယူရဲသော စိတ်ထားကြောင့်သာ။

(သုံး)

စကားမစပ် ဤနေရာ၌ ကမ္ဘာကျော်ရုပ်ရှင်မင်းသား ဘရက်ပစ်အကြောင်း သတိရမိတာကလေး ပြောပြချင်ပါသည်။ ဘူတန်နိုင်ငံ ဟိမဝန္တာတောင်တန်းပေါ်၌ သစ်ပင်စိုက်ပျိုးရန်အတွက် အမေရိကန်ဒေါ်လာတစ်သောင်း ပေးလှူသည့် သတင်းပဲ ဖြစ်ပါသည်။

Future Forests ခေါ် အနာဂတ်သစ်တောများ ကုမ္ပဏီက တစ်ဆင့် သစ်ပင်စိုက်ပျိုးပေးပါရန် လှူခြင်းဖြစ်ပါသည်။ ဤနေရာ၌ လှူရသည့်အကြောင်း ဘရက်ပစ်၏ ဖော်ပြချက်ကို ကျွန်တော် ကြိုက်မိခြင်း ဖြစ်ပါသည်။ သူ ကားမောင်း၍ $CO_2$ ထွက်သတဲ့။ သူ လေယာဉ်မောင်း၍ $CO_2$ ထွက်သတဲ့။ သူ ရေခဲသေတ္တာသုံး၍ $CO_2$ ထွက်သတဲ့။ သူ လေအေးပေးစက်သုံး၍ $CO_2$ ထွက်သတဲ့။ ကမ္ဘာကို အပူချိန်တိုးစေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ထုတ်လွှတ်မှုတွင် သူလည်း ပါဝင်ပါသတဲ့။ သူ့ကြောင့်ထွက်သော $CO_2$ များအတွက် သူ သစ်ပင်စိုက်ပေးပါရစေတဲ့။

ဤ၌ ဘရက်ပစ်ပေးသော ဒေါ်လာတစ်သောင်းကြောင့် ကမ္ဘာကြီး ပြန်လည် အေးချမ်းပေတော့အံ့ဟု ကျွန်တော် ဆိုလိုနေခြင်း မဟုတ်ပါ။ $CO_2$ တွေ ထုတ်တဲ့အထဲမှာ ငါလည်းပါတယ်ဆိုသည့် တာဝန်ယူစိတ်ကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။



ဖြစ်ကတတ်ဆန်း မောင်းထွက်လာသော ကားပေါ်၌ ထဘီပြဲသွားရှာသည့် အမျိုးသမီးကို 'ထဘီအသစ်ရတာပေါ့ အစ်မရယ်' ဟု ဖြေရှင်းပေးလိုက်ပုံမှာ လူကြီးလူကောင်းတို့၏ ဖြေရှင်းနည်း မဟုတ်ပါ။ ငါတို့ကားကို ငါတို့ ပစ်စလက်ခတ်ထားခဲ့မိလို့ဟူသည့် အတွေးမျိုး တွေးလေ့ တွေးထ သွားအောင်မရှိသေးသမျှ ဤလောက အကျည်းတန်မြဲတန်နေမည်သာ ဖြစ်ပါသည်။ ■

[7 Day၊ ၂၇-၅-၂၀၀၀]

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေရောင်းရင်းတွေလား ခင်းထားတဲ့ဆိုင်တွေလား

### (တစ်)

အခုတလော ခပ်စိပ်စိပ်ကလေးဆိုသလို ရောက်ဖြစ်သည့် သာရေး၊ နာရေးကိစ္စများ၊ အထူးသဖြင့် နာရေးကိစ္စများနှင့် ပတ်သက်၍ ကျွန်တော့်စိတ်ထဲ ဘဝင်မကျနိုင်တာကလေးတွေ ရှိနေကြောင်း ဦးစွာ ဝန်ခံလိုက်ပါသည်။ ကာယကံရှင်များနှင့် ဘာမှမပတ်သက်ဘဲ သတင်းမေးသူ၊ အသုဘပို့ဆောင်သူ၊ ရက်လည်ဆွမ်းကျွေးသွားသူတို့နှင့် ပတ်သက်သည့် ဘဝင်မကျမှုများပဲ ဖြစ်ပါသည်။

ဆိုကြပါစို့ အိမ်မှနေ၍ သို့မဟုတ် ဆေးရုံမှနေ၍ ကားများ စီတန်းလျက် သုသာန်သို့ သွားကြသောအခါ တချို့ကားတွေကို ကျွန်တော် ဘဝင်မကျပါ။ အလုအယက် မောင်းနှင်ကျော်တက်၍ သုသာန်သို့ သွားကြ၊ ဈာပနကိစ္စမှ မပြီးသေးမီ ကသုတ်ကရက် မောင်းနှင်ထွက်ခွာကြ။ ဘတ်စ်ကားတွေ၊ ကိုယ်ပိုင်ကားတွေ၊ တန်ရာတန်ကြေး ပေးချေထားပါလျက် ဘတ်စ်ကားတွေက ဘာကြောင့်အချိန်မပေးချင်ကြတာပါလိမ့်။ ကိုယ်ပိုင်ကားတွေကရော ကိုယ့်မိတ်ဆွေ သင်္ဂဟရဲ့ နာမှုကိစ္စမှာ စိတ်မရှည်ချင်ကြတော့ဘူးလား။ အားပေးချိန်၊ ဖေးမချိန်၊ နှစ်သိမ့်ချိန်ကလေးတောင် မပေးတော့ဘဲ 'တို့လာတယ်နော်' ဆိုသည့် သတင်းကလေးပေးရုံသက်သက် အနေအထားနှင့် မျက်နှာပြကာ ရုံးဆင်း ရုံးတက် လက်မှတ်ထိုးသလို၊ ကျောင်းခေါ်ချိန်အတွက် ရှိပါတယ်ခင်ဗျ/ ရှင့် ထူးသလို



ခံစားချက်ကင်းသည့် လူမှုဆက်ဆံရေး အနေအထားကို ကျွန်တော် ဘဝင်မကျခြင်း ဖြစ်ပါသည်။ သုသာန်သို့မရောက်မီ လမ်းတစ်ဝက်ကနေ တွေ့တော့မြန်မြန် မောင်းထွက်သွားသော ကားတချို့ကိုကား ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့။

ထိုနောက် ဆိုကြပါဦးစို့၊ ရက်လည်ဆွမ်းကျွေးသွားသူများ။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာက အလွန်ကြွယ်ဝချမ်းသာသူများနှင့် အလှမ်းဝေးလှသော ကူငွေကိစ္စ အရေးပါလှပါသည်။ ရတ်တရက် ကျရောက်လာသော အလှူအတွက် ကူငွေက အင်အားတစ်ရပ် ဖြစ်ပါသည်။ တချို့ဆိုလျှင် နှစ်ရှည်လများကြာ ဆေးကုသကာ ခြေကုန်လက်ပန်းကျတော့မှ သေခြင်းတရားနှင့် နိဂုံးချုပ်သွားတတ်ရာ ရှက်လည်းမရှိတော့၊ တက်လည်းမရှိတော့။ သည်အချိန်မှာ မိတ်ဆွေအသိုင်းအဝိုင်း၏ ကူငွေက အသက်ရှူပေါက်ကလေး ဖြစ်ပါသည်။ ကျွန်တော်တို့ ဘယ်လို ကူကြပါလိမ့်။

အတုံ့အလှည့်ကို အားသန်ပုံရသော အမျိုးသမီးတစ်ယောက်က 'ကိုယ့်ကိစ္စတုန်းက တစ်ထောင်ပဲလာထားတာ၊ သူ့ကိစ္စကို တစ်ထောင်ပဲသွားတာပေါ့' ဟု ဆုံးဖြတ်သည်။ ကိုယ့်မိတ်ဆွေ၏ မီးတောက်အကြီးအသေးကို ထည့်မစဉ်းစားမစာနာ။ တစ်ယောက်သော အမျိုးသမီးကြီးကမူ နာရေးအိမ်အဝင်အထွက်ကို မုန့်ဟင်းခါးဆိုင်အဝင်အထွက် သာသာလောက်သာ သဘောထားပုံရပါသည်။ မုန့်ဟင်းခါးတစ်ပွဲကို နှစ်ရာ၊ နှစ်ရာ့ငါးဆယ်၊ သုံးပွဲလောက်မှ ဝမည့်ကိစ္စဖြစ်ရာ အချိုပွဲ၊ လက်ဖက်ဘာညာတို့ကိုပါ စိတ်ကူးနှင့် တွက်လိုက်ပြီးနောက် တစ်ထောင်တန်ကလေး တစ်ရွက်ကိုကိုင်ကာ ရက်လည်ဆွမ်းကျွေးအိမ်ဆဲသို့ ဝင်သွားပါသည်။ 'ကိုယ့်ဆီကပါသွားလှ တစ်ရာ၊ နှစ်ရာပေါ့' ဆိုသည့် စိတ်ထား။ အဆိုးဆုံးကမူ ကလေးနှစ်ယောက်၊ သုံးယောက်ကိုပါ လက်ဆွဲခေါ်ဆောင်သွာ တစ်ထောင်တန်တစ်ရွက်လှမ်းကူပြီး မုန့်ဟင်းခါးအဝ လွေးကြသည့် မိန်းမကြီးတစ်ယောက်၏ စိတ်ထားသို့ပုံ သဘာဝ။ အပူကြောင့် တည်ခင်းရသည့် အခမ်းအနားမှာပင် ကိုယ့်ဘက်က ပါမသွားအောင် ကုပ်ကုပ်ဖြင့်ကွင်း။ ကျွန်တော်တို့တစ်တွေ မုန့်ဟင်းခါးစား သွားနေကြတာလား။ ကိုယ့်မိတ်ဆွေ၏ အပူမီးတောက်ငြိမ်းသတ်ရေးအတွက် အားထည့်ထားသော ကရုဏာနှင့် သွားရောက်ကူပံ့ကြတာလား။

စိတ်ကို ကြီးရင့်အောင် မွေးထားပြီးသူတွေကိုလည်း ဟိုနားတစ်ယောက်၊ သည်နားတစ်ယောက်ဆိုသလို ကျွန်တော်တို့ တွေ့ရတတ်ပါသည်။ သူတို့ ကရုဏာ

www.burmeseclassic.com

www.burmeseclassic.com



က အိတ်ထဲမှာလည်း အကြီးကြီး၊ လက်ထဲမှာလည်း မနည်းလှ။ ရက်လည် ဆွမ်းကျွေးအိမ်မှာ သူတစ်လုတ်တစ်ဆုပ် စားသုံးခဲ့သည်ထက် အတော်အတန် ပိုသော ငွေစက္ကူစ ငါးထောင်မျိုး၊ တစ်သောင်းမျိုးကို ကူပုံလိုက်ပုံမှာ ကျက်သရေ ရှိလှပါသည်။ ဒီလိုလူတွေချည်းသာဆိုလျှင်ဖြင့် အားနည်းကျုံ့လိုလှသော ကျွန်တော်တို့၏ မိတ်ဆွေများခမျာ ဘာမှခေါင်းခြောက်စရာမလိုတော့။ ခြေကုန်လက်ပန်း ကျသွားစရာလည်း မလိုတော့။ ကြွေးပတ်လည်ဝိုင်းပြီး ကျွန်ရစ်စရာ မလိုတော့။ ဒါသည်ပင် ကူပံ့ခြင်း၏ တကယ့်အဓိပ္ပာယ်မဟုတ်လား။

## (နှစ်)

ကျွန်တော်တို့သည် မကျန်းမာသော မိတ်ဆွေများရှိရာ အိမ် သို့မဟုတ် ဆေးရုံများကို သွားကြရပါ၏။ ထိုအခါ ဘာတွေများ လိုအပ်နေရှာလို့ ဘာတွေများ ဖြည့်ဆည်းပေးရပါစ ဟူသော စိတ်မျိုးဖြင့် သွားရောက်ကြသူတွေ ရှိသကဲ့သို့ မကောင်းတတ်၍ ဝယ်သွားသော မုန့်ကလေး ပဲကလေး ဖျော်ရည်သစ်သီးကလေးတွေ လှမ်းပေးကာ ရောက်ပြန်သဘောမျိုးဖြင့် attendance လက်မှတ်ဝင်ထိုးသလို တို့ရောက်ရှိကြောင်း သတင်းပို့ကာ ပြန်သွားသူတွေလည်းရှိကြောင်း ဝန်ခံရပါမည်။

မင်္ဂလာဧည့်ခံပွဲတွေမှာတဲ့ရော။ အများစုက ဒီအတိုင်းပဲ ဖြစ်ပါသည်။ ဘဝတစ်ခုထူထောင်ကာစ ဖနီးမောင်နှံကို တတ်စွမ်းသမျှ လက်ဖွဲ့ပစ္စည်းဖြင့် ဝိုင်းဝန်းထူထောင်ပေးလိုသည့်စိတ်ထက် ရောက်ရှိကြောင်း သတင်းပို့၊ သူ့တုန်းက ဓာတ်ဘူးဆို ကိုယ်ကလည်း ဓာတ်ဘူး။ သူ့တုန်းက စားပွဲတင်နာရီဆို ကိုယ်ကလည်း စားပွဲတင်နာရီ၊ အတုံ့အလှည့် အပြန်အလှန် မကောင်းတတ်လို့ နှောင်အရှည်ရှိနေသေးလို့ စသည့်အကြောင်းအချက်မျိုးတွေက ပိုများပါသည်။ တည်ခင်းဧည့်ခံလိုက်သည့် တန်ဖိုးနှင့် လက်ဖွဲ့၏တန်ဖိုးကို နှိုင်းယှဉ်တွက်ချက်ကာ ရှုံးတယ်၊ မြတ်တယ် တွက်ချက်ပြောဆိုနေသော ဧည့်ခံပွဲလာ လူတချို့ကိုမူ ကျွန်တော် နားမလည်နိုင်တော့။ ကျွန်တော်တို့ မင်္ဂလာဧည့်ခံပွဲသွားတာက ရေခဲမုန့်သွားဝယ်စားတာလား။ ကော်ဖီသွားဝယ်သောက်တာလား။ ထောပတ်ထမင်း သွားဝယ်စားတာလား။ ကြင်စဦးလုလင်နဲ့ လုံမနှစ်ဦးတို့ ဘဝအုတ်မြစ်ချပွဲကလေးကို အခြေခိုင်မာအောင် ဝိုင်းဝန်းအားပေး လက်ဖွဲ့တဲ့အဓိပ္ပာယ်ကို ဘာ့ကြောင့် ကျွန်တော်တို့ မဖော်ဆောင်နိုင်ကြတာပါလိမ့်။ ကျွန်တော်တို့ စိတ်သတ္တိတွေ အားနည်းလိုက်ကြတာ။



## (သုံး)

ကျွန်တော်တို့ ပတ်ပတ်လည်မှာ ကျွန်တော်တို့၏ မိတ်ဆွေတွေ ဝန်းရံလျက် ရှိပါသည်။ သူတို့မှာ သာမှုတွေရှိပါသည်။ နာမှုတွေလည်း ရှိပါသည်။ ကြွယ်ပိုးကြွယ်ဝ မိတ်ဆွေများကို ခဏထားလိုက်ပါ။ တိုင်းတိုင်းတိတိ မိတ်ဆွေတွေ၊ အပန်းတကြီး မိတ်ဆွေတွေ၊ ပြေးပြေးလွှားလွှား မိတ်ဆွေတွေ၏ သာမှု နာမှုတွေအပေါ်မှာ ကျွန်တော်တို့ မရင့်သီးသင့်ပါ။

သာမှု၊ နာမှုဆိုသည်မှာ မုန့်ဟင်းခါးဆိုင် မဟုတ်ပါ။ ရေခဲမုန့်ဆိုင် မဟုတ်ပါ။ ကော်ဖီ၊ လက်ဖက်ရည်ဆိုင် မဟုတ်ပါ။ ထို့အတူ ထောပတ်ထမင်းဆိုင်လည်း မဟုတ်၊ ဒံပေါက်ဆိုင်လည်း မဟုတ်ပါ။ လူ့ဘဝဆိုသည်မှာ ၂၄ နာရီဖွင့်ထားသည့် ဈေးဆိုင်တန်းကြီး မဟုတ်ကြောင်းပါ။ ။

[7 Day၊ ၁၀–၆–၂၀၀၀]

www.burmeseclassic.com

## သည့်လက်မျိုးကို ဘုရားသခင်ပေးပါစေ

### (တစ်)

ဒီရက်ပိုင်းတွေထဲမှာတော့ ကျွန်တော်သည်လည်း ရုပ်မြင်သံကြားရှေ့မှာ အချိန်တော်တော်ပေးပြီး နေဖြစ်ပါသည်။ လေးနှစ်မှတစ်ကြိမ် ကြည့်ရှုခွင့်ရသည့် ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်တွေကို ထုတ်လွှင့်ပြသပေးနေသည် မဟုတ်လား။ ဘောလုံးဆိုသည်မှာ လူထု၏ သည်းခြေကြိုက် အနုပညာပါသည့် အားကစားနည်းဖြစ်ရာ ဘောလုံးသတင်းတွေက ဘယ်နေရာမှာမှ ရှောင်လို့မလွတ်။ တသောသော ထွက်ရှိနေသည့် ဂျာနယ်စာမျက်နှာများ၊ တသွင်သွင် ထုတ်လွှင့်နေသည့် ရေဒီယိုလေလှိုင်းသံများ၊ တဖျတ်ဖျတ် ပြသနေသည့် ရုပ်မြင်သံကြား ဖန်သားပြင်များတွေဆီမှာ ဘောလုံးပွဲပုံရိပ်တွေကို ကျွန်တော်တို့ တွေ့မြင်ကြားသိနေကြရပါသည်။

၁၁-၆-၂၀၁၀ ရက်မှသည် ၁၇-၇-၂၀၁၀ ရက်အထိ တစ်လစွန်းစွန်းကြီး ဆော့ကန်ကစားကြမည့် ကမ္ဘာ့ဖလားပွဲစဉ်များကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိရာ ကမ္ဘာကျော် အာဂျင်တီးနားအသင်းလည်း ပါဝင်ပါသည်။ အာဂျင်တီးနားအသင်း ကစားသောနေ့များ၌ ရုပ်မြင်သံကြားရှေ့၌ ကျွန်တော်ရှိနေတတ်ရာ ကမ္ဘာကျော် ဂန္ထဝင်ဘောလုံးသမားဟောင်းကြီး မာရာဒိုနာကိုလည်း ကွင်းနံဘေး၌ တွေ့တွေ့နေရပါသည်။ သူက ယခု အာဂျင်တီးနားအသင်း၏ နည်းပြ။

မာရာဒိုနာ ခေတ်ကောင်းခဲ့စဉ်က ဘောလုံးကစားပုံများကို ကျွန်တော် အလွန် စွဲလမ်းပါသည်။ သို့သော် ပြည်တန်ပတ္တမြား၌ အမျက်ကလေးတစ်ခု



ပါနေသလို သူ့ကို မချင့်မရဲဖြစ်နေတာကလေးတစ်ခု ရှိပါသည်။ Hand of God ကိစ္စ။ ဟုတ်ပါသည်။ သူကိုယ်တိုင်က ဘုရားပေးတဲ့လက်ဟု တင်စားပြော ဆိုခဲ့သောကိစ္စ။ ဩော်... Hand of God တဲ့လား။

### (နှစ်)

သည် Hand of God ကိစ္စကို ဘောလုံးလောကနှင့် အတန်အသင့် ရင်းနှီးသူတိုင်း သိကြပါသည်။

၁၉၈၆ ခုနှစ်တုန်းက ကမ္ဘာ့ဖလားကို မက္ကဆီကိုနိုင်ငံ၌ ကျင်းပရာ အာဂျင်တီးနားနှင့် အင်္ဂလန်တို့ ဗိုလ်လုပွဲသို့ တက်ရောက်လာကြပါသည်။ အာဂျင်တီးနားနှင့် အင်္ဂလန်ဆိုမှဖြင့် ပွဲကြီးပွဲကောင်းပေပဲပေါ့။ ဒီနိုင်ငံနှစ်ခုကြား၌ ဖော့ကလန်ကျွန်းနှင့် ပတ်သက်၍ မပြေမလည်ဖြစ်ခဲ့ကြရာ ၁၉၈၂ က ဆိုတော့ ပူပူနွေးနွေးကြီးပဲ ရှိပါသေးသည်။ ဖော့ကလန်ကျွန်းသည် အာဂျင်တီးနားနိုင်ငံနှင့် မလှမ်းမကမ်း အတ္တလန်တိတ်သမုဒ္ဒရာထဲက ကျွန်းစုဖြစ်ပါသည်။ သည်တော့ ဒီကျွန်းကို ပိုင်ရမည်မှာ ပထဝီအနေအထားအရ အာဂျင်တီးနားသာလျှင် ဖြစ်ရပါမည်။ သို့သော် ကိုလိုနီခေတ်၏ ,ကိုင်းဖျား၊ ကိုင်းနားအဖြစ် ဗြိတိသျှအုပ်ချုပ်မှုအောက်မှာ သည်ကျွန်းရှိနေပါသည်။ သို့ဖြစ်ရာ ဖော့ကလန်ကျွန်းနှင့် ပတ်သက်၍ အာဂျင်တီးနားနှင့် အင်္ဂလန်ကြားမှာ အပူငွေ့နွေးနွေးကလေး ရှိပါသည်။ သို့ဖြင့် ၁၉၈၂ ခုနှစ်တွင်ကား ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာလက်ထက်၌ ဖော့ကလန်ကျွန်းကိစ္စ ထကြွလာခဲ့ရာ အင်အားသုံးပြီး နှိမ်နင်းသည်အထိ ကမ္ဘာကျော်ခဲ့ပါသည်။ ဤသို့သော အနေအထားများနှင့် မလှမ်းမကမ်း ၁၉၈၆ ကမ္ဘာ့ဖလား၌ အာဂျင်တီးနားနှင့် အင်္ဂလန်တို့ တွေ့ကြလေသောအခါ တကယ့်ကို ပွဲကြီးပွဲကောင်း ဖြစ်သွားပါသည်။

ထိုပွဲတွင် ပထမတစ်ပိုင်းစီးသရေဖြင့် ပွဲသိမ်းမလို ဖြစ်နေခဲ့ပါသည်။ သို့သော် ပွဲပြီးခါနီး၌ တစ်ယောက်က ကန်တင်လိုက်သည့် ဘောလုံး အင်္ဂလန်ဂိုးရှေ့၌ မြောက်နေစဉ် အာဂျင်တီးနား တိုက်စစ်မှူး မာရာဒိုနာက ခေါင်းတိုက်သယောင်ဖြင့် ခုန်တက်လိုက်ကာ လက်ဖြင့်ပုတ်ပြီး အင်္ဂလန်ဂိုးထဲ သွင်းလိုက်ရာ ၂-၁ ဖြင့် အာဂျင်တီးနား ဗိုလ်စွဲသွားပါသည်။ မာရာဒိုနာလက်ဖြင့်ပုတ်သွင်းသည်ကို လူတော်တော်များများက မြင်လိုက်သော်လည်း ကွင်းဒိုင်လူကြီး မမြင်လိုက်။ သို့ဖြင့် အာဂျင်တီးနား ဗိုလ်စွဲခဲ့ရခြင်း ဖြစ်ပါသည်။ ဒီတွင် မာရာဒိုနာက သူ့လက်ကို သူနမ်းကာ Hand of God လုပ်လိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ဆရာမောင်ဇူးစမ်း ရေးခဲ့သဖြင့် ဘောလုံးပွဲများ၌ War Fever ခေါ် စစ်အပူရှိန်ကလေးရှိတတ်ရာ အာဂျင်တီးနားတို့ နိုင်ကြ ပျော်ကြပုံကို ကျွန်တော်လည်း ကြည်နူးမိခဲ့ပါသည်။ သို့သော် သန့်သန့်ရှင်းရှင်းနိုင်တာမျိုး မဟုတ်ဘဲ ဘယ်နည်းနဲ့နိုင်နိုင် အနိုင်ရစတမ်း လုပ်လိုက်ပုံကလေးကိုတော့ စိတ်ဘဝင်မကျနိုင်ဘဲ ရှိခဲ့ရပါသည်။

## (သုံး)

သို့ဖြင့် နောက်ထပ် အနှစ် ၂၀ ကြာသွားပါသည်။

၂၀၀၆ ခုနှစ်၌ ဂျာမနီတွင် ကမ္ဘာ့ဖလားပွဲ ကျင်းပပြန်ရာ မာရာဒိုနာ ဂျာမနီသို့ လိုက်ပါလာပါသည်။ သူက ဂျာမနီတွင် Hand of God အနှစ် ၂၀ ပြည့်အောင်ပွဲကို သူ့အသိုင်းအဝိုင်းနှင့် ကျင်းပပါသည်။ ဒီသတင်းကိုကား ကျွန်တော် ဖတ်ရှု၍ မပျော်ရွှင်လှ။ ဘယ်လိုနည်းနဲ့ နိုင်ရနိုင်ရ နိုင်အောင်လုပ်ထားသည့် ရလဒ်ကြီးအား အမှတ်တရအောင်ပွဲ ကျင်းပနေခြင်းကို စိတ်ထဲမှာ စိမ်းစိမ်းစိုစို မရှိလှပါ။

အခု ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားကွင်းနံဘေးမှာ အာဂျင်တီးနား အသင်းနည်းပြအဖြစ် မာရာဒိုနာကြီးကို တွေ့နေမြင်နေရပါသည်။ ၁၉၆၀ ပြည့်နှစ်မှာ မွေးသူဆိုတော့ အသက် ၅၀ ပင် ပြည့်ခဲ့ပြီပေါ့။ ၁၉၈၆ သူ အသက် ၂၆ နှစ်အရွယ်က Hand of God ဘုရားပေးသော လက်နှင့်ပုတ်သွင်းအနိုင်ယူခဲ့တာကို သူ ဂုဏ်ယူနေတုန်းလား မသိ။

အာဂျင်တီးနား အနိုင်ရခဲ့ဖူးတာကို ကျွန်တော် ပျော်ပါသည်။ သို့သော် ဒိုင်မမြင်အောင် လက်နှင့်ပုတ်သွင်းနိုင်ခဲ့သောကြောင့် နိုင်ရသည်ကိုကား စိတ်ထဲမှာ ဖုထစ်နေမိပါသည်။ သန့်သန့်ရှင်းရှင်းနှင့် နိုင်ခဲ့တာမျိုးဖြစ်လျှင် ဘယ်လောက်များ ပိုလို့ ပျော်ရွှင်စရာကောင်းလိုက်လေမလဲ။ ပိုလို့ အရသာရှိလိုက်လေမလဲ။ အမှတ်တရပွဲတွေကိုလည်း ဘယ်လောက်များ လုပ်လို့ပိုကောင်းလေမလဲ။ ခုတော့...

Hand of God တဲ့။

ဘုရားသခင်ကတော့ ဒီလက်မျိုးကို ပေးခဲ့ပုံမရပါလေ။ ။

[7 Day၊ ၁–၇–၂၀၁၀]

# 'လုံး၀' လုံး၀ မပါကြေး

## (တစ်)

တစ်နေ့ ရန်ကုန်မြို့တွင်းသွား ဘတ်စ်ကားတစ်စီးပေါ်၌ ကျွန်တော် စီးနင်းလိုက်ပါလျက်ရှိနေစဉ် ထုံးစံအတိုင်း တောင်ငေးမြောက်ငေး ငေးရာက ကားဒရိုင်ဘာ၏အပေါ်ဘက် တစ်နေရာ၌ ကပ်ထားသည့် သတိပေးစာတန်း တစ်ခုကိုမြင်ကာ ပြုံးစေ့စေ့ဖြစ်သွားမိပါသည်။ ကွန်ပျူတာစာလုံးအရွယ်အစား တော်တော်ကြီးကြီးကို စာလုံးမည်းဖြင့် ရိုက်နှိပ်၊ ပလတ်စတစ်ကပ်အထူလောင်းကာ ချိတ်ကပ်ထားသည့် အဖိုးအရွယ် သတိပေးစာတန်းကလေးပဲ ဖြစ်ပါသည်။ ယာဉ်စည်းကမ်း သတိပေးစာတန်းကလေးတစ်ခု။

ယာဉ်ကြောနှစ်ထပ် လုံး၀ (လုံး၀) မရပ်ရတဲ့။

ဒါကိုဖတ်ကာ ကျွန်တော်က ပြုံးလိုက်မိခြင်း ဖြစ်သည်။

လုံး၀နောက်မှာ နောက်ထပ် လုံး၀တစ်ခုကို ကွင်းခတ်၍ သတိပေးခဲ့ရပုံများ။

## (နှစ်)

'ရန့်သစ်' မဂ္ဂဇင်းကို ကိုချစ်ဝင်းမောင်လုပ်နေစဉ်တုန်းက 'ဇေလင်းသစ်'၏ 'ဟောဒီလောကီ' ဆိုသော ဟာသကဏ္ဍကလေးတစ်ခု ပါဝင်ပါသည်။ မြန်မာပြည်အရပ်ရပ်က စုဆောင်းရရှိသမျှ ဟာသပုံပြင်ကလေးများကို တစ်ဆင့်ဖောက်သည်ချသည့်ကဏ္ဍလေးပဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက ရပ်ရွာသန့်ရှင်းရေးအလို့ငှာ သတိပေးဆိုင်းဘုတ် စိုက်ထူပါလေသတဲ့။ **ဤနေရာတွင် အမှိုက်မပုံရ၊ ပုံလျှင်သေဒဏ်** ဆိုလား။ ထိုအခါ သူကြီးနှင့် ရင်းနှီးသူတို့က ပြင်းထန်လွန်းသော အမိန့်ဖြစ်ကြောင်း သတိပေးပါသည်။

ဤတွင် သူကြီးက ဟုတ်သားပဲ ဖြစ်သွားကာ **သေဒဏ်ဟုဆိုသော်လည်း ညှာမည်**ဟု စာကြောင်းတစ်ကြောင်း ထပ်တိုးပါသည်။ ထိုအခါ အချို့က 'ညှာမည်ဆိုမှဖြင့် ဘယ်သူက စည်းကမ်းလိုက်နာပါတော့မလဲ' ဟု အကြံပြုရာ သူကြီးက ဟုတ်သားပဲ ဖြစ်သွားပြန်ပြီးနောက် **ညှာမည်ဆိုသော်လည်း တကယ်လုပ်မည်**ဟု စာတစ်ကြောင်း ထပ်တိုးပြန်ပါသည်။ သို့ဖြင့်…

ဤနေရာတွင် အမှိုက်မပုံရ၊ ပုံလျှင်သေဒဏ်၊ သေဒဏ်ဟုဆိုသော်လည်း ညှာမည်၊ ညှာမည်ဟုဆိုသော်လည်း တကယ်လုပ်မည်၊ တကယ်လုပ်မည်ဟုဆိုသော်လည်း စဉ်းစားမည်၊ စဉ်းစားမည်ဟုဆိုသော်လည်း စသည်… စသည် စသည်။

စည်းကမ်း၏ နောက်ကွယ်က လိုက်နာမှု မလိုက်နာမှု၊ ပြစ်ဒဏ်ပေးရန် ပြတ်သားမှု မပြတ်သားမှု၊ ထပ်ဆင့်၍ ဖောက်ဖျက်မှု မဖောက်ဖျက်မှု စသည် စသည်ဖြင့် လုံးချာလိုက်နေတတ်သော လူတို့၏ သဘာဝကို ရယ်သွမ်းသွေးထားသည့် ပုံပြင်ကလေးပဲ ဖြစ်ပါသည်။

အခု ဘတ်စ်ကားပေါ်က သတိပေးစာတန်းက သည်လို လူ့သဘာဝ လူ့မနောတို့၏ အရိပ်အယောင်တွေပဲ ဖြစ်ပါသည်။ ဘတ်စ်ကားမှတ်တိုင်များ၌ ယာဉ်ကြောကို နှစ်ထပ်ရပ်သဖြင့် လမ်းပိတ်ဆို့သည်။ ခရီးသည်တို့ အတက်အဆင်း ခက်ခဲရှုပ်ထွေးသည်။ ထို့ကြောင့် ပထမတော့ ယာဉ်ကြောနှစ်ထပ် မရပ်ရဟု သတိပေးခဲ့ကြပုံ ရပါသည်။ သို့သော် ကားမောင်းသူက မလိုက်နာ၊ အရေးယူမှုကလည်း သက်ညှာမှုရှိတယ်လေတော့ လုံးဝ ထပ်တိုးကာ ယာဉ်ကြောနှစ်ထပ် လုံးဝ မရပ်ရဖြစ်သွားခဲ့ရပြီး ဆက်လက်၍ မလိုက်နာကြပြန်သဖြင့် လုံးဝ တစ်ခုကို ကွင်းခတ်၍ ထပ်တိုးကာ ယာဉ်ကြောနှစ်ထပ် လုံးဝ (လုံးဝ) မရပ်ရအထိ ရောက်လာခဲ့ပုံ ရပါသည်။

ဒီလို မူလ လုံးဝအပြင် နောက်ထပ်၍ ကွင်းခတ်ကာ ဖော်ပြရသော လုံးဝတွေကို မကြာခဏ ကျွန်တော် တွေ့ဖူးပါသည်။ ဤနေရာတွင် အမှိုက် လုံးဝ (လုံးဝ) မပစ်ရ။ ကားလမ်းပေါ် သံဘီးတပ်ယာဉ် လုံးဝ (လုံးဝ) မမောင်းရ။ ငါး လုံးဝ (လုံးဝ) မမျှားရ။ ပန်း လုံးဝ (လုံးဝ) မခူးရ။ ကွမ်း လုံးဝ (လုံးဝ) မစားပါနှင့်။ တိရစ္ဆာန်များကို ပြင်ပမှ အစာများ လုံးဝ (လုံးဝ) မကျွေးရ၊



စာကြည့်တိုက်အတွင်း၌ အစာစားခြင်း လုံးဝ (လုံးဝ) ခွင့်မပြုပါ။ စသည်… ကွင်းခတ်ထားရသည့် လုံးဝများ။

## (သုံး)

စင်ကာပူနိုင်ငံသည် တော်တော့်ကို စည်းကမ်းကြီးသည့်နိုင်ငံအဖြစ် ထင်ရှားပါသည်။ လမ်းပေါ်မှာ အမှိုက်တစ်စ မရှိပါတဲ့။ ရေအိမ်တွေမှာ အညစ်အကြေးကို ဒီအတိုင်းထားခဲ့သူ မရှိပါတဲ့။ အဝတ်အထည်တွေကို တိုက်ချက်နှာစာမှာ တွဲလဲတန်းလန်းထုတ်လှမ်းထားသူ မရှိပါတဲ့။ စည်းကမ်းမဲ့ယာဉ်မောင်းသမား မရှိပါတဲ့။ ဒါတွေကို ထိန်းကျောင်းထားသည်က နာမည်ကျော် Fine ပဲ ဖြစ်ပါသည်။ ထိရောက်သည့် ဒဏ်ငွေတပ်ခြင်းပဲပေါ့။ Fine Country လို့ သူတို့ခေါင်းဆောင်လီကွမ်ယုကိုယ်တိုင်က ပြောခဲ့သည်ပဲ မဟုတ်လား။ ဒီ့အပြင် လီကွမ်ယုက Fine ၏ အခြားအဓိပ္ပာယ်ဖြစ်သော ကောင်းသည်ဟူသော အနက်နှင့်တွဲကာ Fine Country ဖြစ်လျှင် ပို၍ ကောင်းမှာပဲဟုပင် ဆိုခဲ့ပါသေးသည်။ ထား။ ပထမအနက် ဒဏ်ငွေအဓိပ္ပာယ်ဖြစ်သည့် Fine နှင့်ပင် သူတို့ စည်းကမ်း… သေဝပ်သွားခဲ့ကြပါသည်။

ကျွန်တော်တို့ကတဲ့ရော ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို လုံခြုံ၍ သာယာကင်းပြီး လှပသည့် လူ့အဖွဲ့အစည်းဖြစ်အောင် ဘာဖြစ်လို့ မလုပ်ဆောင်နိုင်ကြရမှာတဲ့လဲ။ ဒီအတွက် ကျွန်တော်တို့တစ်တွေ စည်းကမ်းတကယ်ရှိဖို့ လိုအပ်ပါသည်။

ယာဉ်ကြောနှစ်ထပ်မရပ်ရဟုဆိုလျှင် တကယ်မရပ်ဖို့ လိုပါသည်။ နည်းနည်းကလေး ခေါင်းမာတတ်သည်ဆိုလျှင်တောင်မှ လုံးဝ တစ်ခုသည်ကာ ယာဉ်ကြောနှစ်ထပ် လုံးဝ မရပ်ရဟုဆိုလျှင် နာခံသင့်လှပါပြီ။ ခုတော့ နောက်ထပ် လုံးဝတစ်ခုကို ကွင်းဖြင့်ခတ်ကာ ယာဉ်ကြောနှစ်ထပ် လုံးဝ (လုံးဝ) မရပ်ရဟု တားမြစ်နေရသည့် အနေအထားများ။

အကောင်းဆုံးကတော့ 'လုံးဝ' မပါသည့် သတိပေးစာတန်းများပဲ ဖြစ်ပါသည်။ အလွန်ဆုံးပါလှ တစ်လုံးတလေပေါ့။ သို့မဟုတ်ဘဲ…

ယာဉ်ကြောနှစ်ထပ် လုံးဝ (လုံးဝ) (တကယ့်ကို လုံးဝ) မရပ်ရဆိုတာမျိုးတွေ ဖြစ်လာလျှင် ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်လေမလဲ။ 'လုံးဝ' လုံးဝမပါသည့် စည်းကမ်းတားမြစ်ချက်တွေကို ကျွန်တော်တို့ လိုက်နာနိုင်ကြမည့် နေ့ရက်များကို ရောက်ချင်စမ်းပါဘိ။ ။

[7 Day ၁၅-၇-၂၀၁၀]

www.burmeseclassic.com

www.burmeseclassic.com

## နေစကြဝဠာတစ်ခုလုံးက ဝိုင်းဝန်းငေးမောကြစေ

### (တစ်)

ကျွန်တော် ခရိုင်မြို့ကြီးတစ်မြို့မှာ ရှိနေခဲ့စဉ်က ဖြစ်ပါသည်။ ကျွန်တော့်အား မကြာခဏဆိုသလို အနှောင့်အယှက်ပေးလေ့ရှိသောအရာမှာ မော်တော်ဆိုင်ကယ်သံအချို့ပင် ဖြစ်ပါသည်။ မြို့က ခြေကျင်လျှောက်၍သွားရုံနှင့် လိုရာသို့ရောက်လောက်အောင်ကလည်း မသေး။ ဘတ်စ်ကားတွေ ပြေးလွှားနေရလောက်အောင်ကလည်း မကြီးနှင့် စကောစကက အနေအထားဖြစ်ရာ ထုံးစံအတိုင်း မော်တော်ဆိုင်ကယ်တို့ ခြေချင်းလိမ်နေသောမြို့ပင် ဖြစ်ပါသည်။

သည်မြို့မှာ ဆိုင်ကယ်စီးသူ အများစုကတော့ ရိုးရိုးပဲ ဖြစ်ပါသည်။ ပုံမှန်အတိုင်း မောင်းနှင်သွားလာနေကြစမြဲ။ သို့သော် တက္ကသိုလ်ကျောင်းရှေ့က လမ်းတွေပေါ်မှာ ဖြတ်သန်းမောင်းနှင်နေကြသော ဆိုင်ကယ်အချို့ကတော့ ဆန်းပါသည်။ အိတ်ဇောပိုက်ကို ဖြုတ်ထားခြင်းကဲ့သို့သော နည်းစနစ်မျိုးများအပြင် ကျွန်တော် မသိတတ်နိုင်သော နည်းလမ်းများဖြင့် ဆိုင်ကယ်သံကို ကျယ်လောင်စွာထွက်အောင် လုပ်ထားရာ သည်ဆိုင်ကယ်တွေ ဖြတ်သွားပြီဆိုမှဖြင့် ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ဝုန်းဒိုင်းကြဲသွားလေ့ရှိသဖြင့် လမ်းဘေးဝဲယာက လူတွေ၊ အိမ်ထဲ ဆိုင်ထဲကလူတွေ အလန့်တကြား ခေါင်းထောင်၍သွားကြကာ လှမ်းကြည့်ကြရစမြဲ ဖြစ်ပါသည်။

သည်လို အများက ဝိုင်းကြည့်ကြတာမျိုးကိုလည်း ဆိုင်ကယ်သမားက ကျေနပ်နေပုံ ရပါသည်။ အများအားဖြင့်တော့ ဒီလို ဆိုင်ကယ်သမားများက လူငယ်လူရွယ်တွေ။

### (နှစ်)

လွန်ခဲ့သော လေးငါးရက်လောက်ကတော့ ဆူးလေဘုရားလမ်းပေါ်က တက္ကစီတစ်စီးပေါ်မှာ ကျွန်တော် ရောက်နေပါသည်။ စုပေါင်းတက္ကစီကလေး



ဖြစ်သောကြောင့် အခြားသော ခရီးသည်တွေလည်း ကားပေါ်မှာ ရှိနေကြပါသည်။ ကားရပ်နားထားရာနေရာမှာ ဆူးလေဘုရားလမ်းမကြီးပေါ်သို့ ဆောက်အောင် တဖြည်းဖြည်း လိမ့်ထွက်လာစဉ် ရှေ့တူရူမှာ မိန်းကလေးတစ်ယောက်၊ အောင်အောင် အတိုက ကြည့်ကောင်း၊ ရုကောင်းရုံ တိုတာမျိုးမဟုတ်တော့။ ရေကူးဝတ်စုံလောက်နီးနီးကို တိုကပ်ကာ ကျပ်ညပ်နေပါသည်။ စွပ်ကျယ်က ချိုင်းပြတ်၊ ဆံပင်ကလည်း ဆေးတွေဆိုးထားလိုက်တာ အရောင်တွေစုံလို့။ လမ်းပေါ်ကလူတွေကတော့ သူ့ကို လှမ်းကြည့်ကြ၊ လှည့်ကြည့်ကြ၊ ငေးကြည့်ကြ၊ ခေါင်းငြိမ်ကြည့်ကြ။ သူကလည်း ဒီအကြည့်တွေကို ကျေနပ်နေပုံရပါသည်။

တက္ကစီသမားအပါအဝင် ကျွန်တော်တို့ အားလုံးကတော့ တစ်သံတည်း ထွက်ပါသည်။ စိတ်ပျက်ညည်းညူသည့် အသံများ။

### (သုံး)

စိတ်ပညာစာအုပ်တွေကို ဟိုဖတ် သည်ဖတ် လျှောက်ဖတ်ကြည့်မိတော့ Human Needs ဆိုတာတွေ့ပါသည်။ လူသား၏လိုအင်ဟုပဲ ဆိုပါတော့။ ဒီမှာ Physical Needs နှင့် Social Needs တဲ့။ Biological Needs နှင့် Social Needs တဲ့။ ရုပ်ပိုင်းဆိုင်ရာလိုအင်နှင့် စိတ်ပိုင်းဆိုင်ရာ လိုအင်ဟု အနက်ကောက်ရမည်ထင်ပါသည်။ ဒီလူသား၏လိုအင်တွေကိုပဲ အခြေခံရပ်တည်မှုလိုအင် Basic Existence Needs နှင့် အဆင့်မြင့်လိုအင် Enrichment Needs ဟု ခွဲထားပါသေးသည်။

အစားအစာ၊ ရေ၊ လေ၊ အိပ်စက်နားနေမှု ဆိုသည်များက လူ၏ ရပ်တည်မှု လိုအင်များပင် ဖြစ်ပါသည်။ Enrichment Needs ခေါ် အဆင့်မြင့်လိုအင်ထဲမှာတော့ Self-esteem Needs ဆိုတာပါပါသည်။ အများသူငါက မိမိအား ကြည်ညိုတာ လေးစားတာ အထင်ကြီးတာကို ခံလိုသည့် စိတ်ခံစားလိုအင်ပဲ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူတွေက လှမ်းကြည့်တာကို ခံလိုသည့်စိတ်ပဲ ဖြစ်ပါသည်။

အခု ဆိုင်ကယ်သံကို ဒုန်းဒုန်းဒိုင်းဒိုင်းမြည်အောင် လုပ်ထားတာ၊ ဆံပင်တွေကို အရောင်ဆိုးထားတာ၊ မလုံမခြုံဝတ်ထားတာ၊ နားဆွဲ၊ နားကွင်း၊ နားကပ် ကိုးရိုးကားရား ဆင်ယင်ထားတာ၊ စက်ဘီးကို လက်လွှတ်ပြီးနင်းသွားတာ စသည် စသည်တို့၏ အခြေခံစိတ်မှာ အများက ကိုယ့်ကို တစ်ဟုတ်ပါလားဟု လှမ်းမျှော်ကြည့်ခြင်းကို ကျေနပ်ပီတိ ဖြစ်သည့်စိတ်ပဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်စိတ်က ပြဿနာမရှိပါ။ သို့သော် လူတကာက မိမိကို အလန့်တကြား လှမ်းငေးရအောင် ဘယ်လိုလုပ်မလဲဆိုသော အကြောင်းအရာကသာ ပြဿနာ ဖြစ်ပါသည်။ ကမ္ဘာရော မြန်မာမှာပါ ကျွန်တော်တို့ လှမ်းငေးမျှော်ရသူတွေ အများအပြား ရှိပါသည်။ မာသာထရီဆာ၊ ဗိုလ်ချုပ်အောင်ဆန်း၊ မဟတ္တမဂန္ဒီ၊ ပီလီ၊ ပီကာဆို၊ မြို့မငြိမ်း၊ ထူးအိမ်သင်၊ ဘီလ်ဂိတ်၊ မိုက်ကယ်အိန်ဂျလို၊ ဇင်း ဆင့်ဗန်ဂိုး၊ စီရော်နယ်လ်ဒို၊ မိုက်ကယ်ရော့ဒန်၊ ဗီသိုဗင်၊ ပေါ်ဦးသက်၊ ဖရန့်ခ် ကာဖကာ၊ မိုက်ကယ်ဂျက်ဆင်၊ အေးဇစ်ဘက်ခမ်း စသည် စသည်ဖြင့် နာမည် တွေကို မဟာစကြဝဠာအနှံ့ ဖြန့်ရေးချလို့ မကုန်နိုင်ပါ။ ဒီလူတွေကို ကမ္ဘာက မြန်မာက ငေးမောကြည့်နေခဲ့ကြရခြင်းမှာ ဆံပင်ထောင်ထားတာလို၊ ကိုးရိုးကား ရား ဝတ်ထားတာလို၊ ဆိုင်ကယ်ကို စတန့်ထွင်စီးပြတာမျိုးတွေလိုကြောင့် ငေး မော ကြည့်နေခဲ့ကြခြင်း မဟုတ်ပါ။ အကယ်၍ ဒီအမှုကိစ္စမျိုးတွေကို လုပ်ထား သည်ထားဦး ယင်းက ပဓာနမကျပါ။

သူတို့၏ ဘောလုံးစွမ်းရည်၊ ဂီတစွမ်းရည်၊ ပန်းပုစွမ်းရည်၊ ပန်းချီစွမ်း ရည်၊ စာပေစွမ်းရည်၊ နိုင်ငံရေးစွမ်းရည်၊ လူမှုရေးစွမ်းရည်တွေကြောင့် သူတို့ကို ငေးမောကြည့်နေခဲ့ကြရခြင်း ဖြစ်ပါသည်။

လူ၌ မိမိကို အများက လေးစားကြည်ညို အထင်ကြီး အားကျစေချင် သည့် လိုအင်ရှိနေခြင်းသည် အပြစ်မဟုတ်ပါ။ သဘာဝတရား ဖြစ်ပါသည်။ သို့သော် ဆိုင်ကယ်ကို အဆန်းထွင်စီးပြတာမျိုး၊ ဆံပင်ထောင်ပြတာမျိုး၊ နားကွင်း ဆွဲပြတာမျိုး၊ ကိုးရိုးကားရားဝတ်ပြတာမျိုးများနှင့်တော့ အကြည့်မခံစေလိုပါ။ စွမ်းရည်တစ်ခုခု။

ဟုတ်ပါသည်။ စွမ်းရည်တစ်ခုခု။ ဘောလုံးကန်ကောင်းတာလည်း ဖြစ် ချင် ဖြစ်မည်ပေါ့။ ဂစ်တာအတီးကောင်းတာလည်း ဖြစ်ချင်ဖြစ်မည်ပေါ့။ စာပေ စွမ်းရည် မြင့်မားတာလည်း ဖြစ်ချင်ဖြစ်မည်ပေါ့။ ပရဟိတအကျိုး သယ်ပိုးတာ လည်း ဖြစ်ချင်ဖြစ်မည်ပေါ့။ နိုင်ငံ့အကျိုး သယ်ပိုးတာလည်း ဖြစ်ချင်ဖြစ်မည် ပေါ့။ သည်လို စွမ်းရည်တစ်ခုခုကြောင့် နေစကြဝဠာတစ်ခုလုံးက ဝိုင်းဝန်းငေးမော ရသည့် လုလင်တွေ၊ လုံမတွေ ဖြစ်နေကြရင် ဘယ်လောက်များ ကောင်းလိုက် လေမလဲ။ ဒါကတော့ မေတ္တာနှင့်ယှဉ်သည့် ကျွန်တော့်ဆန္ဒပဲ ဖြစ်ပါလေသည်။

[7 Day၊ ၂၂-၇-၂၀၁၀]

## ကိုသိန်းတန် ကျောခိုင်းစွန့်ခွာခဲ့ရာ မြို့ကလေးသို့

### (တစ်)

တွံတေးဟုဆိုလိုက်သည်နှင့် ကိုသိန်းတန်ဟူသော အမည်က ကျွန်တော် တို့၏ ရင်ထဲသို့ တောက်လျှောက်ဝင်ရောက်လာစမြဲ ဖြစ်ပါသည်။ ကိုသိန်းတန်၊ တွံတေးသိန်းတန်၊ ကျေးလက်ကိုယ်စားပြု မြန်မာ့အဆိုတော်ကြီး တွံတေးသိန်းတန်။ ထိုနေ့ ၁၉ ဇူလိုင် ၂၀၁၀ ရက်နေ့က ကျွန်တော်တို့တစ်တွေ တွံတေးမြို့သို့ သွားဖြစ်ပါသည်။ ရန့်သစ်မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ကိုပြည်သွေးနိုင်နှင့် မခင်လေးတို့၏ သမီးကလေးပီတိ၏ မွေးနေ့ကို အကြောင်းပြုကာ ကိုသိန်းတန် တို့၏ တွံတေးမြို့သို့ ကျွန်တော်တို့တစ်တွေ ရောက်သွားကြခြင်း ဖြစ်ပါသည်။

မဟာလင်္ကာရပရဟိတကျောင်းတိုက်တဲ့။ တွံတေးမြို့အဝင် ရွှေဆံတော် ဘုရား ခြေတော်ရင်းဆီက ကျောင်းတိုက်။ အဆိုတော်ကြီး တွံတေးသိန်းတန် ၏ မွေးရပ်မြေ ရှမ်းစုကျေးရွာနားက ကျောင်းတိုက်။ ဆရာတော် ဦးရေဝတ နှင့်အတူ CFC (Care For Children) ပရဟိတလူငယ်များ၏ မေတ္တာကရုဏာ အရိပ်အောက်က ကျောင်းတိုက်။ မိုးရာသီမို့လားမသိ။ ရာမညဒေသ တွံတေး မြို့ကလေးမှာ စိမ်းစိုစို၍နေပါတော့သည်။

### (နှစ်)

ဆရာအောင်သင်းက ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးအဖြစ် စကားတစ်ခွန်း ဆိုဖူးပါသည်။ ကျွန်တော်တို့တစ်တွေ ပရဟိတကိစ္စ ဆောင်ရွက်ရာ၌ အားနည်း

www.burmeseclassic.com

www.burmeseclassic.com



လှသည့်အကြောင်း၊ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်တို့က ပရဟိတနယ်ပယ်တွင် ပိုမို၍ နှစ်မြှုပ်ပေးဆပ်လေ့ရှိသည့်အကြောင်း စသည် စသည်။ သတိပြုသင့်သောစကားဟု ကျွန်တော် ယူဆပါသည်။

ခုတော့ ကျွန်တော်တို့၏ လူမှုဘဝဝန်းကျင်မှာ ပရဟိတလုပ်ငန်းကလေးတွေက ဟိုနားဆီက တစ်ခု၊ သည်နားဆီက တစ်ခုနဲ့ ထွန်းသစ်ပွင့်လင်းလို့ လာခဲ့လိုက်ကြတာ။ တွံတေးမြို့အဝင် ရွှေဆံတော်ဘုရားခြေရင်းက ဓမ္မာလင်္ကာရ ကျောင်းတိုက်ဆိုသည်မှာ သည်လို ပရဟိတလုပ်ငန်းတွေထဲက တစ်ခုပဲ ဖြစ်ပါသည်၊

သည်ကျောင်း၏ ကျောင်းထိုင်ဆရာတော်က ဦးရေဝတ ဖြစ်ပါသည်။ စာချတိုယ်တော်က ဦးသူရိယ B.A (Buddhism)။ ဒီနေရာမှာ မေတ္တာနှင့် ကရုဏာကို လာရောက် ပေါင်းစည်းသူက ကိုညီညီတို့ CFC လူငယ်များ။ သည်လူငယ်တွေက ၂၀၀၇ ခုနှစ်မှာ အချင်းချင်း လက်တို့မိကြခြင်း ဖြစ်ပါသည်။ ကလေးတွေကို တစ်ပိုင်တစ်နိုင် ကယ်ကြဖို့။ Care For Children တဲ့။ လှလိုက်တဲ့ နာမည်ကလေး။

သည်လူငယ်တွေက ပထမဦးဆုံး ဖလကြီးကျေးရွာက မင်္ဂလာပရဟိတစာသင်တိုက်မှာ သွားရောက် အလှူဒါနပြုကြခြင်း ဖြစ်ပါသည်။ မိဘမဲ့၊ ထို့နောက် အမိမဲ့၊ ထို့နောက် အဖမဲ့၊ ထို့နောက် မရှိနွမ်းပါး စသည် စသည်ဖြင့် အဆင့်ဆင့် လက်ခံခဲ့ရာ သည်ဖလကြီး မင်္ဂလာပရဟိတဘုန်းတော်ကြီးကျောင်းမှာ ကလေး ၄၀၀ ကျော် ရှိသည်။ ၂၀၀၈ ခုနှစ် ဒါနပွဲတွင် ကိုအော်ပီကျယ်၊ မြနှောင်းညို၊ မိချမ်းဝေတို့ကပါ အားပေးစကားများဖြင့် ဝင်ရောက်ကာ ဝန်းရံခဲ့ကြခြင်း ဖြစ်ပါသည်။

နောက်တော့ ၂၀၀၈ နာဂစ်အလွန်တွင်ကား တွံတေးမြို့အဝင် ရွှေဆံတော်ခြေရင်းက ဓမ္မာလင်္ကာရ ကျောင်းတိုက်ထဲမှာပါ ပရဟိတလုပ်ငန်းကလေး အစပျိုးကာ မိဘမဲ့ကလေးတွေကို လက်ခံခဲ့ကြခြင်း ဖြစ်ပါသည်။ မိဘမဲ့ကလေး ၁၇၅ ယောက်တဲ့။ ထို့ပြင် စာချ၊ ဦးပဥ္စင်း၊ ကိုရင် စုစုပေါင်း ၂၆၀။ ကျောင်းဝင်းကြီးက ကျယ်သလောက် သည်ပရဟိတအရိပ်အောက်မှာ ခိုလှုံနေသူတွေက အများကြီး။

ကျွန်တော်က နေ့စဉ် စားဝတ်နေရေးပြဿနာတွေကို ဘယ်လို ဖြေရှင်းပါသလဲဆိုတာ စိတ်ဝင်စားမိသည်။ ဆရာတော်က တုန်လှုပ်ပုံမရ။

"နယ်ပေါင်းစုံကို တရားဟောထွက်ရပါတယ် ဒကာကြီး၊ လှူကြတန်း



ကြပါတယ်။ ပန်းတနော်ဘက်ကဆို ပဲက အဓိကပေါ့။ တွံတေးက ငါးအိုးပေါ်ရှားရည်၊ တချို့ကလည်း ငါးခြောက်၊ ဆန်၊ ဝတ္ထုငွေ၊ ခြံထဲမှာလည်း စိုက်ထား ပျိုးထားတယ်လေ။ ချဉ်ပေါင်၊ ကန်စွန်း၊ ကြက်ဟင်းခါး နောက် ခဲ"

အေးချမ်းတည်ငြိမ်စွာ ပြောနေသည့် ဆရာတော် ဦးရေဝတ၏ မျက်နှာကို ကျွန်တော် ငေးကြည့်နေမိသည်။

သည်မှာ ကလေးအများစုက လေးငါးခြောက်တန်းအရွယ် ဝန်းကျင်တွေ။ မနက် ၆ နာရီထ၊ ၇ နာရီနဲ့ ၈ နာရီကြားမှာ စာကျက်၊ ၁၀ နာရီ နံနက်စာစား၊ ကျောင်းသွားတက်၊ ညနေ ၆ နာရီ ညစာ၊ ၆ နာရီနဲ့ ၈ နာရီကြား စာကျက်၊ ၉ နာရီအိပ်။ နေ့စဉ် စရိတ်စကကို ကျွန်တော်က ရင်မောနေမိသည်။

"တက္ကသိုလ်တက်နေတာ ၁၂ ယောက်ပေါ့။ အဝေးသင်လည်းပါ၊ စီးပွားရေး တက္ကသိုလ်လည်းပါ၊ အရှေ့ပိုင်းတက္ကသိုလ်လည်းပါ၊ သူတို့ကိုတော့ ဘုန်းကြီးက တစ်နေ့ ၃၀၀၀ ပဲ ပေးနိုင်ပါတယ်"

CFC လူငယ်ကလေးတွေက သည်ကလေးတွေကို စနေ၊ တနင်္ဂနွေမှာ စာသင်ပေးသည်။ ပြီးတော့ လိုရာကို ပံ့ပိုးသည်။ ကဗျာဆရာ ကိုရင်နှောင်းအောင်ဆု၊ ကွယ်လွန်သူ မောင်ရွှေယံ (သရက်) တို့ကလည်း ဝန်းရံလို့။ ကျောင်းဝင်းထဲမှာ အခမဲ့ဆေးခန်းကလေးနဲ့။ မေတ္တာခြံရင် လုံတယ်ဆိုလား။

ကြက်သား၊ ငါး၊ သီးစုံကုလားဟင်း၊ ငါးပိကြော်တွေနဲ့ တည်ခင်းထားတဲ့ ထမင်းဝိုင်းတွေ ဝိုင်းတွေမှာ ကလေးလေးတွေ စနစ်တကျ ထိုင်နေလိုက်ကြတာ။ ခန်းမကြီးထဲကို တန်းစီဝင်လာကြတုန်းက လက်အုပ်ကလေးတွေချီလို့။ ဆံပင်ကလေးတွေ သွေ့သွေ့ခြောက်ခြောက်၊ မျက်နှာကလေးတွေ ညှိုးညှိုးနွမ်းနွမ်း၊ အဝတ်အစားကလေးတွေက တွန့်တွန့်ကြေကြေ။

နံနက်စာ အလှူရှင်တွေနဲ့အတူ ရန်ကုန်မြို့ကနေ သူတို့၏ မေတ္တာ ကရုဏာနှင့် စာနာခြင်းတရားတို့ကို အသင့်ထုပ်ပိုး သယ်ဆောင်လာကြသော အလှူရှင်တွေကလည်း ဆန်အိတ်တွေ၊ စာအုပ်တွေ၊ အဝတ်အစားတွေ၊ ငွေစကြေးစတွေနဲ့အတူ မျက်ရည်တွေဝေ့လို့။ ဆရာလေးကိုတင်၊ ဆရာသင်းမိုး ဆရာမအဖြူရောင် (ရွှေ) ကိုယ်ချင်းစာတရားတွေက မျက်နှာပေါ်မှာ ဖုံးမရ ဖိမရတော့။ ကျွန်တော်ကတော့ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ထား သစ်ပင်စိမ်းစိမ်းတွေကြားက ဝင်းပနေသည့် ရွှေဆံတော်စေတီကို လှမ်းငေးနေ မိလိုက်ပါသည်။ မိုးကြားမှာ ဝေဝေဝါးဝါးနဲ့။

www.burmeseclassic.com

www.burmeseclassic.com



(သုံး)

အခုနောက်ပိုင်း ပရဟိတလုပ်ငန်းတွေ ဖွံ့ဖြိုးလာတာကို ကျွန်တော် အားရမိသည်။ ဟသ်ာတမှာ Noble School တဲ့။ စာလည်းသင် ထမင်းလည်း ကျွေး။ ပျဉ်းမနားလမ်းပိုင်းမှာ၊ ဒဂုံမြို့သစ်မှာ၊ ဖားကန့်မှာ၊ ရွှေပြည်သာမှာ နေရာအနှံ့။ ဆရာတော်ဘုရားတွေ၊ သီလရှင်ဆရာကလေးတွေ၊ လူပုဂ္ဂိုလ်တွေက ရင်ခွင်မဲ့များကို လွင့်စဉ်မသွားရန်အလို့ငှာ ဝိုင်းဝန်းအားထုတ်နေကြပါသည်။ ဒီလူတွေကို ကျွန်တော် ဦးညွှတ်ပါသည်။ အထူးသဖြင့် အစ္စလာမ်ဘာသာဝင်ဖြစ်ပါလျက် ဘုန်းကြီးကျောင်းထဲက ပရဟိတအလုပ်မှာ ဝင်ရောက်လုပ်ကိုင်နေသော တွံတေး CFC က ကိုညီညီတို့လိုလူငယ်တွေကို ကျွန်တော် လေးစားသည်။ လူလူချင်း စာနာမှုတရားမှာ ဘာသာတိုင်းမှ ကာရံ၍ မထားစတမ်း။

ကြည့်စမ်းပါဦး၊ တီရှပ်ကိုယ်စီနဲ့ သူတို့ ကျောဘက်မှာ ရေးထားသည့် စာတန်းက How can we help them? တဲ့။ သူတို့ကို ငါတို့ ဘယ်လို ကူညီမလဲ။ ကမ္ဘာကျော် ကွန်ဖူးစတား (Kung Fu Star) ဂျက်လီကတော့ လူတစ်ယောက် တစ်လကို တစ်ယွမ်ထည့်လျှင် ထောင်ပေါင်းများစွာ ဖြစ်သွားမှာပါတဲ့။ If everyone gives one yuan everymonth, It will add up to billions တဲ့။ လူတစ်ယောက်ချင်းက စာနာစိတ်ကလေး နည်းနည်းထည့်လိုက်ရုံမျှဖြင့် လောကကို ကျွန်တော်တို့ ကယ်တင်၍ ရပါသည်။

ဂုဏ်တံတိုင်း၊ ငွေတံတိုင်းတွေ ကာရံထားသောကြောင့် ချစ်သူရှိရာ သည်ဌာနဆီသို့ ပြန်လာရန် မဝံ့ရဲပါကြောင်း ဖွဲ့ဆိုခဲ့သည့် အဆိုတော်ကြီး တွံတေးသိန်းတန်၏ တွံတေးမြို့ကလေးနှင့်အတူ ဓမ္မာလင်္ကာရ၏ ပရဟိတလိပ်ပြာများ ပြည်ရွာအနှံ့ နိုးထပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

**[7 Day၊ ၂၉–၇–၂၀၁၀]**

## မာသာထရီဆာရဲ့ ကရုဏာလမ်းများပေါ်မှာ

(တစ်)

ခရစ်ယာန်သာသနာ၌ နေရောင်၊ လရောင်၊ ကြယ်ရောင် သိန်းသန်းနှင့် အပြိုင် တောက်ပထွန်းလင်းနေသည့် လူသားမီးရှူးတန်ဆောင်ကြီးတစ်ပွင့် ရှိပါသည်။ ဒါကတော့ ကမ္ဘာသိ မဟာကရုဏာရှင်မကြီး မာသာထရီဆာ (Mother Teresa) ပဲ ဖြစ်ပါသည်။ ကိုယ့်မိ၊ ကိုယ့်ဖ၊ ကိုယ့်ဆွေမျိုးရင်းချာတို့အား ပြုစုစောင့်ရှောက်ရမှုများ၌ပင်လျှင် တစ်ခါတလေ၌ ငြီးငြင်တတ်၊ စိတ်မရှည်ချင်တတ်သော ဤကမ္ဘာမြေပေါ်၌ အကြွင်းမဲ့ကရုဏာနှင့် အကြွင်းမဲ့မေတ္တာတော် အနန္တကို ပေးအပ်ကာ ယုယထွေးပိုက် စောင့်ရှောက်သွားခဲ့သော မာသာထရီဆာ၏ အမှတ်တံဆိပ်က မမေ့တတ်သော လူထု၏ရင်ထဲမှာ ထင်းထင်းကြီး ဖြစ်ပါသည်။

၁၉၁၀ ဩဂုတ် ၂၇ မွေး၊ ၁၉၉၇ စက်တင်ဘာ ၆ ရက် အနိစ္စရောက်သူဖြစ်သဖြင့် ကမ္ဘာပေါ်မှာ ၈၇ နှစ်တိုင်တိုင် ရှင်သန်နေထိုင်သွားခဲ့သော မာသာထရီဆာ။ ယူဂိုဆလပ်နိုင်ငံ စကော့ပ်ယီမြို့သူ အယ်လ်ဘေးနီးယား အမျိုးသမီး မာသာထရီဆာ။ ငယ်နာမည် အဂ္ဂနက် (Agnes)။ မျက်လုံးနက်နက်၊ လူကောင်သေးသေးနှင့် ၁၉၇၉ ၏ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် မာသာထရီဆာ။ လူ့ဘဝလစ်ရေးမရမီ အိန္ဒိယ၏ ကိုးလ်ကတ္တားမြို့မှ အခြေစကာ ကမ္ဘာတစ်ဝန်း၌ ဒုက္ခသည်စခန်း ၅၀၀ ကျော် ဖွင့်ပြီး အနူတွေ၊ အရူးတွေ၊ အငတ်တွေ၊ မိဘမဲ့တွေ၊ မိဘစွန့်ပစ်တွေ၊ အေအိုင်ဒီအက်စ်တွေ၊ အနာတွေ၊ ပြည်တွေ၊ ယင်ကောင်တွေ၊ သွေး

www.burmeseclassic.com



တွေ၊ ညည်းသံတွေ၊ ညှုသံတွေကြားမှာ ဘဝကို ထိုးကျွေးသွားခဲ့သူ မာသာထရီဆာ။ လူဟာ လူလို ဂုဏ်သိက္ခာရှိရှိနဲ့ နေခွင့်၊ သေခွင့်ရှိပါတယ်ဆိုလေသူ မာသာထရီဆာ။

သည်လို အမျိုးသမီးတစ်ယောက်ကို ကမ္ဘာက ရှားတောင့်ရှားပါး ရရှိခဲ့ဖူးလိုက်တာ ကံကြီးလွန်းတယ်လို့ပဲ ကောက်ချက်ချရလေမလား။ ကျွန်တော် မပြောတတ်နိုင်ပါလေတော့။

## (နှစ်)

ကျွန်တော်တို့၏ လူမှုဘဝ ဝန်းကျင်၌ သီလရှင်ဆရာကလေးတွေ ရှိကြပါသည်။ အားမနာစတမ်းပြောရလျှင် ကျွန်တော်တို့က သီလရှင်ဆိုသည်နှင့် ဆွမ်းဆန်စိမ်းလိုက် အလှူခံသည်ထက် ပိုပြီး အနက်အဓိပ္ပာယ်ဖွင့်လေ့ မရှိပါ။

သို့သော် လွန်ခဲ့သော သုံးလေးနှစ်လောက်ကလား မသိ။ ဆရာ မောင်သာနိုး၏ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ပါသည်။ ကလျာမှာလား၊ မဟေသီမှာလား၊ ရုပ်ရှင်တေးကဗျာမှာလား တစ်ခုခုထဲမှာဆိုတာကတော့ သေချာပါသည်။ ဆရာက ပြည်မြို့ရှိ သီလရှင်ကျောင်းကလေးတစ်ကျောင်းသို့ သွားရောက် လှူဒါန်းပုံကို အခြေခံပြီး ထိုကျောင်း၌ လောကုတ္တရာ စာပေများကိုသာမက ခေတ်ပညာတို့ကိုလည်း သင်ကြားပေးနေပုံ၊ ခိုးကိုးရာမဲ့တို့ကို ဆရာလေးတို့က ပျိုးထောင် ပြုစုပေးနေပုံများကို ကြက်သီးမွေးညင်းထချင်စရာ ရေးပြထားခြင်း ဖြစ်ပါသည်။ ဆရာ မောင်သာနိုးက မာသာထရီဆာလို ခရစ်ယာန်သီလရှင်တို့၏ ပရဟိတလိုပ်ပြမှုများ သည့်ထက်သည် ပိုမို၍ ကူးစက်နိုးထလာပါစေကြောင်းလည်း ဆန္ဒပြုထားပါသေးသည်။

နောက်တော့ မြန်မာသီလရှင် ဆရာကလေးတို့၏ ပရဟိတ ကျောင်းကလေးများနှင့် ကျွန်တော် ထိတွေ့ခွင့်ရလာပါသည်။ မနှစ်က ၂၀၀၉ ရွှေရတနာသီလရှင်စာသင်တိုက်။ ပရဟိတ စာရေးဆရာမ မသန်းမြင့်အောင်နှင့်အတူ ရွှေပြည်သာမြို့နယ် အဖွဲ့အဖွဲ့များက ရွှေရတနာ သီလရှင်စာသင်တိုက်ထဲသို့ ကျွန်တော် ရောက်သွားသည်။ မိဘမဲ့နှင့် မရှိဆွမ်းပါးသော မြန်မာအမျိုးသမီးငယ်များကို သီလရှင်အဖြစ် ချီးမြှင့်ကာ လောကုတ္တရာစာပေများသာမက အတန်းပညာပါ သင်ပေးနေသည့် ကျောင်းကလေး။ သည်နေရာမှာ စာရေးဆရာတွေ ဝင်ကြ၊ ထွက်ကြ။ သည်နှစ် ၂၀၁၀ ထဲမှာတော့ မနှစ်က စာသင်တိုက်နှင့် ချောင်းကလေးသာခြားသော 'မြိုင်' ပရဟိတစာသင်တိုက်ထဲသို့ ရောက်သွား



ပြန်ပါသည်။ သည်မှာ ဓမ္မာစရိယ သီလရှင်ဆရာလေး ဒေါ်သုနန္ဒာဦးဆောင်ကာ ပညာသင်ပေးနေသည့် ကလေးပရိသတ်ကိုကြည့်ကာ ကျွန်တော် အံ့သြသွားပါသည်။ ဆရာကြီး ရွှေဥဒေါင်း၏ နာမဝိသေသနကလေးယူပြီး သုံးရလျှင် မယုံကြည်နိုင်လောက်အောင် အံ့သြစရာကောင်းသောဟု ညွှန်းရမည့် စာသင်တိုက်ကလေးပဲ ဖြစ်ပါလေသည်။

## (သုံး)

ထိုနေ့ ၈–၈–၂၀၁၀ က ကိုသန်းဝင်းနှင့် မစောစောမြင့် ဖနီးဆောင်နဲ့ တို့ တည်ခင်းသည့် နံနက်စာ အုန်းနို့ခေါက်ဆွဲကလည်း သားသတ်လွတ်၊ ထမင်းဟင်းကလည်း သားသတ်လွတ် ဖြစ်ပါသည်။ ကြိုက်ရာကို သုံးဆောင်၊ အချို့အဖျော ရရစားစား ရပ်ကွက်ကလေးမို့လားမသိ အားရပါးရ စားနေကြသော ကလေးတွေက နည်းနည်းကလေး ညီညီညစ်ညစ် ရှိပါသည်။ နေရာတိုင်းမှာ 'နေ' နဲ့လိုလို 'ရွှံ့' နဲ့လိုလိုက ကြီးစိုးပါသည်။ ကလေး ၄၅၀ ကျော်တဲ့၊ မနည်းလှသော ပမာဏ။

"အရင်တုန်းကတော့ လေးတန်းအထိပဲပေါ့။ အခု မူလတန်းလွန် ခွင့်ပေးလိုက်ပြီဆိုတော့ ငါးတန်းအထိ လက်ခံသင်ပေးနေပါတယ်"

ဆရာလေး ဒေါ်သုနန္ဒာက ကျွန်တော့်ကို စိတ်အေးလက်အေး ရှင်းပြပါသည်။ ကလေး ၄၅၀ ကျော်က သူငယ်တန်းကနေ ငါးတန်းအထိ အရွယ်စုံ။ အကုန်လုံး ကျောပိုးအိတ် အနက်ရောင်ကလေးတွေ ကိုယ်စီနဲ့။ အိတ်အပေါ်မှာက စာတန်းကလေးနှစ်ခု။ Save the Children တဲ့။ ကျောင်းပြင်ပ ပညာရေး အစီအစဉ်တဲ့။ ကျောင်းအိပ် ကျောင်းစားက အယောက် ၂၀။ သီလရှင်က ၇ ပါး။ ဆရာမကလေး ၁၂ ယောက်ကို လစာကျပ် သုံးသောင်းစီနှင့် ခန့်ထားပေးသည်။ အလှူရှင်တစ်ယောက်က ဆရာမလစာငွေကို တစ်ယောက် နှစ်သောင်းနှုန်းနှင့် လစဉ်ပေးလှူနေလေသတဲ့။

ကျောင်းအိပ် ကျောင်းစားမဟုတ်သည့် ကလေးတွေက ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အိမ် ကိုယ်ပြန်။ ငါးတန်းအောင်ပြီးကြသော်ဟူသည့် အလေးအတွက်မူ လောလောဆယ် အဖြေမရှိသေး။

၂၀၀၉ ဇန်နဝါရီလ စတင်တည်ထောင်ခဲ့သည့် သည်ကျောင်းတိုက်ကလေး၏ အခြေအနေကို မှတ်ပုံမှတ်တမ်းတွေထဲကတစ်ဆင့် ကျွန်တော် မြင်ဖူးပါသည်။ အကုန်လုံး ဝါးကြမ်းခင်း။ သည် ခနော်ခနဲ့ ကြမ်းခင်းကလေးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ စာသင်ခဲ့ကြရခြင်း ဖြစ်ပါသည်။ အခုတော့ ပင်မကျောင်းဆောင်နေရာကို Foundation တော်တော်ကြီးကြီး ချထားပြီးပါပြီ။ ထုနှင့်ထည်နှင့် အုတ်မြစ်ကြီးပေါ်က ကျောင်းဆောင်ကတော့ ယာယီအနေအထား။ နားလို့ခိုလို့ ဖြစ်ရုံ။ နောက်တစ်စတစ်စ ရုပ်လုံးဖော်သွားမည့်အစီအစဉ်။

စာရေးဆရာ လေးကိုတင်က သက်သတ်လွတ် နို့ခေါက်ဆွဲကို အားရပါးရ စားလို့။ ရန့်သစ်မဂ္ဂဇင်း အယ်ဒီတာ ကိုပြည်သွေးနိုင်က ထမင်းဝိုင်းမှာ။ စာရေးဆရာမ အပြုံရောင် (ရွှေ) တို့ မိသားစုက ကလေးတွေကြားထဲ လူးလာတဲ့ခေါက်။ Myanmar Friendship Foundation (MFF) က အင်န်ဂျီအို လူငယ်တစ်ယောက်က ကလေးတွေကို တွေငေးကြည့်နေလျက်။ ဆန်အိတ်တွေ၊ အသပြာငွေကြေးတွေ၊ စာအုပ်စာတမ်းတွေနဲ့ ပေးလှူကြသူတို့ကလည်း ကမ္ဘည်းကျောက်စာ ပြုုတူးပြတဲ ထိုးမထားသောသူတို့၏ အလှူအတွက် ကျေနပ်ပီတိတွေနဲ့။

လယ်တီဆရာတော်ဘုရားကတော့ "ဥတ္တမပုရိသဒီပနီ" ထဲမှာ အကျိုးတစ်ခုခုကို မျှော်ကိုးပြီး လှူပုဂ္ဂိုလ်ကို အယုတ်အလတ်အမြတ်ရွေး၍ ပေးသောအလှူသည် ပါရမီမြောက်သော ဒါနမဟုတ်ဟု ဆိုပါသည်။ အခုကြည့်။ ဘယ်သူ၊ ဘယ်ဝါ၊ ဘာဘာညာညာမရွေး။ အားလုံး အစာအာဟာရမှီဝဲပါလှည့်။ ပညာရင်နို့ သောက်စို့ပါလှည့်။

ဒါကို အခုခေတ် သီလရှင်တွေက ဦးဆောင်လုပ်ကိုင်လာကြပြီ ဖြစ်ပါသည်။

(လေး)

ထိုနေ့က အမရာဇော်က ကလေးတို့ကို တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်း ဟောပါသည်။ ထိုစာရေးဆရာမက ရေဇလုံကြီးတွေ၊ ရေခွက်တွေ၊ ဆပ်ပြာခွက်တွေကအစ စားပွဲပေါ်တင်ထားကာ သရုပ်ပြဟောပြောခြင်း ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့်အလှည့်။

သည့်နောက်တွင်ကား မိုးစိစိ ရွှံ့စပ်စပ် လမ်းကလေးထဲကနေ Save the Children ကျောပိုးအိတ်ကလေးတွေလွယ်ကာ ထွက်ခွာသွားကြသော ကလေးအုပ်ကြီးကို ကျွန်တော် လှမ်းငေးနေမိသည်။ ဆရာကလေးကတော့ ပြုံးလို့။ သူ့ဝန်းကျင်မှာ လောကကို လက်ပိုက်ကြည့်မနေတတ်သူတွေက ဝန်းရံလို့။

သီလရှင်ဆိုတာ ဆွမ်းဆန်စိမ်းလှည့်အလှူခံသူတွေမျှသာ မဟုတ်တော့။ ဘာသာ သာသနာကို တစ်တပ်တစ်အား ပိုင်းဝန်းစောင့်ရှောက်ကာ ပရဟိတ



နယ်ပယ်ထဲမှာ ပေးဆပ်သူတွေ ဖြစ်လာခဲ့ပါပြီ။ ကလေးတွေကို ထမင်းကျွေးဖို့။ ကလေးတွေကို စာသင်ပေးဖို့။ ကလေးတွေကို မေတ္တာနဲ့ မိတ်ဆက်ပေးဖို့။ ကိုးရာမဲ့ ကလေးတွေကို ထွေးပိုက်ဖို့။

ကရုဏာရှင်မကြီး မာသာထရီဆာလောက် စွန့်လွှတ်စွန့်စား ပေးလှူနိုင်သေးသော်ငြား ထိုမာသာထရီဆာ၏ နှလုံးသွေးများဖြင့် စီးဆင်းလည်ပတ်လိုသူတွေ ရှိနေကြပါပြီ။ ကျွန်တော်တို့တစ်တွေက ကိုယ့်ထမင်းကိုယ်စား ကြီးဒေါ်၏နွားကို မကျောင်းနိုင်ဘူးထား။ ထိုကြီးဒေါ်၏နွားကျောင်းသူများကို ဝိုင်းဝန်းကူညီဖို့ မသင့်ဘူးလား။ ကမ္ဘာပေါ်မှာ ဘုမသိ၊ ဘမသိ မျက်ရည်ကျနေသူတွေ အများကြီးတဲ့။ ဒါက မာသာထရီဆာ၏ ရင်ထဲကစကား။ ဘုမသိဘမသိ မျက်ရည်ကျနေသူတွေကို မြန်မာ့သီလရှင်တွေက စတင်သုတ်ပေးနေခဲ့ပြီ မဟုတ်ပါလား။

[7 Day၊ ၁၉-၁-၂၀၁၀]